

# အသက်တာရှင်သန်မှု
# အတွက် သုံးသပ်ချက်



Ruhi Institute





Book 1

# အသက်တာရှင်သန်မှု
# အတွက် သုံးသပ်ချက်

Ruhi Institute

Books in the Series:

Below are the current titles in the series designed by the Ruhi Institute. The books are intended to be used as the main sequence of courses in a systematic effort to enhance the capacity of youth and adults to serve their communities. The Ruhi Institute is also developing a set of courses that branch out from the third book in the series for training Bahá'í children's class teachers, as well as another set from Book 5 for raising up animators of junior youth groups. These, too, are indicated in the list below. It should be noted that the list may undergo change as experience in the field advances, and additional titles will be added as a number of curricular elements under development reach the stage where they can be made widely available.

| | |
|---|---|
| Book 1 | *Reflections on the Life of the Spirit* |
| Book 2 | *Arising to Serve* |
| Book 3 | *Teaching Children's Classes, Grade 1* |
| | *Teaching Children's Classes, Grade 2* (branch course) |
| | *Teaching Children's Classes, Grade 3* (branch course) |
| | *Teaching Children's Classes, Grade 4* (branch course) |
| Book 4 | *The Twin Manifestations* |
| Book 5 | *Releasing the Powers of Junior Youth* |
| | *Initial Impulse: The first branch course of Book 5* |
| | *Widening Circle: The second branch course of Book 5* |
| Book 6 | *Teaching the Cause* |
| Book 7 | *Walking Together on a Path of Service* |
| Book 8 | *The Covenant of Bahá'u'lláh* |
| Book 9 | *Gaining an Historical Perspective* |
| Book 10 | *Building Vibrant Communities* |
| Book 11 | Material Means |
| Book 12 | (forthcoming) |
| Book 13 | *Engaging in Social Action* |
| Book 14 | (forthcoming) |

Copyright © 2009, 2020 by the Ruhi Foundation, Colombia
All rights reserved. Edition 4.1.1.PE published in September 2020

Originally published in Spanish as *Reflexiones sobre la vida del espíritu*
Copyright © 1987, 1995, 2008, 2020 by the Ruhi Foundation, Colombia
ISBN 978-958-59880-3-3

Ruhi Institute
Cali, Colombia
Email: instituto@ruhi.org
Website: www.ruhi.org

## မာတိကာ


၁ ။ နည်းပြအတွက် စဉ်းစားချက် ………………………………………… ၁

(A Few Thoughts for the Tutor)

၂ ။ ဘဟာအီ ကျမ်းဓမ္မခန်များကို နားလည်သဘောပေါက်ရေး …………………….. ၉

(Understanding the Baha'I Writings)

၃ ။ ဆုတောင်းပတ္ထနာ ………………………………………… ၂၇

(Prayer)

၄ ။ အသက်ရှင်ခြင်းနှင့် သေခြင်း ………………………………………… ၄၇

(Life and Death)

# နည်းပြအတွက် စဉ်းစားချက်

ရှုပ်ဟီအင်စတီကျူက ပို့ချသော ပင်မသင်ခန်းစာအစီအစဉ်၏ ပထမဆုံးစာအုပ်ဖြစ်သည့် အသက်တာ ရှင်သန်မှုအတွက်သုံးသပ်ချက် စာအုပ်ကို ကမ္ဘာတစ်လွှား လေ့လာသည့်နေရာများမှာ နှစ်များစွာအတွင်း ပို၍ တိုးလာနေသည်။ ထိုလေ့လာမှုမျိုးစုံတွင် ပုံမှန်တွေ့ဆုံသည့် လေ့လာဝိုင်းဖြင့် လေ့လာ၍ဖြစ်စေ ရက်တိုလေ့လာမှုအတွက် စီစဉ်သည့် စီမံချက်တွင် အတူစု၍ဖြစ်စေ သို့မဟုတ် ကျောင်းပိတ်ရက်များအတွင်း စီမံချက်တွင်စုစည်း၍ဖြစ်စေ လေ့လာကြသူ သူငယ်ချင်းအုပ်စုတစ်ခုက စာအုပ်ကို ဖတ်၍ ဆွေးနွေးကြသည်။ မည်သည့် လေ့လာမှုမျိုးဖြစ်စေ ထိုအဖွဲ့တွင် တစ်ယောက်က နည်းပြအဖြစ် ဆောင်ရွက်သည်။ နည်းပြနှင့် အခြားလေ့လာသူများအကြားရှိ ဆက်ဆံရေးမှာ ဆရာ–တပည့် ဆက်ဆံရေးမျိုး မဟုတ်ပါ။ အားလုံးက သင်ယူရန် ကြိုးပမ်းနေသည့် လုပ်ငန်းစဉ်ထဲတွင် အသိပါပါ (consciously)ဖြင့် ဆောင်ရွက်ကြသည်။ သို့သော် နည်းပြသည် ဆွေးနွေးမှုမှ လုံးလုံး လွတ်ကင်း၍ ငြိမ်နေပြီး ကူညီပေးသူ မဟုတ်ပေ။ သင်ခန်းစာအစီအစဉ်တွင် လုံလောက်သည့် သင်ခန်းစာအချို့ကို ပြီးထား၍ ၎င်းတို့က အားပေးထားသည့် အမှုထမ်းအလုပ်များကို လုပ်ထားသဖြင့် သူ သို့မဟုတ် သူ(မ)သည် အဖွဲ့ဝင်တိုင်းအား လေ့လာနေသည့်စာအုပ်၏ ရည်ရွယ်ချက်ကို ပေါက်ရောက် အောင်မြင်အောင် ကူညီပေးနိုင်သည်။ စာအုပ် ၁ ၏ နည်းပြအဖြစ် ဆောင်ရွက်သူတို့သည် ဤမိတ်ဆက်တွင် ဖော်ပြထားသည့် အယူအဆများကို မကြာခဏ ပြန်၍နွေးခြင်းဖြင့် အကျိုးရှိသည်ကို တွေ့ရလိမ့်မည်။

အင်စတီကျူ၏ ဤပထမစာအုပ်ကို ကမ္ဘာတစ်လွှားတွင် လေ့လာကြသူတို့သည် ဘက်ဂရောင်းပေါင်းစုံမှ လာကြသည်။ အချို့သူများမှာ ဘဟာအီသာသနာဝင်များဖြစ်ကြ၍ သူတို့ယုံကြည်ထားသည့် အကြောင်းရင်းတော်ကို အမှုထမ်းရွက်ရန် မိမိတို့၏စွမ်းရည်ကို မြှင့်တင်ဖို့ မျှော်မှန်းထားကြသည်။ အခြားသူများမှာ ဘဟာအီသာသနာတော်ကို ဘာသာတရားတစ်ခုအနေဖြင့် သူတို့၏ စူးစမ်းလေ့လာမှု အစအဖြစ် သင်ခန်းစာကို ရှုမြင်ကြသည်။ နောက်ထပ် အခြားသူများမှာ ဘဟာအီ အယူအဆများဖြင့် ဆွဲဆောင်မှုဖြစ်၍ သာသနာဝင်ထု၏ ရည်ရွယ်ချက်များ၊ ကြိုးပမ်းမှုများနှင့် အကျွမ်းတဝင် ဖြစ်ချင်ကြသည်။ အထူးသဖြင့် လူငယ်ဦးရေမှာ ပို၍ များပြားလာရာ သူတို့က လူမှုအဖွဲ့အစည်းကို အမှုထမ်းရန် သူတို့၏ စွမ်းရည်ကို မြှင့်တင်ချင်ကြ၍ မကြာခဏပင် ဘဟာအီသာသနာဝင်ထုက တိုးမြှင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ခုမဟုတ် နောက်တစ်ခုဖြင့် ကနဦးအဆင့်အနေနှင့် သင်ခန်းစာကို လေ့လာကြသည်။

ရှုပ်ဟီအင်စတီကျူ၏ သင်ခန်းစာများသည် လူ့လောကအတွက် အမှုထမ်းရွက်မည့် လမ်းကြောင်းကို ရေးဆွဲထားရာ ၎င်းအပေါ်တွင် မိမိတို့ အသီးသီးက ကိုယ်ပိုင်နှုန်းဖြင့် လျှောက်လှမ်းကြ၍ အခြားသူများကို ကူညီပေးနေပြီး (မိမိတို့ကို) အခြားသူများက ကူညီပေးကြသည်ကို အစကနဦးကတည်းက လေ့လာသူတိုင်းအတွက် ရှင်းရှင်းလင်းလင်း ဖြစ်ရမည်။ ဤလမ်းကြောင်းအပေါ် လျှောက်လှမ်းသည်ဆိုသည်မှာ စာရိတ္တဆိုင်ရာ ရည်ရွယ်ချက်နှစ်မျိုးဖြစ်သည့် မိမိကိုယ်တိုင်၏ ဝိညာဏဆိုင်ရာနှင့် အသိဉာဏ်(intellectual)ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းရန်နှင့်

လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲရေးကို ဆောင်ရွက်ရန်အတွက် လုပ်ဆောင်သည်ဟု သက်ရောက်သည်။ ဤလမ်းကြောင်းပေါ် တိုးတက်သည်ဆိုသည်မှာ စွမ်းဆောင်နိုင်ရည် (capabiliti –es)များစွာ ဖွံ့ဖြိုးသည်ဟု သက်ရောက်၍ ၎င်းအတွက် စွမ်းဆောင်ရည်များ(abilities)နှင့် ကျွမ်းကျင်မှုများသာမက သိနားလည်မှုနှင့် အသိပညာ၊ ဝိညာဏအရည်အသွေးများနှင့် ချီးကျူးထိုက်သည့် စိတ်နေစိတ်ထားများ (ဖွံ့ဖြိုးရန်) လိုအပ်သည်။ အင်စတီကျူစာအုပ်များက အသုံးပြုထားသည့် အသိပညာအရင်းခံ(နေရာ)များ(sources)မှာ တစ်ဘက်တွင် ဘဟာအီသာသနာ၏ တရားဒေသနာများဖြစ်၍ အခြားတစ်ဘက်တွင် ရုပ်ပိုင်းနှင့် ဝိညာဏပိုင်း ယဉ်ကျေးမှု တိုးတက်ရေးကို မြှင့်တင်ရာမှ ရရှိသည့် ကမ္ဘာ့ဘဟာအီသာသနာဝင်ထု၏ စုပေါင်းအတွေ့အကြုံဖြစ်သည်။ ၎င်းမှာ အင်စတီကျူကို စေ့ဆော်ပေးထားသော မိမိတို့ဖြစ်လာနိုင်သည့် တစ်ဦးချင်းအတွက် ဘဟာအွလ္လာဘုရားရှင်၏ မျှော်မှန်းချက်နှင့် မိမိတို့ တည်ဆောက်နိုင်သည့် ယဉ်ကျေးမှုအတွက် အရှင်၏ မျှော်မှန်းချက်ပင် ဖြစ်သည်။ ထို့ကြောင့် ပါဝင်သူများသည် နောက်ခံဘက်ဂရောင်းနှင့်မဆိုင်ဘဲ စာအုပ်တိုင်း၏ (ယူနစ်)အပိုင်းတိုင်းတွင် ရှင်းရှင်းလင်းလင်းရှိသော ဤမျှော်မှန်းချက်ကို လက်ဆုပ်လက်ကိုင်ရရှိရန် ဖွင့်ပေးထားသည်။

ဘာသာနှင့် အယူဝါဒများက နောက်လိုက်များများ ရရှိအောင် နည်းလမ်းမှန်သမျှကို အသုံးပြုချင်ကြသည့်ကမ္ဘာတွင် သာသနာတော်နှင့် မရင်းနှီးသူ တစ်ယောက်ယောက်က ရှုပ်ပြီး အင်စတီကျူ၏ ရည်ရွယ်ချက်များအပေါ် "ကျွန်တော့်ကို ဘာသာပြောင်းခိုင်းတာလား" သို့မဟုတ် "ကျွန်တော့်ကို ဘာသာဝင်ဖြစ်ဖို့ တောင်းဆိုတာလား"စသည့် တကယ့်မေးခွန်းများကို ရှိကောင်းရှိမည်။ ထိုမေးခွန်းများကြောင့် နည်းပြအတွက် အထက်တွင် ဖော်ပြခဲ့သော သင်ခန်းစာအစီအစဉ်၏ ရည်ရွယ်ချက်ကို ရှင်းပြခွင့် ရရှိသည်။ ဘဟာအီများအတွက် သူတို့၏ သူငယ်ချင်း(မိတ်ဆွေ)များက သာသနာဝင် ဖြစ်လာသည်ကို မြင်တွေ့ရန် စိတ်အားသန်မှုက သဘာဝကျသော်လည်း သူတို့ ယုံကြည်သည့် တရားဒေသနာတော်များက ဘာသာဝင်အဖြစ် သိမ်းသွင်းခြင်းကို ရှောင်ရှားရန် သူတို့အား တားမြစ်ထားပုံကို နည်းပြက ထပ်၍ ပြောပြနိုင်သည်။ အင်စတီကျူ သင်ခန်းစာများက ဖွင့်ပေးထားသည့် အမှုထမ်းလမ်းကိုလျှောက်ခြင်းမှာ ဘဟာအွလ္လာဘုရားရှင်၏ တရားဒေသနာတော်များအပေါ် အမြဲနက်ရှိုင်းသည့် နားလည်မှုကို တောင်းဆိုထားသည်။ သင်ခန်းစာ စာအုပ်များကလည်း ၎င်းအတွက် တိတိပပ ချပြထားသည်။ (သာသနာကို)လက်ခံခြင်းနှင့် ယုံကြည်မှုတို့မှာ လူတစ်ဦးစီက လွတ်လွတ်လပ်လပ်နှင့် ဖိအားမပါဘဲ စဉ်းစားကြရမည့် ကိစ္စရပ်များသာ ဖြစ်သည်။

ထို့နောက် သင်ခန်းစာအစီအစဉ်ရှိ စာအုပ်အားလုံးတွင် အလွန်အဓိကကျသော နားလည်မှု ဆိုသည့် မေးခွန်းမှာ အံ့သြစရာမလိုဘဲ ဤပထမတစ်ခုနှင့် စတင်သည်။ မြင့်မြတ်သော ကျမ်းဓမ္မခန်းများထဲမှ ဖတ်ရှုခြင်းသည် ဘဝတစ်လျှောက်လုံးတွင် တွေ့ရသည့် စာမျက်နှာပေါင်းများစွာကို ဖတ်ရှုခြင်းနှင့်မတူဘဲ "ဘဟာအီကျမ်းဓမ္မခန်းများကို နားလည်သဘောက်ပေါက်ရေး" အပိုင်းသည် ထွတ်မြတ်သော ဒေသနာတော်မှ စာပိုဒ်များကို နေ့စဉ်နေ့တိုင်း ဖတ်ရှုသည့် အလေ့အကျင့်ကို ပျိုးထောင်ပေးရန် ကြိုးပမ်းထားသည်။ ထိုအလေ့အကျင့်က လေ့လာသူများအား အမှုထမ်းလမ်းကြောင်းအပေါ် သူတို့ စတင်လျှောက်လှမ်းသည့်အခါ များစွာကူညီပေးလိမ့်မည်။ ၎င်းကို လေ့လာရာတွင် သူတို့အား လမ်းပြပေးရန် နည်းပြသည် နားလည်မှုဆိုသည့် အကြောင်းအရာကို များစွာ စဉ်းစားတွေးခေါ်ထားရမည်။

ဘဟာအီတရားဒေသနာတော်များသည် နက်နဲသော ဝိညာဏအမှန်တရားများ ပါရှိပြီး ၎င်းတို့၏ အဆုံးမရှိသည့် အဓိပ္ပါယ်အပေါ် မိမိတို့၏ နားလည်မှုကို မြင့်မားဖို့ ကြိုးပမ်းရာ၌ပင် တိကျသည့် အဆုံးသတ်အထိ ဘယ်အခါမှ မရောက်နိုင်သည်ကို သိထားကြသည်။ ပထမဆုံးအကြိမ် ဖတ်သည့်အခါ စာတစ်ပိုဒ်၏ အနီးစပ်ဆုံး အဓိပ္ပါယ်နှင့်ဆိုင်သည့် အခြေခံသဘောပေါက်မှုကို ယေဘုယျအားဖြင့် ရရှိ၍ ထို(ယူနစ်)အပိုင်း၏ အခန်း ၁ က ဤသည်ကို အစအမှတ်အနေဖြင့် လုပ်ပေးထားသည်။ ထို့ကြောင့် "ဖြူစင်၍ကောင်းမြတ်သော လုပ်ရပ်များနှင့် ချီးမွမ်းဖွယ်ကောင်းပြီး မြင့်မြတ်သည့် လုပ်ရပ်များဖြင့်သာ ပိုမို တိုးတက်ကောင်းမွန်သောကမ္ဘာကို တည်ဆောက်နိုင်သည်" ဆိုသည့် ကောက်နုတ်ချက်ကို ဖတ်ပြီးနောက် လေ့လာသူများအား "ပိုမိုတိုးတက်ကောင်းမွန်သည့် ကမ္ဘာကို မည်သို့ တည်ဆောက်နိုင်ပါသနည်း"ဟု ရိုးရိုး မေးထားသည်။ ရုတ်တရက်ကြည့်လျှင် ထိုသို့သော မေးခွန်းများနှင့် လေ့ကျင့်ခန်းအများစုမှာ လွန်စွာ ရိုးရှင်းပုံပေါ်သည်။ သို့သော် နှစ်များစွာ အတွေ့အကြုံအရ ဤနည်းဖြင့် အစပြုရန် အင်စတီကျူ၏ ဆုံးဖြတ်ချက်ကို လိုက်ဖက်ညီအောင် ပြုပြင်စေသည်။ စာတစ်ပိုဒ်တွင်ပါသည့် အမှန်တရားအလွှာများကို အလျင်အမြန် ရှာတွေ့ဖို့ဆိုရာတွင် စိတ်က ၎င်း၏ မြင်သာသည့် အဓိပ္ပါယ်ကို လျစ်လျူမရှုမိစေရန် ကျွန်ုပ်တို့အားလုံး သတိထားဖို့ လိုအပ်သည်။ သဘောပေါက်နားလည်မှုနှင့်ဆိုင်သည့် ဤပထမဆုံးအဆင့်ကို အာရုံစိုက်ပေးခြင်းက အုပ်စုလိုက် တိုင်ပင်ဆွေးနွေးမှုအတွက် အရေးပါသည်ကို သက်သေပြသည်။ ၎င်းက အတွေးအခေါ် ညီညွတ်မှုကို အားကောင်းစေ၍ တစ်ကိုယ်ရေ အယူအဆများကို ဘုရားရှင်နှင့်ဆိုင်ရာ ဉာဏ်အမြော်အမြင်ဖြင့် ထွန်းလင်းခွင့် ပေးလိုက်သည့်အခါ (အတွေးအခေါ် စည်းလုံးမှုဆီ) အခန့်သင့် ရောက်ရှိသွားသည်။

စာပိုဒ်အများစု၏ အနီးစပ်ဆုံး အဓိပ္ပါယ်ကို နားလည်ရေးမှာ အကြောင်းအရာ အပြင်ဘက် ရောက်၍ စကားတစ်လုံးစီကို ရှည်ကြာစွာ ဆွေးနွေးမှုမှနေ၍ အကျိုးမဖြစ်သည်ကို ဤနေရာ၌ မှတ်ထားရန် အရေးကြီးသည်။ လိုအပ်ကောင်း လိုအပ်နိုင်သော်လည်း အဖွဲ့က စကားလုံးတစ်လုံးကို အဘိဓာန်ထဲ ကြည့်သည့်အခါတွင် (ထိုသို့) ဖြစ်နိုင်သည်ဟု ပြောထားသည်။ သို့သော် ပါဝင်သူများ အတွက် ပိုပြီးအကျိုးရှိသည်မှာ စာကြောင်း အပြည့်အစုံနှင့် စာပိုဒ်များမှနေ၍ စကားလုံးများ၏ အဓိပ္ပါယ်ကို မည်သို့ ယူရမည်ကို သင်ယူရန် ဖြစ်သည်။

အနီးစပ်ဆုံး အဓိပ္ပါယ် နယ်ပယ်ထက်ကျော်၍ နားလည်မှုကို တိုးချဲ့ရန်အတွက် အယူအဆ များကို ခိုင်မာသည့်ရှင်းလင်းချက်အဖြစ် တွေ့ရသည့် ဥပမာများက အထောက်အကူဖြစ်နိုင်သည်။ ဤအတွက် တောင်းဆိုထားသမျှ အားလုံးမှာ ရိုးရှင်းသည့် လေ့ကျင့်ခန်းများကို လုပ်ရန်ဖြစ်သည်။ ဥပမာ အခန်း ၂ တွင် သူတို့ဖတ်ခဲ့သည့် စာပိုဒ်အရ အချို့သော လက္ခဏာများမှာ ချီးကျူး ထိုက်သလား ဆိုသည်ကို ဆုံးဖြတ်ရန် တောင်းဆိုထားသည်။ အခန်း ၄ ရှိ အလားတူ လေ့ကျင့်ခန်း တစ်ခုတွင် ကိုယ်ကျင့်တရား ငါးခုကို ဖော်ပြရန် တိုက်တွန်းထားပြီး "လူ့ကိုယ်ကျင့်တရား အားလုံး တို့၏ အခြေခံအုတ်မြစ်"အဖြစ် ကျမ်းဓမ္မခန်းများတွင် ဖော်ပြထားသည့် အမှန်ပြောဆိုခြင်း မရှိပါလျှင် ၎င်းတို့အထဲမှ တစ်ခုခုကို ရရှိရန် ဖြစ်နိုင်သလားဆိုသည်ကို ဆုံးဖြတ်ခိုင်းထားသည်။

ယင်း၏ ရည်ရွယ်ချက်ကို အောင်မြင်စေရန် ဤအပိုင်းက ပေးထားသည့် စာပိုဒ်များ၏ ဆက်စပ်အကျုံးဝင်မှုအချို့ကို စဉ်းစားစေသည့် စိန်ခေါ်မှုဖြင့် နားလည်မှုကို ထပ်ဆင့်မြှင့်ပေးရန် တောင်းဆိုထားသည်။ အခန်း ၂ တွင် "ကမ္ဘာပေါ်တွင် လူကောင်းအနည်းငယ်သာရှိပြီး ၎င်းတို့၏ ဆောင်ရွက်ချက်သည် မည်သည့် အကျိုးသက်ရောက်မှုမျှ မရှိ"ဆိုသည့် ဖော်ပြချက်အပေါ် မှန်သလား

ဆိုသည်ကို ဆုံးဖြတ်ဖို့ လိုအပ်သည်။ ဤနေရာတွင် ရည်ရွယ်ထားသည်မှာ အယူအဆကိုသာ ဖော်ထုတ်ရန် မဟုတ်ပေ။ နည်းပြသည် ခေတ္တရပ်၍ လေ့လာသူများ၏ အဖြေများအတွက် အကြောင်းရင်းကို စီစစ်ရှာဖွေရမည်။ ဤဖော်ပြချက်မှာ ယခင် အခန်းရှိ ပထမကောက်နုတ်ချက်နှင့် ဆန့်ကျင်နေသဖြင့် သေချာပေါက် မှားရမည်ဆိုသည်ကို အဖွဲ့ကရောက်ရှိရမည့် ကောက်ချက် ဖြစ်သည်။ ဘဟာအီများသည် သူတို့၏ အမှားများကို အခြားသူများထံတွင် အပြစ်ဖြေနိုင်ပါသလား ဆိုသည့် မေးခွန်းသည် ဤလေ့ကျင့်ခန်းမျိုးအတွက် နမူနာဖြစ်သည်။ လေ့လာခဲ့သည့် မည်သည့် စာပိုဒ်ထဲတွင်မှ အတိအကျ ဖော်ပြမထားဘဲ အပြစ်ကို ဖြေပေးသည့် နည်းလမ်းအဖြစ် အပြစ်ဖြေခြင်း (confession)ကို တရားဒေသနာများထဲတွင် တားမြစ်ထားသည်ကို ရည်ညွှန်းထားရာ ၎င်းကို “အသင့်အား ငါအရှင် စစ်ဆေးခြင်းပြုရန် မဆင့်ခေါ်မီ အသင့်ကိုယ်ကို နေ့စဉ်နေ့တိုင်း စစ်ဆေးခြင်း ပြုလော့”ဆိုသည့် စာပိုဒ်၏ အဓိပ္ပါယ်ကို ဆန်းစစ်ခြင်းဖြင့် ချပြနိုင်သည်။

ဤအပိုင်းရှိ လေ့ကျင့်ခန်းများသည် စဉ်းစားနေသည့်စာပိုဒ်ထဲတွင် နစ်မြုပ်နေသည့် အဓိပ္ပါယ်နယ်ပယ်ကို ကျော်လွန်စေရန် လုံးဝ ကြိုးပမ်းမထားပေ။ နည်းပြတိုင်းက သက်ဆိုင်ရာ လေ့ကျင့်ခန်းအတွက် မည်မျှဆွေးနွေးသင့်သည် ဆိုသည့် မေးခွန်းကို စဉ်းစားရမည်။ ဆက်စပ် သော်လည်း အဓိကမကျသည့် အနှစ်သာရများစွာကို မိတ်ဆက်ပေးခြင်းဖြင့် ရှည်ကြာစွာ ပြောဆို ဆွေးနွေးမှုများက သင်ခန်းစာ၏ ထိရောက်မှုအပေါ် မှေးမှိန်စေသည်ကို ဤနေရာတွင် စိတ်ထဲထည့် ထားရန် အရေးကြီးသည်။ အဖွဲ့တိုင်းက သင့်လျော်သည့် တိုးတက်မှု (ရစ်သမ်)စည်းချက်ကို ချထားရန် လိုအပ်သည်။ ပါဝင်သူများသည် သူတို့၏ ကိုယ်ပိုင် ဖြစ်နိုင်ချေများနှင့်အညီ တဖြည်းဖြည်း တိုးတက်နေသည်ဆိုသည့် ထူးခြားသည့် ခံစားစိတ်ကို ရရှိသင့်သည်။ သို့သော် လေ့ကျင့်ခန်းများကို တွေးတွေးဆဆဖြင့် ခွဲခြမ်းစိတ်ဖြာမှုမရှိဘဲ အခန်းများကို မြန်မြန်နှင့် အပေါ်ယံဖြင့် ပြီးမသွားစေရန် နည်းပြက အာရုံဆက်၍ ထားရမည်။ ဤနည်းအတိုင်း အဖြေများကို ဖြည့်စွက်ရုံဖြင့် ရှေ့ဆက်သည့် အဖွဲ့များသည် ဘယ်အခါမှ ကြာရှည်ခံသည့် ရလဒ်ကို မရရှိကြပေ။

နောက်ဆုံးတစ်ချက်ကိုလည်း ဖော်ပြထိုက်သည်– ၎င်းမှာ အဖွဲ့ဝင်တိုင်း အနေဖြင့် သင်ခန်းစာက ပျိုးထောင်ပေးသော သင်ယူသည့် လုပ်ငန်းစဉ်ထဲတွင် ဆက်လက် ဆောင်ရွက်ရေးကို သေချာစေရမည့်တာဝန်မှာ နည်းပြအပေါ်တွင်ရှိသည်။ မည်သူ့ကိုမဆို ဖိအားမပေးဘဲ စကားပြော လာစေသည့် ပါဝင်မှုကို ရရှိရန်မှာ မကြာမကြာ စိန်ခေါ်ချက်ဖြစ်သည်။ ဤစိန်ခေါ်မှုအတွက် “ဒါက ခင်ဗျားအတွက် ဘာကို ဆိုလိုသလဲ” ဆိုသည့် မေးခွန်းမျိုး မေးခြင်းဖြင့် ပြေလည်သွားဖို့ ခဲယဉ်းသည်ကို အစကတည်းက သဘောပေါက်ထားသင့်သည်။ ဤမေးခွန်းမျိုးသည် အယူအဆ အဆင့်တွင် အသိပညာနှင့် အမှန်တရားကို လျော့ကျသွားတတ်သည်။ ထို့ပြင် အဖွဲ့ဝင်များအကြား ပိုတိုးလာသည့် နားလည်မှုကို တကယ်ပေါ်ပေါက်စေသော တိုင်ပင်ဆွေးနွေးသည့် ဝန်းကျင်ကို ပုံဖော်ရန် ခက်ခဲသည်။

ပထမပိုင်းကဲ့သို့ပင် ဝိညာဏအသက်တာနှင့်ဆိုင်သော မရှိမဖြစ်အရေးကြီးသည့် အလေ့အကျင့် နှင့်သက်ဆိုင်သည် – ၎င်းမှာ ပုံမှန် ဆုတောင်းပတ္ထနာပြုခြင်း ဖြစ်သည်။ အဖွင့်အခန်းတွင် “အမှုထမ်း လမ်းကြောင်း”ဆိုသည့် အနှစ်သာရကို ရှင်းလင်းအောင် လုပ်ပေးထားရာ ဤလမ်းကြောင်းကို လျှောက်လှမ်းရန်မှာ ရည်ရွယ်ချက်နှစ်မျိုးဖြင့် သွတ်သွင်းထားရမည်ဟု အကြံပြုထားသည်။ လေ့လာသူများအနေဖြင့် ဤရည်ရွယ်ချက်၏ သဘောသဘာဝထဲတွင် ထိုးထွင်းအမြင် ပေးထားသည့်

ကနဦး ကောက်နုတ်ချက်အစုကို လေ့လာဆန်းစစ်ကြသည်။ ထိုအကြောင်းအရာကို အနာဂတ် သင်ခန်းစာများတွင် အကျယ်တဝင့် ဆွေးနွေးလိမ့်မည်။

ဤအကြောင်းအရာအတွက် နောက်ခံအနေဖြင့် ဤ(ယူနစ်)အပိုင်းက ဆုတောင်းပတ္ထနာပြုခြင်း၏ ထူးခြားပုံကို လေ့လာဆန်းစစ်ပြထားသည်။ ယခင် ရှေ့ဘက်စာပိုဒ်များတွင် ဖော်ပြပုံနှင့် တူသည့် ချဉ်းကပ်မှုကို လုပ်ထားသည်။ လေ့လာနေသည့် ကျမ်းခေါင်းနှင့်များထဲမှ စာပိုဒ်များ၏ အဓိပ္ပါယ်အပေါ် နားလည်မှု တိုးတက်မြင့်မားစေရန် မေးခွန်းများနှင့် လေ့ကျင့်ခန်းများကို ပုံဖော်ထားသည်။ အဖွဲ့က တစ်ပိုင်းလုံးကို တိုးတက်သွားသည့်အခါ နည်းပြသည် အတိတ်က အဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့် အလေ့အကျင့်များထဲတွင် အခြေအမြစ်တွယ်ခဲ့သည့် အယူအဆများကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် သံသယများကို ပယ်ဖျောက်ပေးရန် လိုအပ်သည်။ အချို့သော အစဉ်အလာများတွင် ဓလေ့ထုံးစံနှင့် ပုံသဏ္ဍာန်တို့က အတွင်းပိုင်းအခြေအနေ၏ အရေးပါမှုအပေါ် တဖြည်းဖြည်း ဖုံးအုပ်သွားပြီး လူများစွာတို့က ဆုတောင်းပတ္ထနာပြုခြင်း၏ လိုအပ်ပုံကို လျစ်လျူရှုကြသည်။ ဆုတောင်းပတ္ထနာပြုခြင်းမှာ ခန္ဓာကိုယ်အတွက် အာဟာရဖြည့်တင်းပေးသည့် အစားအစာထက် လူ့ဝိညာဉ်အတွက် အရေးပါမှုမှာ မလျော့နည်းပေ။

ထို့နောက် ခြုံ၍ဆိုလျှင် ဤအပိုင်းက လေ့လာသူများတွင် “ဘုရားသခင်နှင့် စကားနီးနှောပြော”ချင်စိတ်ကို နိုးကြားစေရန်နှင့် အရှင့်ထံပါးသို့ နီးကပ်ချင်သည့် ဆန္ဒကို နိုးကြားစေရန် ဖြစ်သည်။ ချပြထားသည့် အယူအဆများထဲတွင် ဆုတောင်းပတ္ထနာပြုသည့် အဆင့်အခြေထဲဝင်ရောက်သည်ဆိုသည့် အဓိပ္ပါယ်၊ ထိုသို့လုပ်သည့်အခါ ကျွန်ုပ်တို့ နှလုံးသားများနှင့် စိတ်များ၏ အနေအထား၊ တစ်ဦးတည်းဖြစ်စေ စုစည်းပွဲတွင်ဖြစ်စေ ကျွန်ုပ်တို့ ဝန်းကျင်များတွင် ဖန်တီးသင့်သည့် အခြေအနေများ ပါရှိသည်။ အမှန်တကယ်တွင် အများစုပေါင်း ဘုရားရှိခိုးခြင်းဖြင့် ပေါ်ထွက်လာသော အင်အားရပ်များအပေါ် စဉ်းစားတွေးကြည့်ပြီးနောက် ဆုတောင်းပတ္ထနာနှင့် ဘုရားရှိခိုးမှုများအတွက် စုစည်းပွဲတစ်ခုကို ဆောင်ရွက်ဖို့ စဉ်းစားကြရန် တောင်းဆိုထားသည်။

စာအုပ်၏ တတိယပိုင်းဖြစ်သော “အသက်ရှင်ခြင်းနှင့် သေခြင်း”ကို လေ့လာခြင်းဖြင့် မျှော်လင့်ထားသည်မှာ အမှုထမ်းလမ်းကြောင်းကို လျှောက်လှမ်းမည့် နှစ်မြုပ်မှုကို အားကောင်းစေ၍ ၎င်းကို ပို၍နက်နဲသည့် အဓိပ္ပါယ်နှင့် ချပေးရန် ဖြစ်သည်။ ဤကမ္ဘာတွင် အမှုထမ်းရွက်မှုကို အသက်ရှင်သန်မှုဆိုသည့် အပြည့်အဝဆုံး အကြောင်းအရာဖြင့် အကောင်းဆုံး နားလည်ရသည်။ ၎င်းမှာ ကျွန်ုပ်တို့၏ ကမ္ဘာမြေဆိုင်ရာ တည်ရှိမှုထက် ကျော်လွန်ပြီး မိမိတို့၏ ဝိညာဉ်များက ဘုရားသခင်၏ ကမ္ဘာများတစ်လျောက် တိုးတက်သည့်အတိုင်း အမြဲအစဉ် ဆက်လက် တည်ရှိသည်။ ပညာရေးလုပ်ငန်းစဉ်ထဲတွင် နည်းပညာဆိုင်ရာ သင်တန်းပေးမှုမျိုးနှင့်မတူဘဲ ပါဝင်သူများသည် သူတို့ လုပ်နေသမျှ၏ အဓိပ္ပါယ်နှင့် ထူးခြားပုံကို ပိုတိုး၍ သတိထားမိလာသင့်သည်။ အတွေ့အကြုံက ညွှန်ပြသည်မှာ ထိုကဲ့သို့ သတိထားမိမှုက ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် သူတို့ကိုယ်တိုင်၏ သင်ယူရရှိမှုအတွက် တက်ကြွသော၊ တာဝန်ရှိသော “ပိုင်ရှင်များ”အဖြစ် သူတို့ကိုယ်ကို မြင်လာကြလိမ့်မည်။

ထိုအပိုင်း၏ တစ်ခန်းစီက ဘဟာအီကျမ်းခေါင်းနှင့်များထဲမှ ကောက်နုတ်ချက်တစ်ခုမှ သုံးခုဖြင့် ဖွင့်ထား၍ နောက်တွင် လေ့ကျင့်ခန်းအနည်းငယ် တွဲပါလာသည်။ ဤအပိုင်းတွင် ကောက်နုတ်ထားသော စာပိုဒ်များတွင်ပါသည့် အသုံးအနှုန်းသည် ပြီးခဲ့သည့် အပိုင်းနှစ်ပိုင်းထက် ပိုပြီး တောင်းဆိုနေသည်။ အဖွဲ့အနေဖြင့် ခက်ခဲသည့် စကားလုံးများအပေါ်တွင် သောင်တင်နေရန် တကယ်

မလိုအပ်ပေ။ နည်းပြသည် တစ်ခန်းစီတွင် ပေးထားသော အဓိကအယူအဆ(central idea)ကို နားလည်သဘောပေါက်ရန် သေချာစေရမည်။ ထိုအဓိကအယူအဆကို လေ့ကျင့်ခန်းများက တိတိပပ မြင်သာစေရန် ကြိုးပမ်းထားသည်။

အကြောင်းအရာ၏ သဘောသဘာဝကြောင့် မြင်သာသော နမူနာများပါသည့် လေ့ကျင့်ခန်းများမှာ အနည်းအကျဉ်းသာ ပါရှိသည်။ အများစုမှာ အတွေးအခေါ်အဆင့်တွင် ဆောင်ရွက်ရလေ့ရှိသည်။ လေ့ကျင့်ခန်းများက မေးထားသောမေးခွန်းအချို့ကို အမြန် သို့မဟုတ် ရှင်းရှင်းလင်းလင်းဖြင့် ဖြေဆို၍ မရနိုင်သည်ကို မှတ်ထားသင့်သည်။ ၎င်းတို့က အကြောင်းအရာအပေါ် သတိထားမိမှုကို မြှင့်ပေးရန်အတွက် ထည့်ထားသည်။ ပါဝင်သူများက ထိုမေးခွန်းများကို တကယ် စဉ်းစားပါလျှင် သင်ယူခြင်း၏ ရည်ရွယ်ချက်မှာ ပြည့်မြောက်လိမ့်မည်။

ကနဦးအခန်းများစွာက ဤဖြစ်တည်ရသည့် လောကတွင် လူအဖြစ် အတူဖွဲ့စည်းထားသည့် ဝိညာဉ်နှင့် ခန္ဓာကိုယ်အကြား ဆက်နွယ်မှုအပေါ် အလေးပေးထားသည်။ ဤအခန်းများတွင် ချပြထားသည့် အဓိကအယူအဆမှာ ဝိညာဉ်သည် ရုပ်ပစ္စည်းတစ်ခု မဟုတ်ဆိုသည်ပင်။ ခန္ဓာကိုယ်နှင့် ၎င်း၏ ဆက်နွယ်ပုံမှာ မှန်ကြေးမုံထဲတွင် ပေါ်သည့် အလင်းရောင်နှင့်တူသည်။ ၎င်း၏ မျက်နှာပြင်ကို ဖုံးအုပ်နေသည့် ဖုံမှုန့် သို့မဟုတ် အဆုံးတွင် ထိုမှန် ပျက်စီးသွားခြင်းက အလင်းရောင်ကိုယ်တိုင်၏ ထည်ဝါမှုကို မသက်ရောက်နိုင်ပေ။ ခန္ဓာကိုယ်နှင့် ဝိညာဉ်အကြားရှိ ဆက်နွယ်မှုမှာ ပျက်စီးသွားသည့်အခါ သေခြင်းသည် အခြေအနေ ပြောင်းလဲခြင်းမျှသာ ဖြစ်သည်။ ထို့နောက် ဝိညာဉ်သည် ၎င်း၏ ဖြစ်တည်ပေးသူထံ ထာဝစဉ် တိုးတက်သွားသည်။

ထို့နောက် ဤအပိုင်းက ဘုရားရှင်အား သိရှိရန်နှင့် အရှင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိရန် ဆိုသည့် (လူ့)ဘဝ၏ ရည်ရွယ်ချက်နှင့်ဆိုင်သည့် မေးခွန်းဘက် လှည့်ထားသည်။ ဤနေရာ၌ ဆွေးနွေးမှုများမှာ ကျယ်ပြန့်သည့် အကြောင်းအရာနှစ်ခု ပတ်လည်တွင် လှည့်နေသည်။ ပထမ တစ်ခုမှာ ဤကမ္ဘာတွင် ကျွန်ုပ်တို့ ဘဝများ၏ ရည်ရွယ်ချက်နှင့် ဒုတိယ တစ်ခုမှာ သေပြီးနောက် ဝိညာဉ်၏ ခရီးစဉ်အကြောင်းဖြစ်သည်။ ဝိညာဉ်သည် ဘုရားသခင်၏ အမှတ်လက္ခဏာဖြစ်၍ ထိုဘုရားရှင်၏ အမည်နာမများနှင့် ဂုဏ်အင်လက္ခဏာများ အားလုံးကို ရောင်ပြန်ဟပ်နိုင်သည်။ သို့သော် လူသားအတွင်းရှိ (စွမ်းရည်) အလားအလာများမှာ ငုပ်လျှိုးနေသည်။ လူသားတို့အား လမ်းပြပေးရန် သူ့အချိန်နှင့်သူကြွလာကြသည့် ထိုထွတ်မြတ်သောဘုရားရှင်များ၊ အစဉ်တည်မြဲသော ဘုရားရှင်၏ အလင်းတော်ရဘုရားရှင်များ၏ အကူအညီအားဖြင့်သာ ၎င်းတို့မှာ ဖွံ့ဖြိုးနိုင်သည်။ ထိုဘုရားရှင်မြတ်များက ပို့ချပေးသော ပညာရေးအားဖြင့် ကျွန်ုပ်တို့အတွင်း ဖုံးကွယ်နေသည့် ဘဏ္ဍာရတနာများမှာ ပေါ်ပေါက်လာနိုင်သည်။

သေပြီးနောက် ဝိညာဉ်၏ ခရီးစဉ်နှင့်ပတ်သက်၍ ပါဝင်သူများ စဉ်းစားရန်အတွက် အယူအဆ အတွဲစဉ်များကို ချပြထားသည်– ၎င်းတို့မှာ ဘုရားရှင်အား သစ္စာရှိကြသူတို့သည် စစ်မှန်သော ပျော်ရွှင်မှုကို ရရှိကြလိမ့်မည်။ ကျွန်ုပ်တို့ မည်သူမှ မိမိတို့၏ အဆုံးသတ်ကို မသိရှိကြသောကြောင့် တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်သင့်ကြပြီး အခြားသူများထက် သာလွန်သည်ဟု မခံစားသင့်ပေ။ ဤကမ္ဘာကဲ့သို့ပင် နောက်ကမ္ဘာ၌လည်း ဝိညာဉ်သည် ဆက်လက်၍ တိုးတက်ပြီး ဤလောကတွင် ဖွံ့ဖြိုးခဲ့သည့် ဝိညာဏစွမ်းရည်များမှာ ထိုကမ္ဘာတွင် ကျွန်ုပ်တို့အား ကူညီ၍ အထောက်အကူ ပြုလိမ့်မည်။ မိမိတို့ ချစ်မြတ်နိုးသူများကို နောက်ကမ္ဘာများတွင် မှတ်မိသိရှိ၍ ဤကမ္ဘာရှိ မိမိတို့၏

ဘဝများကို သတိရပြီး မြင့်မြတ်၍ ထွတ်မြတ်သော ဝိညာဉ်များနှင့် အပေါင်းအဖော်ဖြစ်ရခြင်းကို ဝမ်းမြောက်ဝမ်းသာ ရှိကြလိမ့်မည်။

ဤအပိုင်းသည် ဘဟာအွလ္လာဘုရားရှင်၏ ကျမ်းဓမ္မခန်များထဲမှစာတစ်ပိုဒ်ဖြင့် အဆုံးသတ်ထားသည်။ ထိုစာပိုဒ်ထဲတွင် ကျွန်ုပ်တို့အား နောက်ကမ္ဘာ၏ အကျိုးကျေးဇူးများကို အာမခံထား၍ ဤဘဝ၏ အပြောင်းအလဲများနှင့် အခွင့်အလမ်းများကြောင့် ဝမ်းနည်းစိတ် ဖြစ်ခွင့်မပြုရန် တိုက်တွန်းထားသည်။ ထို့နောက် လေ့လာသူများအား သူတို့ကိုယ်တိုင်၏ ဘဝများအတွက် လေ့လာပြီးသမျှ၏ သွယ်ဝိုက်အကျိုးဝင်မှုများကို စဉ်းစားသုံးသပ်ရန် တောင်းဆိုထားသည်။



# ဘဟာအီသာသနာ
# ကျမ်းဓမ္မခန်းများကို နားလည်သဘောပေါက်ရေး

# Understanding to Baha'i writing

### ရည်ရွယ်ချက်

မြင့်မြတ်သော ကျမ်းဓမ္မခန်းများထဲမှ စာပိုဒ်များကို နေ့စဉ်နေ့တိုင်း
ဖတ်ရှု၍ ၎င်းတို့၏ အဓိပ္ပါယ်များကို စဉ်းစားသုံးသပ်သည့်
အလေ့အကျင့်ကို အားကောင်းစေရန်

# အခန်း (၁)

ဤအပိုင်း၏ ရည်ရွယ်ချက်မှာ နေ့စဉ်နေ့တိုင်း မြင့်မြတ်သော ကျမ်းစမ္မခန်များထဲမှ စာပိုဒ်များကို ဖတ်ရှု၍ ၎င်းတို့၏ အဓိပ္ပါယ်များကို စဉ်းစားသုံးသပ်သည့် အလေ့အကျင့်ကို ဖွံ့ဖြိုးစေရေးနှင့် အားကောင်းရေးအတွက် သင့်အား ကူညီပေးရန်ဖြစ်သည်။ ဤအပိုင်းက ကျမ်းစမ္မခန်များထဲမှ စာတစ်ကြောင်းပါသည့် ဖော်ပြချက်ကို ဖတ်ရှု၍ မေးခွန်းတစ်ခုကို ဖြေဆိုရသည်။ အဖြေမှာ ထိုဖော်ပြချက်ပင် ဖြစ်သည်။ ဆောင်ရွက်ရန် လွယ်ကူသော်လည်း ပေးထားသည့် ဖော်ပြချက်များ၏ အဓိပ္ပါယ်အပေါ်တွင် စဉ်းစားသုံးသပ်ရန်နှင့် ၎င်းတို့ကို အလွတ်ကျက်မှတ်ရန် လေ့ကျင့်ခန်းက ကူညီပေးလိမ့်မည်။

**“ ဖြူစင်၍ကောင်းမြတ်သော လုပ်ရပ်များနှင့် ချီးမွမ်းဖွယ်ကောင်းပြီး မြင့်မြတ်သည့် လုပ်ရပ်များဖြင့်သာ ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာကို တည်ဆောက်နိုင်သည်။”[၁]**

၁ ။ တိုးတက်ကောင်းမွန်သော ကမ္ဘာကို မည်ကဲ့သို့ တည်ဆောက်နိုင်ပါသနည်း။

____________________________________________

____________________________________________

____________________________________________

**“သတိမူကြကုန်လော့။ အို ဘဟာရှင်၏လူပေါင်းတို့၊ အပြောနှင့်အလုပ် ကွဲပြားခြားနားသူတို့၏ လမ်းကို မလျှောက်လှမ်းမိကြစေနှင့်။”[၂]**

၂ ။ မည်သည့် လမ်းကြောင်းကို ကျွန်ုပ်တို့ မလျှောက်လှမ်းကြရမည်နည်း။

____________________________________________

____________________________________________

____________________________________________

**“အို – ဖြစ်တည်ခြင်း၏သား၊ အသင့်အား ငါအရှင်စစ်ဆေးခြင်းပြုရန် မဆင့်ခေါ်မီ အသင့်ကိုယ်ကို နေ့စဉ်နေ့တိုင်းစစ်ဆေးလော့ . . .။”[၃]**

၃ ။ ကျွန်ုပ်တို့အား စစ်ဆေးခြင်းပြုရန် မဆင့်ခေါ်မီ ကျွန်ုပ်တို့မည်သို့ ပြုလုပ်ရမည်နည်း။

____________________________________________

____________________________________________

____________________________________________

**"ညီအစ်ကိုမောင်နှမ အပေါင်းတို့၊ အပြောမဟုတ် အလုပ်သည် သင်တို့အတွက် အဆင်တန်ဆာ ဖြစ်ပါစေ။"**[၆]

၄ ။ ကျွန်ုပ်တို့၏စစ်မှန်သော အဆင်တန်ဆာကား အဘယ်အရာနည်း။

______________________________________________

______________________________________________

______________________________________________

**"သန့်ရှင်းမြင့်မြတ်သော စကားများနှင့် ဖြူစင်၍ ကောင်းမြတ်သော လုပ်ရပ်များသည် ထွန်းတောက်သော ဘုန်းကျက်သရေ၏ ကောင်းကင်ဘုံသို့ တက်ကြ၏။"**[၅]

၅ ။ သန့်ရှင်းမြင့်မြတ်သော စကားများနှင့် ဖြူစင်၍ကောင်းမြတ်သော လုပ်ရပ်များသည် မည်သည်တို့ကို ပြုလုပ်ပေးနိုင်သနည်း။

______________________________________________

______________________________________________

______________________________________________

## အခန်း (၂)

အောက်ပါတို့သည် သင်တို့ လေ့လာခဲ့သော ကောက်နုတ်ချက်များနှင့် ဆက်နွယ်သည့် လေ့ကျင့်ခန်းများဖြစ်သည်။ ၎င်းတို့က ထိုစာပိုဒ်များ၏ ထူးခြားမှုအပေါ် သင့်အဖွဲ့အတွင်း ထပ်ဆင့် စဉ်းစားသုံးသပ်ရာတွင် သင့်အားကူညီပေးရန် ရည်ရွယ်ထားပြီး စက်ယန္တရားဆန်ဆန် မလုပ်သင့်ပေ။ ဤသို့ဆိုလိုက်၍ လေ့ကျင့်ခန်းတိုင်းက ဆွေးနွေးမှုများစွာ လိုအပ်သည်ဟု မဆိုလိုပေ။ သို့သော် လေ့ကျင့်ခန်းက ခက်ခဲသည့်အခါတွင် သင့်အဖွဲ့၏ နည်းပြက ၎င်းတို့ကို ဂရုတစိုက် လေ့လာ ဆန်းစစ်ရာတွင် ကူညီပေးပါလိမ့်မည်။

၁ ။ ချီးမွမ်းဖွယ်ဆိုသည်မှာ ချီးကျူးထိုက်သောအပြုအမူ ဆောင်ရွက်ချက်များကို ဆိုလိုပါသည်။ အောက်ပါတို့အနက် မည်သည့်အချက်သည် ချီးမွမ်းဖွယ်ဖြစ်ပါသနည်း။

______ အလုပ်သမားကောင်းတစ်ယောက်ဖြစ်သည်

______ တစ်ဦးကိုတစ်ဦးလေးစားသည်

_______ လုံ့လဝီရိယရှိသည်

_______ လိမ်ညာပြောဆိုသည်

_______ အခြားသူများ၏တိုးတက်မှုအတွက်ကိုကူညီသည်

၂။ "အသင့်အား ငါအရှင် စစ်ဆေးခြင်းပြုရန် မဆင့်ခေါ်မီ"ဆိုသည့် စကားစု၏အဓိပ္ပါယ်မှာ အဘယ်နည်း။

______________________________________________

______________________________________________

၃။ အောက်ပါတို့အနက် မည်သည်တို့က မှန်သနည်း။

_______ ကမ္ဘာပေါ်တွင် လူကောင်းအနည်းငယ်သာရှိသဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက်သည် မည်သည့် အကျိုးသက်ရောက်မှုမျှမရှိ။

_______ အခြားသူများ၏ အယူအဆများနှင့် ကိုက်ညီသည့်အခါ အချို့အကြောင်းအရာများမှာ မှန်ကန်သည်။

_______ ဘုရားသခင်၏ တရားဒေသနာများနှင့် ကိုက်ညီသည့်အခါ အချို့အကြောင်းအရာများမှာ မှန်ကန်သည်။

၄။ အောက်ပါတို့အနက်မှ မည်သည်တို့က ဖြူစင်၍ ကောင်းမြတ်သော လုပ်ရပ်များဖြစ်ကြပါသနည်း။

_______ ကလေးများအား ဂရုတစိုက်ရှိ၍ သင်ကြားပေးသည်

_______ ခိုးဝှက်သည်

_______ တစ်ပါးသူ၏ တိုးတက်မှုအတွက် ဆုတောင်းမေတ္တာ ပို့သသည်

_______ ဒုက္ခမရောက်စေရန် အသေးအဖွဲလေးများကို လိမ်လည်ပြောဆိုသည်

_______ ဆုလာဘ်ကို မျှော်လင့်၍ အခြားသူများကို ကူညီပေးသည်

၅။ အောက်ပါ အခြေအနေများအနက်မှ မည်သည်တို့က သူ ပြောသည့် စကားများက သူ သို့မဟုတ် သူ(မ)၏ လုပ်ရပ်များမှ ခြားနားပါသနည်း။

_______ လူတစ်ယောက်က ကျွန်တော်တို့ စည်းစည်းလုံးလုံး ရှိသင့်သည်ဟု အမြဲပြောဆိုသည်။ သို့သော် ပဋိပက္ခပေါ်ပေါက်စေသည့် နည်းမျိုးဖြင့် ပြုမူသည်။

______ လူတစ်ယောက်က ကာမဖြူစင်သန့်ရှင်းသည့် ဘ၀၏တန်ဖိုးကို ချီးကျူးသည်။ သို့သော် အိမ်ထောင်ဖက်မဟုတ်ဘဲ ကာမဆက်ဆံသည်။

______ လူတစ်ယောက်က အရက်သောက်ခြင်းကို တားမြစ်ထားသည့် ဘာသာရေး ယုံကြည်ချက်ကို ခံယူထားချိန်မှာ အခါအားလျော်စွာ အရက်သောက်သည်။

______ လူတစ်ယောက်က ယောကျ်ားနှင့်မိန်းမ တန်းတူအခွင့်အရေးကို ထောက်ခံသည်။ သို့သော် အလုပ်ရှင်တစ်ယောက်အနေနှင့် သူက အလုပ်တစ်ခုတည်းကိုပင် အမျိုးသားများထက် အမျိုးသမီးများကို လုပ်ခ လျော့ပေးသည်။

၆ ။ ဘဟာအီသာသနာဝင်တစ်ဦးသည် အခြားလူတစ်ဦးထံတွင် အပြစ်ဖြေခြင်းကို ခွင့်ပြုထား ပါသလား။

______

______

၇ ။ အပြစ်ဖြေခြင်းအစား သူ သို့မဟုတ် သူ(မ)သည် မည်သည်ကို လုပ်ရမည်နည်း။

______

______

၈ ။ "ထွန်းတောက်သော ဘုန်းကျက်သရေ၏ ကောင်းကင်ဘုံ" ဆိုသည်ကား အဘယ်နည်း။

______

______

၉ ။ မကောင်းသော လုပ်ရပ်များသည် ကမ္ဘာကြီးအပေါ် မည်သည့် သက်ရောက်မှု ရှိသနည်း။

______

______

၁၀ ။ မကောင်းသော လုပ်ရပ်များသည် ကျူးလွန်သူအတွက် မည်သည့် သက်ရောက်မှု ရှိသနည်း။

______

______

## အခန်း (၃)

ကျမ်းစမွခန်များထဲမှ အောက်ပါ ကောက်နုတ်ချက်များကို ယခု ဖတ်၍ စဉ်းစားသုံးသပ်ပါ။ ထို့နောက် အဆိုပါ ကျမ်းစာပိုဒ်များကို အလွတ်ကျက်မှတ်ပါ။

**"အမှန်ပြောဆိုခြင်းသည် လူ့ ကိုယ်ကျင့်တရားအားလုံးတို့၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။"[၆]**

၁ ။ လူ့ ကိုယ်ကျင့်တရား အားလုံးတို့၏ အခြေခံအုတ်မြစ်မှာ မည်သည့်အရာ ဖြစ်သနည်း။

________________________________________

________________________________________

**"အမှန်ပြောဆိုခြင်းမရှိပါက ဘုရားသခင်၏ ကမ္ဘာများအားလုံးတွင် တိုးတက်မှုနှင့် အောင်မြင်ခြင်းမှာ အဘယ်ဝိညာဉ်အတွက်မှ မဖြစ်နိုင်ပေ။"[၇]**

၂ ။ အမှန်ပြောဆိုခြင်းမရှိပါက မည်သည့်အရာ မဖြစ်နိုင်သနည်း။

________________________________________

________________________________________

**"အို လူသားအပေါင်းတို့၊ သင်တို့၏ နှုတ်လျှာကို အမှန်ပြောဆိုခြင်းဖြင့် လှပစေ၍ သင်တို့၏ ဝိညာဉ်များကို ရိုးသားဖြောင့်မတ်ခြင်းဖြင့် ဆင်မြန်းကြကုန်လော့။"[၈]**

၃ ။ ကျွန်ုပ်တို့၏ နှုတ်လျှာများကို မည်သည့်အရာဖြင့် လှပအောင် လုပ်ရမည်နည်း။

________________________________________

________________________________________

၄ ။ ကျွန်ုပ်တို့၏ ဝိညာဉ်များကို မည်သည့်အရာဖြင့် ဆင်မြန်းရမည်နည်း။

________________________________________

________________________________________

**"သင်၏ မျက်စိများသည် (ကာမ)ဖြူစင်ပါစေ။ သင်၏လက်သည် သစ္စာစောင့်စည်းမှု ရှိပါစေ။ သင်၏နှုတ်လျှာသည် အမှန်ကို ပြောဆိုပါလေ။ သင်၏ နှလုံးသားသည် ထွန်းလင်းတောက်ပ ပါစေ။"[၉]**

၅ ။ ကျွန်ုပ်တို့၏ မျက်စိများသည် __________________ ။ လက်များသည် __________ ____________ ။ နှုတ်လျှာသည် __________________ ။ နှလုံးသားသည် __________________ ။

“ဘုရားသခင်၏ တဲနန်းတော်အတွင်း နေထိုင်ကြ၍ အစဉ်တည်မြဲသော ဘုန်းတန်ခိုး ထိုင်ခုံများ အပေါ်တွင် ထိုင်ထားကြသူတို့သည် သေလုမျောပါး ဝေ်မွတ်နေစေကာမူ သူတို့၏ လက်များကို ထုတ်၍၊ အိမ်နီးချင်းသည် မည်မျှပင် နိမ့်ကျ၍ တန်ဖိုးမဲ့စေကာမူ သူတို့ အိမ်နီးနားချင်း၏ ပစ္စည်းဥစ္စာကို တရားမဝင် သိမ်းဆည်းရန် ငြင်းဆန်ပေလိမ့်မည်။”[၁၀]

၆ ။ ကျွန်ုပ်တို့သည် သေလုနီးပါး ဝေ်မွတ်နေစေကာမူ မည်သည်ကို ငြင်းဆန်ရမည်နည်း။

# အခန်း (၄)

အခန်း(၂)တွင် သိရှိခဲ့သည့်အတိုင်း ဤအပိုင်းရှိ အချို့လေ့ကျင့်ခန်းများက တိကျသည့် အဖြေများကို တောင်းဆိုထားသည်။ ထိုကိစ္စမျိုးတွင် အဖြေကို သံသယရှိပါက သင့်အဖွဲ့၏ နည်းပြက သင်နှင့် သင့်အဖော် လေ့လာသူများကို အတွေးအခေါ် ညီညွတ်မှုဆီရောက်အောင် ကူညီပေးနိုင် လိမ့်မည်။ အခြား လေ့ကျင့်ခန်းများမှာ ဆွေးနွေးမှုကိုယ်တိုင်က တန်ဖိုးရှိပြီး တိကျသည့်အဖြေ တစ်ခုကိုမှ မျှော်လင့်မထားပေ။ အောက်ပါ လေ့ကျင့်ခန်း(၃)သည် ပထမ အမျိုးအစားဖြစ်ပြီး နံပတ်(၆)မှာ ဒုတိယ အမျိုးအစားထဲတွင် ပါဝင်သည်။

၁ ။ အမှန်ပြောဆိုခြင်းသည် လူ့ ကိုယ်ကျင့်တရား အားလုံးတို့၏ အခြေခံအုတ်မြစ် ဖြစ်သည်။ ကိုယ်ကျင့်တရား ငါးခုကို ချရေးပါ။

၂ ။ အမှန်ကို မပြောဆိုပါက ဤကိုယ်ကျင့်တရားများကို ကျွန်ုပ်တို့ ရရှိနိုင်ပါမည်လား။

၃ ။ အောက်ပါတို့အနက်မှ မည်သည်တို့က မှန်ပါသနည်း။

______ လူတစ်ယောက်သည် လိမ်ညာပြောသော်လည်း တရားမျှတနိုင်သည်။

_______ ခိုးယူသူ တစ်ယောက်၌ သစ္စာစောင့်စည်းသောလက်များ ရှိသည်။

_______ သစ္စာရှိသောလက်သည် ၎င်းမပိုင်ဆိုင်သော ပစ္စည်းကို မည်သည့်အခါမှ မတို့မထိပေ။

_______ အပြာအကြောင်းနှင့်ဆိုင်သည့် ရုပ်သံ၊ စာအုပ်များကို ကြည့်ရှုခြင်းသည် ဘဟာအွလ္လာဘုရားရှင်၏ ဩဝါဒတော်ဖြစ်သော ကာမ စင်ကြယ်သည့် မျက်လုံး ရှိရမည်ဆိုသည့် အချက်နှင့် ဆန့်ကျင်သည်။

_______ အမှန်ပြောဆိုခြင်း ဆိုသည်မှာ မလိမ်ညာခြင်းကို ဆိုလိုသည်။

_______ ရိုးသားဖြောင့်မတ်ခြင်းသည် ဝိညာဉ်၏ အဆင်တန်ဆာ ဖြစ်သည်။

_______ အမှန်မပြောသူ တစ်ဦးသည် ဝိညာဏပိုင်းတွင် တိုးတက်နိုင်သည်။

_______ အလိမ်အညာများကို မကြာခဏ ပြောဆို၍ ရသည်။

_______ လူတစ်ယောက်သည် ဆာလောင်နေလျှင် ခိုးယူခြင်းကို ဘုရားသခင်ရှေ့မှောက်၌ လက်ခံနိုင်သည်။

_______ ပိုင်ရှင်ထံမှ ခွင့်ပြုချက်မရှိဘဲ တစ်ခုခုကိုပြီးလျှင် ပြန်ထားမည်ဟု တွေး၍ ယူခြင်းသည် ခိုးယူသည် မဟုတ်ပါ။

_______ ကျွန်ုပ်တို့သည် ရိုးသားစွာ ပြုမူ၍ မျှမျှတတရှိပြီး အမှန်ကို ပြောဆိုပါက ကျွန်ုပ်တို့၏ နှလုံးသားမှာ လင်းဝင်းထွန်းတောက်သည်။

၄ ။ ကိုယ့်ကိုယ်ကို လိမ်ညာရန် ဖြစ်နိုင်ပါသလား။

_______________________________________________

၅ ။ လိမ်လည်ပြောဆိုသည့်အခါ မည်သည်တို့ကို ကျွန်ုပ်တို့ ဆုံးရှုံးမည်နည်း။

_______________________________________________

၆ ။ အကယ်၍ ကျွန်ုပ်တို့သည် လုံးလုံး အမှန်ပြောဆိုပြီး ရိုးသားဖြောင့်မတ်ကြပါလျှင် ကမ္ဘာကြီးသည် မည်သို့ ဖြစ်လိမ့်မည်နည်း။

_______________________________________________

_______________________________________________

_______________________________________________

## အခန်း (၅)

အောက်ပါကောက်နုတ်ချက်များကိုဖတ်၍ အလွတ်ကျက်မှတ်ရန် ကြိုးစားပါ။ ကျမ်းခမ္ဘခန်များထဲမှ ကောက်နုတ်ချက်များကို အလွတ်ကျက်မှတ်ခြင်းသည် အလွန်အကျိုးရှိသဖြင့် ကျက်မှတ်ရန် အစွမ်းကုန် ကြိုးစားသင့်သည်။ တကယ်တွင် လူတိုင်းက စာပိုဒ်များကို လွယ်လွယ်ကူကူနှင့် အလွတ်မကျက်နိုင်ကြပေ။ သို့သော် ကြိုးစားအားထုတ်ခြင်းဖြင့် အယူအဆများကို မိမိတို့ နှလုံးသားများနှင့် စိတ်များထဲ စွဲမြဲနိုင်စေရန်နှင့် ၎င်းတို့ကို မူရင်းစာသားနှင့် ဖြစ်နိုင်သမျှ အနီးစပ်ဆုံးအထိ စကားလုံးများဖြင့် ပြောပြနိုင်ရန် ကျွန်ုပ်တို့ကို ကူညီပေးသည်။

**"အကြင်နာတရားရှိသော နှုတ်လျှာတစ်ခုသည် လူသားများ၏ နှလုံးသားအတွက် သံလိုက်ကျောက်ဖြစ်၏။ ၎င်းသည် နာမ်ဝိညာဉ်၏ အစာအဟာရဖြစ်ပြီး စကားလုံးများကို အဓိပ္ပါယ်နှင့် ပြည့်စုံစေသည့် ခြုံလွှာလည်းဖြစ်သည်။ ၎င်းသည် အသိဉာဏ်ပညာနှင့် သိနားလည်မှု၏ အလင်းရောင် ဖြာထွက်ရာ နေရာလည်း ဖြစ်သည်။"**[၁၁]

၁။ အကြင်နာတရားရှိသော နှုတ်လျှာကို မည်သို့ ဖော်ပြနိုင်သနည်း။

________________________________________

________________________________________

________________________________________

________________________________________

၂။ အကြင်နာတရားရှိသော နှုတ်လျှာသည် စကားလုံးများအပေါ် မည်သည့် သက်ရောက်မှု ရှိသနည်း။

________________________________________

________________________________________

**"အို ဘုရားသခင်၏ အချစ်တော်သားတို့၊ ဤထွတ်မြတ်သော စနစ်သစ်တော်တွင် သဘောထားကွဲလွဲခြင်းနှင့် အချေအတင် ငြင်းခုံခြင်းတို့ကို လုံးဝ ခွင့်ပြုမထားပေ။ ကျူးလွန်သူသည် သူ့ကိုယ်သူ ဘုရားသခင်၏ ကျေးဇူးတော်ကို လက်လွတ်ဆုံးပါးစေသည်။"**[၁၂]

၃။ အထက်ပါ ကောက်နုတ်ချက်အရ ဤစနစ်သစ်တော်တွင် မည်သည်ကို ခွင့်မပြုထားပါ သနည်း။

________________________________________

________________________________________

၄ ။ ကျူးလွန်သူသည် သူ့ကိုယ်သူ မည်သို့ ဖြစ်စေပါသနည်း။

**“ဤနေ့ရက်တော်တွင် ဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ခိုက်ရန်ဖြစ်ခြင်း၊ အချေအတင် ငြင်းခုံခြင်း၊ သူစိမ်းဆန်ခြင်းနှင့် စိတ်မပါခြင်းတို့ထက်ပို၍ ဤအကြောင်းရင်းတော်ကို ထိခိုက်စေနိုင်သည့် ပို၍ကြီးမားသောအရာကား မရှိတော့ပေ။”**

၅ ။ မည်သည့် အခြေအနေများက ဘုရားသခင်၏ အကြောင်းရင်းတော်ကို အကြီးမားဆုံး ထိခိုက်စေသနည်း။

**“နှုတ်အားဖြင့် မိတ်ဆွေဖြစ်မှုကို ပြသရုံဖြင့် အားရကျေနပ်မနေပါနှင့်။ မိမိလမ်းကြောင်းတွင် တွေ့ကြုံရသူအားလုံးအတွက် အသင့် နှလုံးသားသည် ချစ်ကြင်နာမှုဖြင့် တောက်လောင်နေပါစေ။”**[၁၄]

၆ ။ မည်သည့် မိတ်ဆွေဖြစ်မှုမျိုးဖြင့် ကျွန်ုပ်တို့ ကျေနပ်မနေသင့်သနည်း။

၇ ။ မည်သည့်အရာက ကျွန်ုပ်တို့ နှလုံးသားထဲတွင် ထိန်လင်းစွာ တောက်လောင်နေသင့်သနည်း။

**“စစ်မက်၏ အတွေးအခေါ် ဖြစ်ပေါ်လာလျှင် ၎င်းကို ပို၍အားကောင်းသော ငြိမ်းချမ်းရေး၏ အတွေးအခေါ်ဖြင့် ဆန့်ကျင်ရမည်။ မုန်းတီးခြင်း၏ အတွေးအခေါ်ကိုလည်း ပို၍စွမ်းအားကောင်းသော ချစ်ခြင်းမေတ္တာ၏ အတွေးအခေါ်ဖြင့် ဖျက်ဆီးပစ်ရမည်။”**[၁၅]

၈ ။ စစ်မက်၏ အတွေးအခေါ်ကို မည်သည့်အရာဖြင့် ဆန့်ကျင်ရမည်နည်း။

၉ ။ မုန်းတီးခြင်း၏ အတွေးအခေါ်ကို မည်သည့်အရာဖြင့် ဖျက်ဆီးပစ်ရမည်နည်း။

______________________________

______________________________

## အခန်း (၆)

အထက်ပါ ကောက်နုတ်ချက်များကို စိတ်ထဲထည့်၍ အောက်ပါ လေ့ကျင့်ခန်းများကို ဆောင်ရွက်ပါ။

၁ ။ "သံလိုက်ကျောက်"ဆိုသည်မှာ သံလိုက်အတွက် သုံးသည့် နောက်ထပ် စကားလုံးဖြစ်သည်။ အကြင်နာတရားရှိသော နှုတ်လျှာသည် မည်သည့်နည်းဖြင့် သံလိုက်ကျောက်ကဲ့သို့ ဆောင်ရွက်ပါသနည်း။

______________________________

______________________________

၂ ။ အောက်ပါတို့အနက်မှ မည်သည့် ပြောဆိုမှုများက အကြင်နာတရားရှိသော နှုတ်လျှာမှ ထွက်ပါသနည်း။

_______ "ငါ့ကို မနှောက်ယှက်နဲ့!"

_______ "ဒါကို ဘာ့ကြောင့် နားမလည်ရတာလဲ။"

_______ ကျေးဇူးပြုပြီးတော့ စောင့်ပေးပါလား။"

_______ "တကယ်ကြောက်တဲ့ ကလေးတွေပဲ!"

_______ "ကျေးဇူးတင်ပါတယ်၊ မင်းက တကယ်ကြင်နာတာပဲ။"

_______ "ခုတော့ မင်းအတွက် အချိန်တစ်စက်မှ မရှိဘူး။ ငါ အလုပ်ရှုပ်နေတယ်။

၃ ။ အောက်ပါတို့အနက်မှ မည်သည့်အခြေအနေများက သဘောထားကွဲလွဲခြင်းနှင့် အချေအတင် ငြင်းခုံခြင်းကို ပြပါသနည်း။

_______ တိုင်ပင်ဆွေးနွေးချိန်တွင် အကြောင်းအရာအချို့အပေါ် လူနှစ်ဦးက မတူညီသည့် အယူအဆများကို ပြောဆိုသည်။

_______ တိုင်ပင်ဆွေးနွေးချိန်တွင် လူနှစ်ဦးက စိတ်ပျက်လာကြပြီး စကားများကြသည်။

_______ လူနှစ်ဦးမှာ အချင်းချင်း စကားမပြောကြသဖြင့် အပတ်စဉ် စုပေါင်းဆုတောင်းပွဲကို မတက်ကြတော့ပါ။

_______ စီမံချက်တစ်ခုကို ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့(team)တစ်ခု၏ အဖွဲ့ဝင်များက အချင်းချင်း သူတို့ လုပ်ရမည့်တာဝန်ကို မလုပ်ကြဘူးဟု ပြောပြီး စောဒကတက်နေကြသည်။

၄။ အောက်ပါ အခြေအနေများထဲမှ မည်သည်တို့က သူစိမ်းဆန်သည့် လက္ခဏာများကို ပြပါသနည်း။

_______ လမ်းတွင် တွေ့သည့် သူငယ်ချင်းနှစ်ယောက်သည် တစ်ဦးနှင့် တစ်ဦး လျစ်လျူရှုကြသည်။

_______ စုပေါင်းဆုတောင်းပွဲတွင် တက်လာသူတစ်ဦးကို လူတိုင်းက နွေးနွေးထွေးထွေး ကြိုဆိုနှုတ်ဆက်သည်။

_______ အုပ်စုတစ်စု၏ အဖွဲ့ဝင်နှစ်ဦးမှာ အချင်းချင်း ယဉ်ယဉ်ကျေးကျေး ရှိသော်လည်း စီမံချက်တစ်ခုတွင် အတူတကွ လုပ်ရန် အင်တင်တင်ဖြစ်ကြသည်။

၅။ အောက်ပါ ဖော်ပြချက်များက မှန်သလားဆိုသည်ကို ဆုံးဖြတ်ပါ။

_______ လူတစ်ဦးက အခြားသူများအကြောင်း သူ၏ ထင်မြင်ချက်ကို တိတိကျကျ ပြောသင့်သည်။ အပြောခံရသူများ၏ နှလုံးသားကို နာကျင်စေသော်လည်း အကြောင်းမဟုတ်ပါ။

_______ သဘောကွဲလွဲမှုကို ရှောင်ရှားရန် လိမ်လည်ပြောဆိုလျှင် မှန်ကန်သည်။

_______ သဘောထားကွဲလွဲခြင်းကို ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရားတို့ဖြင့် အောင်မြင်နိုင်သည်။

_______ ချစ်ခြင်းမေတ္တာနှင့်ပြောသည့်အခါ စကားလုံးများမှာ ပိုပြီး သက်ရောက်မှုရှိသည်။

_______ လူတစ်ဦးက ရန်စလာလျှင် သူနှင့် ရန်ဖြစ်ခြင်းမှာ မှန်ကန်ပါသည်။

_______ လူတစ်ဦးက နေမကောင်းလျှင် သို့မဟုတ် ဝမ်းနည်းသည့်အခါ တစ်ဦးဦးက အခြားသူများကို ပြင်းပြင်းထန်ထန် ပြောဖို့ အခွင့်အရေးရှိသည်။

_______ အခြားသူများက အမှားတစ်ခုခု လုပ်မိသည့်အခါ သူတို့ကို ဟားတိုက်ခြင်းမှာ ကြင်နာရာ မရောက်ပေ။

_______ သူငယ်ချင်း(မိတ်ဆွေ)များကြား၌ တင်းမာသည့် ခံစားမှုများ ရှိလာပါက တစ်ဦးစီက ကျန်သူနှင့် ပိုနီးစပ်လာအောင် အထူးကြိုးပမ်းရမည်။

_______ သူငယ်ချင်း(မိတ်ဆွေ)များကြား၌ တင်းမာသည့် ခံစားမှုများ ရှိလာပါက ကျန်သူက ပိုနီးစပ်သည့်ဘက်ရွေ့အောင် ကြိုးပမ်းအားထုတ်တာကို တစ်ဦးစီက စောင့်သင့်သည်။

## အခန်း (၇)

အောက်ပါ ကောက်နုတ်ချက်များကို ဖတ်၍ အလွတ်ကျက်မှတ်ပါ။

**“. . . အတင်းအဖျင်းပြောခြင်းသည် နှလုံးသား၏ အလင်းရောင်ကို ငြိမ်းသတ်ပြီး ဝိညာဉ်၏ အသက်ကိုလည်း အဆုံးသတ်သွားစေသည်။”[၁၆]**

**“သင်ကိုယ်တိုင် အပြစ်မကင်းသမျှ ကာလပတ်လုံး သူတစ်ပါး၏ အပြစ်ကို ထုတ်ဖော်ပြောဆိုခြင်း မပြုလေနှင့်။”[၁၇]**

**“သူတစ်ပါး၏ မကောင်းကြောင်းကိုလည်း မပြောလေနှင့်။ သို့မှသာ အသင်၏ မကောင်းကြောင်း သူများပြောဆိုသည်ကို အသင် ကြားရမည်မဟုတ်။ သူတစ်ပါး၏ အပြစ်အနာအဆာကိုလည်း ပုံကြီးမချဲ့လေနှင့်။ သို့မှသာ အသင့် အပြစ်များကိုလည်း (အများတို့၏ အမြင်တွင်) ကြီးထွားသည်ဟု ထင်ကြမည်မဟုတ်ပေ . . . ။”[၁၈]**

**“အို ဖြစ်တည်ခြင်း၏သား၊ အသင်ကား အဘယ်နည်းဖြင့် မိမိအပြစ်များကို မေ့လျော့ကာ သူတစ်ပါးတို့၏ အပြစ်များဖြင့် အလုပ်ရှုပ်နေရသနည်း။ မည်သူမဆို ဤကဲ့သို့ ပြုမူလျှင် ငါအရှင်၏ စက်ဆုပ်တော်မူခြင်းကို ခံရသူဖြစ်၏။”[၁၉]**

၁ ။ အတင်းအဖျင်းပြောခြင်းသည် အတင်းပြောသူအပေါ် မည်သည့် သက်ရောက်မှု ရှိပါသနည်း။

၂ ။ ကျွန်ုပ်တို့သည် အခြားသူများ၏ အပြစ်များကို မပြောမီ မည်သည်ကို စဉ်းစားရမည်နည်း။

၃ ။ အခြားသူများ၏ အပြစ်ကို ပုံကြီးချဲ့မိလျှင် ကျွန်ုပ်တို့ မည်သို့ ဖြစ်မည်နည်း။

၄ ။ အခြားသူများ၏ အပြစ်များကို တွေးမိလျှင် ကျွန်ုပ်တို့သည် မည်သည်ကို သတိရသင့်သနည်း။

## အခန်း (၈)

အထက်ပါ ကောက်နုတ်ချက်များကို စိတ်ထဲထည့်၍ အောက်ပါ လေ့ကျင့်ခန်းများကို ဆောင်ရွက်ပါ။

၁ ။ အခြားလူများ၏ အပြစ်များအပေါ် အာရုံစိုက်ထားသည့် လူတစ်ဦး၏ ဝိညာဉ်တိုးတက်မှုသည် မည်သို့ဖြစ်မည်နည်း။

______________________________

၂ ။ အတင်းအဖျင်းပြောခြင်းသည် ရပ်ရွာလူထုအပေါ်တွင် မည်သည့် သက်ရောက်မှု ရှိသနည်း။

______________________________

၃ ။ သင့် မိတ်ဆွေတစ်ဦးက အခြားသူတစ်ဦး၏ အပြစ်များကို စတင်ပြောဆိုသည့်အခါ မည်သည်ကို သင် လုပ်သနည်း။

______________________________

၄ ။ အောက်ပါ ဖော်ပြချက်များက မှန်သလားဆိုသည်ကို ဆုံးဖြတ်ပါ။

______ ကျွန်ုပ်တို့သည် လူတစ်ယောက်၏ တကယ့်အပြစ်များကို ပြောသည့်အခါ အတင်းအဖျင်း ပြောဆိုနေသည် မဟုတ်ပါ။

______ ကျွန်ုပ်တို့သည် လူတစ်ယောက်၏ ချီးကျူးထိုက်သော အရည်အသွေးများနှင့် သူ့အပြစ်များကို တစ်ချိန်တည်းပြောသည့်အခါ အတင်းအဖျင်း ပြောနေကြသည် မဟုတ်ပါ။

______ အတင်းအဖျင်းပြောခြင်းက ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းအတွင်း ဘုံအလေ့အကျင့် တစ်ခုဖြစ်လာ၍ ၎င်းကို ရှောင်ရှားမည့် စည်းကမ်း ဖွံ့ဖြိုးသင့်သည်။

______ နားထောင်သူက နောက်လူတစ်ယောက်အကြောင်း ကျွန်ုပ်တို့ ပြောသမျှကို ထပ်၍မပြောပါဟု ကတိပေးလျှင် အတင်းအဖျင်းပြောရာ၌ ဘာထိခိုက်မှုမှ မရှိပါ။

______ အတင်းအဖျင်းပြောခြင်းသည် စည်လုံးညီညွတ်မှုအတွက် အကြီးဆုံးသော ရန်သူများထဲမှ တစ်ခုဖြစ်သည်။

______ အကယ်၍ ကျွန်ုပ်တို့သည် အခြားသူများအကြောင်း အချိန်တိုင်း ပြောသည့် အလေ့အကျင့် ရလာပါလျှင် အတင်းအဖျင်းပြောသည့်အထဲ လွယ်လင့်တကူ ကျသွားနိုင်သည်။

______ ကော်မတီတစ်ခု၏ အဖွဲ့ဝင်များကို ခန့်ရန်အတွက် သာသနာ့အကျိုးဆောင်အဖွဲ့ အစည်းအဝေးတွင် လူမျိုးစုံတို့၏စွမ်းရည်များကို ဆွေးနွေးသောအခါ ဤသည်မှာ အတင်းအဖျင်း ပြောနေကြသည်။

______ ကျွန်ုပ်တို့သည် အတင်းအဖျင်းပြောလိုစိတ် ဖြစ်လာသောအခါ မိမိတို့ကိုယ်တိုင်၏ အပြစ်များကို သတိရသင့်သည်။

______ လူတစ်ဦးသည် သာသနာတော်ကို ထိခိုက်စေသည့် အရာတစ်ခုခုကို လုပ်နေသည်ဟု သိရှိသည့်အခါ ကျွန်ုပ်တို့သည် ၎င်းကို သာသနာဝင်ထုအတွင်းရှိ သာသနာဝင်များနှင့် ဆွေးနွေးသင့်သည်။

______ လူတစ်ဦးသည် သာသနာတော်ကို ထိခိုက်စေသည့် အရာတစ်ခုခုကို လုပ်နေသည်ဟု သိရှိသည့်အခါ ကျွန်ုပ်တို့သည် သာသနာ့အကျိုးဆောင်အဖွဲ့ကိုသာ သတင်းပို့သင့်သည်။

______ အကြင်လင်မယားကြားတွင် လျှို့ဝှက်ချက် မထားရဟု ဆိုသောကြောင့် ဇနီးမောင်နှံ နှစ်ဦးသည် အခြားသူများ၏ အပြစ်များကို ပြောဆိုသည်မှာ မမှားပါ။

## အခန်း (၉)

အစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဤအပိုင်း၏ ရည်ရွယ်ချက်မှာ မြင့်မြတ်သော ကျမ်းဓမ္မခန်းများထဲမှ စာပိုဒ်များကို နေ့စဉ်နေ့တိုင်း ဖတ်ရှု၍ ၎င်းတို့၏ အဓိပ္ပါယ်များကို စဉ်းစားသုံးသပ်သည့် အလေ့အကျင့်ကို ဖွံ့ဖြိုးစေ၍ အားကောင်းစေသည့် သူတို့၏ ကြိုးပမ်းမှုများတွင် ပါဝင်သူများအား ကူညီပေးရန်ဖြစ်သည်။ ဘုရားသခင်၏ ဓမ္မခန်းပါဒများကို မနက်တိုင်းနှင့်ညနေတိုင်း ဖတ်ရှုရန်မှာ ကျွန်ုပ်တို့၏ ဝိညာဏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်စေသည့် ဘဟာအွလ္လာဘုရားရှင်၏ ဩဝါဒတော်တစ်ခု ဖြစ်သည်။ အောက်ပါစာပိုဒ်သည် ဤတာဝန်ဝတ္တရားကို ဖြည့်ဆည်းခြင်းမှ ကျွန်ုပ်တို့ လက်ခံရရှိမည့် ပေးကမ်းမစမှုများကို သတိပေးထားပြီး ၎င်းကို အလွတ်ကျက်မှတ်ရန် သင်တို့အား တိုက်တွန်းပါသည်–

> **"ငါဘုရားရှင်၏ နှုတ်ကပတ်တော် သမုဒ္ဒရာအတွင်းသို့ အသင်တို့ကိုယ်ကို နှစ်မြုပ်ကြကုန်လော့။ သို့မှသာ သင်တို့သည် ၎င်း၏ လျှို့ဝှက်နက်နဲချက်များကို ရှင်းလင်းပြသနိုင်ကြကုန်၍ အလွန်နက်ရှိုင်းသော နေရာ၌ ဖုံးကွယ်နေသည့် ဉာဏ်ပညာ ပုလဲရတနာအားလုံးကို ရှာဖွေတွေ့ရှိကြကုန်အံ့။"**[၂၀]

ဤအပိုင်းကို ပြီးစီးသွားသောကြောင့် သင်တို့သည် ဘဟာအွလ္လာဘုရားရှင်၏ ကျမ်းဓမ္မခန်းများထဲမှ စာအုပ်တစ်အုပ်ကို ရယူ၍ နေ့စဉ်နေ့တိုင်း ဖတ်ချင်လိမ့်မည်။ "***ဖုံးကွယ်နေသော ဓမ္မစကားဒေသနာတော်များ*** "ကျမ်းမှာ ပထမဆုံး ရွေးချယ်ရန်ကောင်းသည့် စာအုပ်ဖြစ်သည်။

## REFERENCES


1. Bahá'u'lláh, cited by Shoghi Effendi, *The Advent of Divine Justice* (Wilmette: Bahá'í Publishing Trust, 2006, 2018 printing), par. 39, pp. 36–37.
2. *Gleanings from the Writings of Bahá'u'lláh* (Wilmette: Bahá'í Publishing Trust, 1983, 2017 printing), CXXXIX, par. 8, p. 345.
3. Bahá'u'lláh, *The Hidden Words* (Wilmette: Bahá'í Publishing Trust, 2003, 2012 printing), Arabic no. 31, p. 11.
4. Ibid., Persian no. 5, p. 24.
5. Ibid., Persian no. 69, p. 46.
6. 'Abdu'l-Bahá, cited by Shoghi Effendi, *The Advent of Divine Justice*, par. 40, p. 39.
7. Ibid.
8. *Gleanings from the Writings of Bahá'u'lláh*, CXXXVI, par. 6, p. 336.
9. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas* (Wilmette: Bahá'í Publishing Trust, 1988, 2005 printing), no. 9.5, p. 138.
10. *Gleanings from the Writings of Bahá'u'lláh*, CXXXVII, par. 3, p. 338.
11. Ibid., CXXXII, par. 5, p. 327.
12. *Will and Testament of 'Abdu'l-Bahá* (Wilmette: Bahá'í Publishing Trust, 1944, 2013 printing), p. 26.
13. *Gleanings from the Writings of Bahá'u'lláh*, V, par. 5, p. 8.
14. From a talk given on 16 and 17 October 1911, published in *Paris Talks: Addresses Given by 'Abdu'l-Bahá in 1911* (Wilmette: Bahá'í Publishing, 2006, 2016 printing), no. 1.7, p. 6.
15. From a talk given by 'Abdu'l-Bahá on 21 October 1911, ibid., no. 6.7, p. 22.
16. *Gleanings from the Writings of Bahá'u'lláh*, CXXV, par. 3, p. 300.
17. *The Hidden Words*, Arabic no. 27, p. 10.
18. Ibid., Persian no. 44, p. 37.
19. Ibid., Arabic no. 26, p. 10.
20. *Gleanings from the Writings of Bahá'u'lláh*, LXX, par. 2, p. 154.



# ဆုတောင်းပတ္ထနာ

# Prayer

### ရည်ရွယ်ချက်

ဆုတောင်းပတ္ထနာပြုရသည့် ထူးခြားမှုကို စဉ်းစားသုံးသပ်ရန်နှင့် ပုံမှန်
ဆုတောင်းပတ္ထနာပြုသည့် အလေ့အကျင့်ကို အားကောင်းစေရန်

## အခန်း (၁)

ရှုဟီအင်စတီကျူ၏ သင်ခန်းစာများသည် လေ့လာသူများအား အမှုထမ်းလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ကူညီပေးရန် ရည်ရွယ်ထားသည်။ ကျွန်ုပ်တို့သည် ဤလမ်းကြောင်းကို ခံယူထားသည့် ရည်ရွယ်ချက် နှစ်မျိုးဖြစ်သော (ကိုယ်တိုင်၏) ဝိညာဏပိုင်းနှင့် အသိဉာဏ်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲတိုးတက်ရေးကို ဆောင်ရွက်ရန်ဆိုသည့် ထိုနှစ်မျိုး၏ တွန်းအားဖြင့် လျှောက်လမ်းကြသည်။ ကျွန်ုပ်တို့ ရည်ရွယ်ချက်၏ ဤအပိုင်းကဏ္ဍ နှစ်ခုမှာ တစ်ခုနှင့်တစ်ခု ခွဲ၍မရပေ။ ဘဟာအွလ္လာဘုရားရှင်က စာတစ်ပိုဒ်ထဲတွင် ကျွန်ုပ်တို့ကို တိုက်တွန်းနှိုးဆော်ထားသည်မှာ–

**"သင်တို့သည် သင်တို့ကိုယ်တိုင်၏ စိုးရိမ်ပူပန်မှုများဖြင့်သာ ကိုယ့်ကိုယ်ကို အလုပ်ရှုပ် မနေကြပါကုန်လင့်။ သင်တို့၏ အတွေးအခေါ်များကို လူသားတို့၏ ကံကြမ္မာ ပြန်လည် ကောင်းမွန်လာစေရေး၊ လူတို့၏ နှလုံးသားများနှင့် ဝိညာဉ်များကို ဖြူစင်သန့်ရှင်းစေရေး အပေါ်တွင် စူးစိုက်ထားကြပါကုန်။"[၁]**

အခြားသော စာတစ်ပိုဒ်တွင် အရှင်က ရှင်းလင်းစေသည်မှာ–

**". . . သေမျိုးဖြစ်သော လူတို့ကို လုံးဝဗလာကျင်းရာ(သုည)မှ ဖြစ်ရှိခြင်း၏ နယ်ပယ် အတွင်းသို့ ရောက်ရှိစေခြင်း၏ ရည်ရွယ်ချက်မှာ သူတို့သည် ကမ္ဘာလောက ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် အလုပ်လုပ်နိုင်ကြစေရန်နှင့် ညီညွတ်မှု၊ သဟဇာတဖြစ်မှုတို့ဖြင့် အတူတကွ နေထိုင်ကြစေရန် ဖြစ်ပေတော့၏။"[၂]**

ကျွန်ုပ်တို့၏ အတွင်းပိုင်းအခြေအနေနှင့် ပတ်သက်၍ အရှင်က မြွက်ဟကြေညာထားသည်မှာ–

**"ဖြူစင်သန့်ရှင်းသော နှလုံးသားသည် မှန်ကြေးမုံကဲ့သို့ ဖြစ်၏။ ယင်းကို ချစ်ခြင်းမေတ္တာနှင့် ဘုရားရှင်မှတပါး အရာခပ်သိမ်းကုန်တို့မှ ပြတ်ကင်းခြင်း၏ တိုက်ချွတ်ဆေးဖြင့် သန့်စင်လော့။ သို့မှသာ စစ်မှန်သော နေမင်းသည် ယင်းတွင် ထွန်းလင်းတောက်ပနိုင်၍ အစဉ်တည်မြဲသော နံနက်ခင်းသည် အရုဏ်ကျဉ်းလာပေအံ့။"[၃]**

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့ကို ပြောပြထားသည်မှာ–

**"သင်တို့၏ နှလုံးသားများသည် ဖြူစင်သန့်ရှင်းရမည်၊ သင်တို့၏ ရည်ရွယ်ချက်များသည် ရိုးသားကြရမည်။ သို့မှသာ သင်တို့သည် ထွတ်မြတ်သော ပေးကမ်းမစမှုများကို လက်ခံရရှိ သူများ ဖြစ်လာနိုင်ကြလိမ့်မည်။"[၄]**

၁။ မည်သည့်အပေါ်တွင် ကျွန်ုပ်တို့၏ အတွေးအခေါ်များနှင့် စိတ်ပူမှုများကို အာရုံစိုက်သင့်သနည်း။

______________________________________________

______________________________________________

______________________________________________

၂။ မည်သည့် ရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့သည် လုံးဝဗလာကျင်းရာ(သုည)မှ ဖြစ်ရှိခြင်း၏ နယ်ပယ်အတွင်းသို့ ဝင်ရောက်ခဲ့ပါသနည်း။

______________________________________________

______________________________________________

______________________________________________

၃။ မည်သည့်အရာဖြင့် ကျွန်ုပ်တို့၏ နှလုံးသားကို သန့်ရှင်းသင့်ပါသနည်း။

______________________________________________

______________________________________________

______________________________________________

၄။ ထွက်မြတ်သော ပေးကမ်းမစမှုများကို ဆွဲဆောင်သည့် အခြေအနေအချို့မှာ မည်သည်တို့ဖြစ်သနည်း။

______________________________________________

______________________________________________

______________________________________________

၅။ အောက်ပါတို့အနက်မှ မည်သည်တို့က မှန်ပါသနည်း။

- ______ ပထမ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ။ ဒါမှ သူများကို ဂရုစိုက်နိုင်လိမ့်မယ်။
- ______ အခြားလူတွေကို အမြဲတမ်း ကူညီနေမယ်ဆိုရင် ကိုယ့်ရည်မှန်းချက်တွေ ပျောက်သွားလိမ့်မယ်။
- ______ သင်ဟာ သင့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပဲ။
- ______ အရေးအကြီးဆုံးကတော့ ဘယ်ဟာက ကိုယ့်ကို ပျော်ရွှင်အောင် လုပ်ပေးတယ်ဆိုတာ သိဖို့ပဲ။
- ______ ကိုယ့်အိပ်မက်တွေကို အကောင်အထည်ဖော်ပါ။ အဲဒီကနေ ပျော်ရွှင်မှုရလိမ့်မယ်။
- ______ ဘယ်သူ့ကိုမှ မထိခိုက်သရွေ့ ကိုယ်လုပ်သမျှက အကြောင်းမဟုတ်ပါ။
- ______ တစ်ခုခု ကောင်းတာကို လုပ်သရွေ့ ကိုယ့်ရည်ရွယ်ချက်တွေက အတ္တဆန်နေလည်း ရပါတယ်။

## အခန်း (၂)

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှစ်မျိုးအတွက် အဓိကကျသည်မှာ ကျွန်ုပ်တို့ကို မြင့်မြတ်စွာ ဖြစ်တည်ပေးထားသည်ဆိုသည့် သဘောပေါက်မှုဖြစ်သည်။

ဘဟာအွလ္လာဘုရားရှင်က မိန့်မှာထားသည်မှာ–

**"အို နာမ်ဝိညာဉ်၏သား၊ ငါအရှင်သည် အသင့်အား ကြွယ်ဝချမ်းသာခြင်း၌ ဖြစ်ထွန်းစေတော်မူ၏။ အသင်ကား အဘယ့်ကြောင့် ဆင်းရဲနွမ်းပါးသောအဖြစ်သို့ အသင့်ကိုယ်ကို ရောက်စေသနည်း။ ငါအရှင်ကား အသင့်အား မွန်မြတ်ခြင်း၌ ဖြစ်တည်စေတော်မူထား၏။ အသင်ကား မိမိကိုယ်ကို အဘယ်ကြောင့် ယုတ်ညံ့အောင် ပြုလုပ်သနည်း။ အသိပညာ၏ အဆီအနှစ်မှ ငါအရှင်သည် အသင့်အားဖြစ်တည်ပေး၏။ ငါအရှင်မှတပါး အခြားတစ်ပါးသော သူထံမှ အဘယ့်ကြောင့် အသင်သည် အဖွံ့ဖြိုးအလင်း ရှာဖွေသနည်း။ ချစ်ခြင်းမေတ္တာ၏ မြေစေးမှ ငါအရှင်သည် အသင့်အား ပုံသွင်းထားတော်မူ၏။ အသင်ကား အဘယ်သို့ဖြင့် တစ်ပါးသောသူနှင့် အလုပ်ရှုပ်နေသနည်း။ ငါအရှင်သည် အသင်၏ အတွင်းသန္တာန်တွင် ကြီးကျယ်သော၊ တန်ခိုးကြီးသော၊ အမှီအခိုကင်းသော အရှင်အဖြစ် ရပ်တည်လျက် ရှိတော်မူသည်ကို အသင်တွေ့မြင်ရန် အသင်၏ ကိုယ်ကို ပြန်၍ကြည့်လော့။"[၅]**

အောက်ပါ ကွက်လပ်များကို ဖြည့်ခြင်းဖြင့် ဤစာပိုဒ်အပေါ် စဉ်းစားသုံးသပ်ရာတွင် သင့်ကို ကူညီပေးလိမ့်မည်။

"အို နာမ်ဝိညာဉ်၏သား၊ ငါအရှင်သည် အသင့်အား ______________________ ၌ ဖြစ်ထွန်းစေတော်မူ၏။ အသင်ကား အဘယ့်ကြောင့် ___________________________ သို့ အသင့်ကိုယ်ကို ရောက်စေသနည်း။ ငါအရှင်ကား အသင့်အား ________________ ၌ ဖြစ်တည်စေတော်မူထား၏။ အသင်ကား မိမိကိုယ်ကို အဘယ်ကြောင့် ______________________ _____________ ။ ________________________________ မှ ငါအရှင်သည် အသင့်အား ဖြစ်တည်ပေး၏။ _____________ မှတပါး အခြားတစ်ပါးသောသူထံမှ အဘယ့်ကြောင့် အသင်သည် ______________ ရှာဖွေသနည်း။ _______________________________ မှ ငါအရှင်သည် အသင့်အား __________________________ ။ အသင်ကား အဘယ်သို့ဖြင့် ________________ နှင့် _______________ သနည်း။ ငါအရှင်သည် အသင်၏ ________ _____________ တွင် ________________ ၊ _________________ ၊ _____________ ___________________ အရှင်အဖြစ် ________________________________ ကို အသင် _______________ အသင်၏ ကိုယ်ကို __________________ ။

ကျွန်ုပ်တို့ ဝိညာဉ်များ၏ မြင့်မြတ်မှုအတွက် မှန်ကန်မှုရစေရန် မိမိတို့ ဖြစ်တည်မှု၏ အရင်းခံ ဖြစ်တော်မူသော ဘုရားရှင်ဘက်သို့လှည့်၍ ထိုအရှင်ထံမှ လင်းဝင်းထွန်းတောက်မှုကို ရယူကြရမည်။ ဤသည်ကို အောင်မြင်ရန် အရေးကြီးဆုံးသော နည်းလမ်းများထဲမှ တစ်ခုမှာ ဆုတောင်းပတ္ထနာ

ပြုခြင်းဖြင့် ရရှိသည်။ သာသနာထိန်းကြီးဖြစ်သော ရှော်ဂီအဖန်ဒီအရှင်မြတ်က ၎င်း၏ အဓိက ပန်းတိုင်မှာ "ဝိညာဏ ကိုယ်ကျင့်တရားများနှင့် ဝိညာဏစွမ်းအားများဖြင့် တစ်ဦးချင်းနှင့် လူမှု အသိုက်အဝန်း၏ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။ ၎င်းအားဖြင့် လူ့ဝိညာဉ်ကို ပထမဦးဆုံး အစာ အာဟာရ ကျွေးရမည်။ ထို့ကြောင့် ဆုတောင်းပတ္ထနာသည် ဤဝိညာဏအာဟာရကို အကောင်းဆုံး ပေးနိုင်ပေ၏"[၆] ဟု ကျွန်ုပ်တို့ကို ပြောပြထားသည်။

## အခန်း (၃)

ဘုရားသခင်သည် အလုံးစုံတို့ကို သိကျွမ်းနားလည်တော်မူသော အရှင်၊ အသိဉာဏ်ပညာ အပေါင်းဖြင့် ပြည့်စုံတော်မူသော အရှင် ဖြစ်သည်။ ဘုရားရှင်က ကျွန်ုပ်တို့အား ဖြစ်တည်ပေးထား၍ ကျွန်ုပ်တို့ နှလုံးသားထဲ ရှိထားသမျှနှင့် ကျွန်ုပ်တို့အတွက် အကောင်းဆုံးဟူသမျှကို သိရှိထားသည်။ ထိုသို့ဆိုလျှင် အဘယ့်ကြောင့် ဆုတောင်းပတ္ထနာပြုသင့်ပါသနည်း။

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိန့်မှာထားသည်မှာ–

"အမြင့်မားဆုံးသော ဆုတောင်းပတ္ထနာပြုခြင်းတွင် လူတို့သည်ဘုရားရှင်အား ချစ်မြတ်နိုး၍သာ ပတ္ထနာပြုခြင်းဖြစ်ပြီး ဘုရားရှင်ကို ကြောက်ရွံ့ခြင်းကြောင့် မဟုတ်သည့် အပြင် ငရဲကို ကြောက်ရွံ့၍လည်း မဟုတ်ပေ။ သို့တည်းမဟုတ် ကောင်းချီးမင်္ဂလာနှင့် ဘုရားရှင်နိုင်ငံတော် အတွက် ဆိုသည့် မျှော်လင့်ချက်ကြောင့်လည်း မဟုတ်ပေ . . . ။ လူသည် အခြားတစ်ဦးအား ချစ်မြတ်နိုးမိလျှင် သူ ချစ်မြတ်နိုးသူ၏အမည်ကို ထုတ်ဖော်ပြောဆိုခြင်းမှ သူ့အား တားဆီးရန် မဖြစ်နိုင်ပေ။ အကြင်သူတစ်ဦးသည် ဘုရားရှင်အား ချစ်မြတ်နိုးသည့်အခါ ထိုဘုရားရှင်၏ နာမတော်ကို ထုတ်ဖော်ပြောဆိုခြင်းမှ တားဆီးရန် ပို၍ပင် ခက်ခဲလိမ့်မည် . . . ။ ဝိညာဏဆိုင်ရာ လူတစ်ဦးသည် ဘုရားရှင်အား သတိရတသခြင်းထက် မည်သည့်အရာတွင်မှ ရွှင်လန်းဝမ်းမြောက်မှုကို မတွေ့ရှိရပေ။"[၇]

ထို့အပြင် မေးမြန်းမှုတစ်ခုကို ဖြေကြားရာ၌ အရှင်က ရှင်းပြထားသည်မှာ–

"အကယ်၍ မိတ်ဆွေတစ်ဦးသည် အခြားတစ်ဦးကို ချစ်မြတ်နိုးလျှင် သူက ထိုသို့ ပြောပြချင် သည်မှာ သဘာဝမကျပေဘူးလား။ ထိုမိတ်ဆွေက မိမိ၏ ချစ်ခြင်းမေတ္တာကို သတိထား မိသည်ဟု သိသော်လည်း ထပ်မံ၍ ပြောမပြချင်ပါသလော။ . . . ဘုရားရှင်သည် နှလုံးသား အားလုံး၏ အလိုဆန္ဒများကို သိရှိသည်မှာ မှန်သည်။ သို့သော် ဆုတောင်းပတ္ထနာပြုလိုသော ဆန္ဒသည် သဘာဝဆန္ဒတစ်ခုဖြစ်၍ ဘုရားရှင့်အပေါ်ထားသည့် ချစ်ခြင်းမေတ္တာမှနေ၍ ပေါ်ပေါက်လာသည်။"[၈]

၁ ။ အောက်ပါစာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ____________________ ဆုတောင်းပတ္ထနာပြုခြင်းတွင် လူတို့သည် ဘုရားရှင်အား ________________ ပတ္ထနာပြုခြင်းဖြစ်ပြီး ဘုရားရှင်အား ________________ မဟုတ်သည့်အပြင် _____________________ လည်း မဟုတ်ပေ။ သို့တည်းမဟုတ် ____________________ နှင့် ___________________ အတွက် ဆိုသည့် ______ ______________________ ကြောင့်လည်း မဟုတ်ပေ။

(ခ) ကျွန်ုပ်တို့သည် အခြားတစ်ဦးအား __________________________________ မိမိ ချစ်မြတ်နိုးသူ၏အမည်ကို _____________________________ မှ ကျွန်ုပ်တို့အား တားဆီးရန် မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့သည် ဘုရားရှင်အား ချစ်မြတ်နိုးသည့်အခါ ထိုဘုရားရှင်၏ နာမတော်ကို ___________________ မှ တားဆီးရန် ________ ________________________ ။

(ဂ) ဝိညာဏဆိုင်ရာ လူတစ်ဦးသည် _________________________________ ထက် မည်သည့်အရာတွင်မှ ______________________________ ကို မတွေ့ရှိရပေ။

၂ ။ ကျွန်ုပ်တို့ အဘယ့်ကြောင့် ဆုတောင်းပတ္ထနာပြုသနည်း။

______________________________________________________________________

______________________________________________________________________

၃ ။ "ဘုရားရှင်အား သတိရတသခြင်း"ဆိုသည့် စကားစုမှာ မည်သည်ကို ဆိုလိုသနည်း။

______________________________________________________________________

______________________________________________________________________

၄ ။ အခြားတစ်ဦးကို ချစ်မြတ်နိုးသူတစ်ယောက်၏ အထက်သန်ဆုံးဆန္ဒမှာ မည်သည့်အရာ ဖြစ်သနည်း။

______________________________________________________________________

______________________________________________________________________

၅ ။ ဆုတောင်းပတ္ထနာပြုလိုစိတ်သည် မည်သည့်အရာမှနေ၍ ပေါ်ပေါက်လာသနည်း။

______________________________________________________________________

______________________________________________________________________

## အခန်း (၄)

ဘဟာအွလ္လာဘုရားရှင် ဖွင့်ပြတော်မူသည့် ဆုတောင်းပတ္ထနာတစ်ခုထဲတွင် ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ–

**“. . . ကျွန်တော်မျိုးသည် အရှင့်ထံပါးတော်၌ လျှောက်တောင်းလိုသည်ကား ကျွန်တော်မျိုး၏ ဆုတောင်းပတ္ထနာ ပြုခြင်းသည် အရှင့် အလုကျကျ်သရေတော်အား ပိတ်ထားသည့် အကာအကွယ်တို့ကို လောင်ကျွမ်းစေသည့် မီးဖြစ်လျက် ကျွန်တော်မျိုးအား အရှင်တည်ရှိရာ သမုဒ္ဒရာအတွင်းသို့ ဦးဆောင်ပေးမည့် အလင်းရောင် ဖြစ်စေတော်မူပါ။”[၉]**

ထိုဆုတောင်းပတ္ထနာထဲမှာပင် ဘုရားရှင်အား ကျွန်ုပ်တို့ တောင်းလျှောက်ထားသည်မှာ–

**“အို ကျွန်တော်မျိုး၏ ဘုရားသခင်၊ အရှင်၏ အချုပ်အခြာအာဏာ တည်နေသမျှ ကာလ ပတ်လုံး ကျွန်တော်မျိုး အသက်ရှင် ရပ်တည်နေနိုင်စေရန်နှင့် အရှင်၏ ကမ္ဘာ့ကမ္ဘာများတွင် အရှင့်အား တသဖော်ကျူးနိုင်စေရန် ကျွန်တော်မျိုး၏ ဆုတောင်းပတ္ထနာကို အသက်ရေစင် စမ်းပေါက်တစ်ခု ဖြစ်စေတော်မူပါ။”[၁၀]**

၁။ မည်သည့် အဓိပ္ပါယ်မျိုးဖြင့် ဆုတောင်းပတ္ထနာသည် မီးနှင့် တူနိုင်ပါသနည်း။ ၎င်းက မည်သည်တို့ကို လောင်ကျွမ်းသနည်း။

________________________________________

________________________________________

၂။ ကျွန်ုပ်တို့ကို ဘုရားရှင်ထံမှ ပိတ်ထားသည့် အကာအကွယ်အချို့ကို ဖော်ပြပါ။

________________________________________

________________________________________

________________________________________

၃။ ဆုတောင်းပတ္ထနာသည် အလင်းရောင်နှင့် တူနိုင်ပါသလား။ ၎င်းက ကျွန်ုပ်တို့အား မည်သည့် နေရာကို ဦးဆောင်ပါသနည်း။

________________________________________

________________________________________

________________________________________

၄။ ဆုတောင်းပတ္ထနာသည် အသက်ရေစင် စမ်းပေါက်နှင့် တူနိုင်ပါသလား။ ၎င်းက ကျွန်ုပ်တို့၏ ဝိညာဉ်များကို မည်သည့်အရာ ပေးပါသနည်း။

________________________________________

________________________________________

________________________________________

________________________________________

## အခန်း (၅)

အဖွဒွလ်ဘဟာအရှင်မြတ်၏ အောက်ပါ စကားများကို ဖတ်ရှု၍ စဉ်းစားသုံးသပ်ပါ။

**"ဖြစ်တည်ခြင်း၏ ကမ္ဘာတွင် ဆုတောင်းပတ္ထနာပြုခြင်းထက် ပို၍ချိုမြိန်သော အရာကား မရှိချေ။ လူသည် ဆုတောင်းပတ္ထနာပြုသည့် အဆင့်အခြေဖြင့် နေထိုင်ရမည်။ ကောင်ချီး မင်္ဂလာအရှိဆုံး အခြေအနေသည် ဆုတောင်းပတ္ထနာပြု၍ တိုးလျှိုးတောင်းခံသည့် အခြေအနေပင်ဖြစ်သည်။ ဆုတောင်းပတ္ထနာပြုခြင်းသည် ဘုရားရှင်နှင့် စကားပြောဆိုခြင်း ဖြစ်သည်။ အကြီးမားဆုံး ပေါက်ရောက်အောင်မြင်မှု သို့မဟုတ် အချိုမြိန်ဆုံး အဆင့်အခြေသည် ဘုရားရှင်နှင့် စကားပြောဆိုခြင်းမှတစ်ပါး အခြားအရာကား မရှိတော့ပေ။ ဆုတောင်းပတ္ထနာပြုခြင်းဖြင့် ဝိညာဏဆိုင်ရာများကို ဖြစ်ပေါ်စေလျက် သတိသမ္ပဇဉ်နှင့် ကောင်းကင်ဘုံဆိုင်ရာ ခံစားမှုများကို ပေါ်ပေါက်စေ၍ ဘုရားရှင့်နိုင်ငံတော်၏ ဆွဲဆောင်မှု အသစ်များကို ရရှိစေသည့်အပြင် ပိုမိုမြင့်မားသော အသိဉာဏ်၏ စိတ်ခံစားမှုများကို ရရှိစေသည်။"**[၁၁]

၁ ။ ဖြစ်တည်ခြင်း၏ကမ္ဘာတွင် အချိုမြိန်ဆုံး အဆင့်အခြေသည် မည်သည့်အရာ ဖြစ်သနည်း။

________________________________________

________________________________________

၂ ။ "ဆုတောင်းပတ္ထနာပြုသည့် အဆင့်အခြေ"ဆိုသည့် စကားစုမှာ မည်သည်ကို ဆိုလိုသနည်း။

________________________________________

________________________________________

________________________________________

၃ ။ ဆုတောင်းပတ္ထနာပြုခြင်းက ရရှိစေသော ဂုဏ်ရည်(လက္ခဏာရပ်)အချို့ကို ဖော်ပြပါ။

________________________________________

________________________________________

________________________________________

၄ ။ ဤအခန်း အနည်းငယ်တွင် သင်တို့ လေ့လာခဲ့သည့် ကောက်နုတ်ချက်များကို ပြန်နွှေးပြီး ဆုတောင်းပတ္ထနာပြုခြင်း၏ သဘောသဘာဝအပေါ် စကားစု ငါးခု ရေးပါ။

- ဆုတောင်းပတ္ထနာပြုခြင်းသည် ______________________________
- ဆုတောင်းပတ္ထနာပြုခြင်းသည် ______________________________
- ဆုတောင်းပတ္ထနာပြုခြင်းသည် ______________________________
- ဆုတောင်းပတ္ထနာပြုခြင်းသည် ______________________________
- ဆုတောင်းပတ္ထနာပြုခြင်းသည် ______________________________

## အခန်း (၆)

ဘဟာအွလ္လာဘုရားရှင်၏ အောက်ပါ စကားများကို ဖတ်ရှု၍ နှလုံးသွင်းပါ။

"အို . . . ငါအရှင်၏ အမှုထမ်းရွက်သူ၊ အသင့်တွင် ရရှိထားသည့် ထာဝရဘုရားသခင်၏ ဓမ္မခန်ပါဒများကို အသံနေအသံထားဖြင့် ရွတ်ဖတ်လော့။ ထိုသို့ရွတ်ဖတ်ရာတွင် ဘုရားရှင်၏ အနီးသို့ ချဉ်းကပ်သူများကဲ့သို့ ရွတ်ဖတ်ခြင်းအားဖြင့် သင်၏ သာယာနာပျော်ဘွယ်သော အသံ၏ ချိုမြိန်မှုသည် သင်ကိုယ်တိုင်၏ ဝိညာဉ်ကို လင်းဝင်းထွန်းတောက်စေပြီး လူအားလုံးတို့၏ နှလုံးသားများကိုလည်း ဆွဲဆောင်ပေအံ့။ မည်သူမဆို ဆိတ်ငြိမ်ရာ မိမိအခန်းအတွင်း၌ ထာဝရဘုရားရှင် ဖွင့်ပြသည့် ဓမ္မခန်ပါဒများကို ရွတ်ဖတ်သရွှာယ်ပါမူ အနှံ့အပြား၌ ရှိနေကြကုန်သော တန်ခိုးတော်ရှင် ထာဝရဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ထိုသူ၏နှုတ်မှ ရွတ်ဆိုလိုက်သည့် စကားလုံးများ၏ မွှေးရနံ့ကို နေရာအနှံ့အပြား၌ ကြဲဖြန့်ပေးပါအံ့။ ဤမွှေးရနံ့သည် သူတော်စင်အပေါင်းတို့ (ဖြောင့်မတ်မှန်ကန်သူတိုင်း)၏ နှလုံးသားကို ပီတိဖြင့် တဒိတ်ဒိတ်ခုန်စေအံ့။ ၎င်း၏အကျိုးအာနိသင်ကို ထိုသူသည် ပထမတွင် သတိမမူမိသော်လည်း သူ့အပေါ်၌ ချပေးသနားတော်မူသော ကျေးဇူးတော်အားဖြင့် သူ့ဝိညာဉ်အပေါ်တွင် ၎င်း၏ အကျိုးအာနိသင်သည် သက်ဝင်လှုပ်ရှားလာပေအံ့။ ဤသို့လျှင် ထာဝရဘုရားရှင် ဖွင့်ပြတော်မူချက်၏ လျှို့ဝှက်နက်နဲသော တရားဒေသနာတော်များကို အသိဉာဏ်တော်နှင့် တန်ခိုးစွမ်းအားတို့၏ အရင်းအမြစ်ဖြစ်တော်မူသော ထာဝရဘုရားရှင်၏ အလိုတော်အားဖြင့် ပြဋ္ဌာန်းထားခဲ့လေသည်။"[၁၂]

၁။ "အသံနေအသံထားဖြင့်" ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုပါသနည်း။

______________________________

______________________________

၂။ ကျွန်ုပ်တို့သည် ဘုရားရှင်၏ ဓမ္မခန်ပါဒများကို အသံနေအသံထားဖြင့် မည်သို့ ရွတ်ဖတ်သင့်သနည်း။

______________________________

______________________________

______________________________

______________________________

၃။ "ရွတ်ဖတ်သရွှာယ်"သည် ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုသနည်း။

______________________________

______________________________

၄ ။ “ကြဲဖြန့်သည်”ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုသနည်း။

၅ ။ ကျွန်ုပ်တို့ သာယာနာပျော်ဘွယ်သော အသံ၏ ချိုမြိန်မှုသည် မိမိတို့ကိုယ်တိုင်၏ ဝိညာဉ်များ အပေါ်တွင် မည်သည့် အကျိုးအာနိသင် ရှိမည်နည်း။

၆ ။ ကျွန်ုပ်တို့ သာယာနာပျော်ဘွယ်သော အသံ၏ ချိုမြိန်မှုသည် အခြားသူများ၏ နှလုံးသားများ အပေါ်တွင် မည်သည့် အကျိုးအာနိသင် ရှိမည်နည်း။

## **အခန်း (၇)**

ဘဟာအွလ္လာဘုရားရှင် ဖွင့်ပြတော်မူသည့် ဆုတောင်းပတ္ထနာတစ်ခုမှ အောက်ပါ စာနှစ်ပိုဒ်ကို အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။

> **“အို ထာဝရဘုရားသခင်၊ ကျွန်တော်မျိုး၏ ထာဝရဘုရားသခင်၊ ကျွန်တော်မျိုး၏ မျှော်မှန်းချက်များနှင့် ပြုလုပ်မှုများအပေါ်တွင် မကြည့်မူဘဲ ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံများကို လွှမ်းခြုံရစ်ပတ်ထားသော အရှင်၏ အလိုဆန္ဒအပေါ်၌ ကြည့်ရှုတော်မူပါ။ အို တိုင်းနိုင်ငံအားလုံးတို့၏ အရှင်သခင်၊ အရှင်၏ အကြီးမားဆုံးသော နာမတော်ကို အမှီသဟဲပြု၍ လျှောက်တောင်းလိုသည်ကား အရှင် ချစ်နှစ်သက်တော်မူသည်တို့ကို ကျွန်တော်မျိုး ချစ်မြတ်နိုးတော်မူ၍၊ အရှင် အလိုဆန္ဒရှိတော်မူသည်တို့ကို ကျွန်တော်မျိုး ဆန္ဒရှိတော်မူပါ၏။”[၁၃]**
>
> **“အရှင်နှင့် နီးကပ်ခြင်း၏ ကောင်းကင်ဘုံသို့ တက်လှမ်းရန် အရှင့်ထံပါးတော်သို့ ချဉ်းကပ်သူများ၏ ချီးမွမ်းထောမနာ ပြုပို့ခြင်းထက်လည်းကောင်း အရှင်၏ ဂိတ်တံခါးဆီသို့ ရောက်ရှိရန် အရှင့်အား ရိုသေကျိုးနွံသည့် နှလုံးသားကျေးငှက်များ၏ ချီးမွမ်းထောမနာ ပြုပို့ခြင်းထက် လည်းကောင်း လွန်စွာ မြင့်မြတ်တော်မူသော အရှင်ပေတည်း။ ကျွန်တော်မျိုး သက်သေဝန်ခံသည်ကား အရှင်သည် နာမတော်အားလုံးတို့ထက် သန့်ရှင်းမြင့်မြတ်တော်မူ၍ ဂုဏ်အင်လက္ခဏာ အားလုံးတို့ထက် သန့်စင်မွန်မြတ်တော်မူပါပေ၏။ ဘုန်းကျက်သရေတော် အပေါင်းဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်၊ အမြင့်မြတ်ဆုံး ဖြစ်တော်မူသော အရှင်၊ အရှင်မှတပါး အခြားဘုရား မရှိပါ။”[၁၄]**

# အခန်း (၈)

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဖော်ပြထားသည်မှာ–

**“အမှုထမ်းရွက်သူသည် ဘုရားရှင်ထံ ဆုတောင်းပတ္ထနာပြု၍ အရှင့်ထံမှ အကူအညီကို တောင်းခံရန်နှင့် အရှင့်ထံ အသနားခံ၍ အရှင်၏ ကူညီမှုကို တောင်းပန်တိုးလျှိုးရန်အတွက် တာဝန်ရှိ၏။ ထိုအချင်းအရာသည် အမှုထမ်းရွက်ခြင်း၏ အဆင့်အခြေဖြစ်လာ၍ ဘုရားသခင်သည် အလိုရှိတော်မူသမျှကို အရှင်၏ ပြီးပြည့်စုံတော်မူသော ဉာဏ်တော်ဖြင့် အမိန့်ချမှတ်ပေလိမ့်မည်။”[၁၅]**

ထို့ပြင် အရှင်က ရှင်းပြထားသည်မှာ–

**“ဝိညာဏ (အသက်ဓာတ်)၌ သက်ရောက်လွှမ်းမိုးမှုရှိသည်။ ဆုတောင်းပတ္ထနာသည် ဝိညာဏဆိုင်ရာ အကျိုးသက်ရောက်မှုရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ‘အို ဘုရားသခင်၊ ဤဝေဒနာသည်ကို ကုသပေးတော်မူပါ’ဟု ပတ္ထနာပြုကြသည်။ ဖြစ်နိုင်သည်မှာ ဘုရားရှင်သည် ဖြေကြားတော်မူပေလိမ့်မည်။ မည်သူမည်ဝါ ဆုတောင်းပတ္ထနာပြုသည်မှာ အဓိကကျပါသလော။ ထိုပတ္ထနာပြုမှုက အရေးတကြီးလိုအပ်ပါလျှင် ဘုရားရှင်သည် အမှုထမ်းတိုင်း၏ ဆုတောင်းပတ္ထနာကို ဖြည့်ဆည်းတော်မူလိမ့်မည်။ အရှင်၏ ကရုဏာတော်သည် ကျယ်ပြော၍ အကန့်အသတ်မရှိပေ။ ထိုဘုရားရှင်သည် အရှင့်အမှုထမ်းအားလုံး၏ ဆုတောင်းပတ္ထနာကို ဖြေကြားတော်မူသည်။ အရှင်သည် ဤအပင်၏ ဆုတောင်းကိုပင် ဖြေကြားတော်မူ၏။ ဤအပင်က ‘အို ဘုရားသခင်၊ ကျွန်တော်မျိုးအပေါ်သို့ မိုးရေများ ရွာချပေးတော်မူပါ’ ဟု ထက်ထက်သန်သန် လျှောက်တောင်းသည်။ ဘုရားရှင်က ထိုဆုတောင်းပတ္ထနာကို ဖြေကြားတော်မူ၍ အပင်မှာ ကြီးထွားလာသည်။ ဘုရားရှင်သည် မည်သူ့ကိုမဆို ဖြေကြားတော်မူပေလိမ့်မည်။”[၁၆]**

ကျွန်ုပ်တို့၏ ဆုတောင်းပတ္ထနာများထဲတွင် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဘုရားရှင်ထံ တောင်းလျှောက်ကြသည်မှာ သဘာဝကျသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် မိမိတို့ ချစ်မြတ်နိုးသူများ၏ ကျန်းမာရေးအတွက် ဆုတောင်းပတ္ထနာ ပြုကြသည်။ ကျွန်ုပ်တို့ မိသားစုများ၏ ဝိညာဏပိုင်းနှင့် ရုပ်ပိုင်းတိုးတက်မှုအတွက် ဆုတောင်းပတ္ထနာ ပြုကြသည်။ လမ်းညွှန်မှုရရန် ပတ္ထနာပြုကြသည်။ အမှုထမ်းလမ်းကြောင်းတွင် ခွန်အား၊ ယုံကြည်မှုနှင့် အတည်ပြုချက်တို့ ရရှိရန်အတွက် တောင်းလျှောက်ကြသည်။ ဘုရားရှင်ထံ ဆုတောင်းပတ္ထနာပြုရာတွင် ဤဘဝ၌ မိမိတို့၏ ပန်းတိုင်မှာ ကိုယ့်ဆန္ဒကို ဘုရားရှင်၏ အလိုဆန္ဒနှင့် ကိုက်ညီစေရန် ဖြစ်သည်ကို သတိရသင့်သည်။ သို့ဖြစ်သောကြောင့် အရှင်၏ အလိုဆန္ဒတော်ကို ဆောင်ရွက်ရန်နှင့် ၎င်းကို လုံးလုံးပုံအပ်ထားဖို့ အဆင်သင့်ဖြစ်ရန် ဆုတောင်းပတ္ထနာပြုကြရမည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အောက်ပါ စကားလုံးများကို အလွတ်ကျက်မှတ်ပါက သင့်အတွက် အချိန်တိုင်းတွင် ပျော်ရွှင်မှုနှင့် ယုံကြည်စိတ်ချမှု၏ အရင်းခံ ဖြစ်လိမ့်မည်–

"အို မိမိ၏မျက်နှာကို ထာဝရဘုရားရှင်ဘက်သို့ လှည့်ထားသူ၊ အသင်၏ မျက်လုံးများကို အရာခပ်သိမ်းကုန်ဆီ ပိတ်ထားကုန်၍ ဘုန်းတန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော နိုင်ငံတော်ဘက်ဆီသို့ ဖွင့်ထားပါလေ။ အသင် အလိုရှိသမျှတို့ကို ထိုဘုရားရှင် တစ်ပါးတည်း ထံတွင်သာ တောင်းခံပါလေ။ ရှာဖွေလိုသမျှ အရာမှန်သမျှကိုလည်း ထိုအရှင့်ထံမှ ရှာဖွေ ပါလေ။ တစ်ချက်ကြည့်ရှုရုံမျှဖြင့် ထိုဘုရားရှင်သည် မျှော်လင့်ချက် ထောင်ပေါင်းများစွာကို ပြည့်စုံစေတော်မူ၏။ တစ်ချက်ဝေ့ကြည့်ရုံမျှနှင့်ပင် သိန်းသောင်းချီသော ရောဂါဘယတို့ကို ကုသပေးတော်မူ၏။ ဦးခေါင်းတော် တစ်ချက်ညိတ်ရုံမျှဖြင့် ဒဏ်ရာဒဏ်ချက်တိုင်းအတွက် ကုသရာဆေးကို လိမ်းပေးတော်မူ၏။ လျပ်တစ်ပြက်ကြည့်ရုံမျှဖြင့်ပင် ထိုဘုရားရှင်သည် နှလုံးသားများကို ဝမ်းနည်းပူးဆွေးခြင်း၏ အတုပ်အနှောင်များမှ လွတ်မြောက်စေတော်မူ၏။ ထိုအရှင်သည် မိမိ ပြုလုပ်လိုတော်မူသည့်အတိုင်း ပြုလုပ်တော်မူ၏။ သို့ဖြစ်၍ မည်သည့် အရာသည် ကျွန်ုပ်တို့တွင် ရှိပါသေးသနည်း။ ထိုဘုရားရှင်သည် မိမိအလိုဆန္ဒရှိတော် မူသည်ကို ဆောင်ရွက်တော်မူ၏။ မိမိကျေနပ် နှစ်မြို့က်တော်မူသည်ကို ချပေးတော်မူ၏။ သို့ဖြစ်သောကြောင့် အသင်၏ ဦးခေါင်းကို ဝပ်တွားခယမှုဖြင့် ဦးညွှတ်ထားလျက် အလုံးစုံ တို့ကို ကြင်နာသနားတော်မူသော အရှင်သခင်ထံတွင် အသင်၏ ယုံကြည်စိတ်ချမှုကို ပုံအပ် ထားခြင်းဖြင့်သာ အသင့်အတွက် ပိုမိုကောင်းလှပေ၏။"[၁၇]

## အခန်း (၉)

ယခုအထိ လေ့လာပြီးသမျှမှနေ၍ ဆုတောင်းပတ္ထနာပြုရာတွင် ဘုရားရှင်ဘက်သို့ လှည့်ခြင်း သည် ဝိညာဏအသက်ရှင်သန်မှုအတွက် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် မနက်ဘက် အိပ်ယာမှ နိုးပြီး၍ သိပ်မကြာမီနှင့် ညဘက် အိပ်ယာမဝင်မီ ဘုရားရှင်ထံ ဆုတောင်း ပတ္ထနာပြုသည်မှာ အထူးပင် ချိုမြိန်လှသည်။ နေ့စဉ် ဆုတောင်းပတ္ထနာပြုသည့် ကြာချိန်နှင့် ဆုတောင်းပတ္ထနာ အရေအတွက်မှာ မိမိတို့၏ လိုအပ်ချက်များနှင့် ဝိညာဏ ဆာလောင်မှုအပေါ် မူတည်သည်။ ဗဟာအွလ္လာဘုရားရှင်၊ ဗာဗ်ဘုရားရှင်နှင့် အဗ္ဗဒွလ်ဗဟာအရှင်မြတ်တို့ ဖွင့်ပြခဲ့သည့် ဆုတောင်းပတ္ထနာများစွာထဲမှ အချိန်အခါတိုင်းအတွက် ကျွန်ုပ်တို့ ရွေးချယ်နိုင်ကြသည်။ သို့သော် ဗဟာအွလ္လာဘုရားရှင်က နေ့စဉ်ဖတ်ရမည့် ဝတ်မပျက် ဆုတောင်းပတ္ထနာ သုံးပုဒ်ကိုလည်း ဖွင့်ပြတော်မူခဲ့သည်။ ရှော်ဂီအဖန်ဒီအရှင်က မိန့်ဆိုထားသည်မှာ-

"နေ့စဉ်(ဖတ်ရမည့်) ဝတ်မပျက်ဆုတောင်းပတ္ထနာ သုံးမျိုးရှိသည်။ အတိုဆုံး ဝတ်မပျက် ဆုတောင်းပတ္ထနာတွင် အပိုဒ်တစ်ပိုဒ်တည်းသာပါပြီး နှစ်ဆယ့်လေး နာရီအတွင်း မွန်းတည့်ချိန်တွင် တစ်ကြိမ်တည်းသာ ရွတ်ဖတ်ရမည်။ 'ထာဝရဘုရားသခင် သက်သေခံ သည်ကား မိမိမှတစ်ပါး အခြားဘုရားမရှိ'ဆိုသည့် စကားလုံးများဖြင့် အစပြုထားသည့် အလယ်အလတ် ဝတ်မပျက်ဆုတောင်းကို တစ်နေ့လျှင် သုံးကြိမ် ဖတ်ကြားရမည်ဖြစ်ပြီး

နံနက်ချိန်၊ မွန်းတည့်ချိန်နှင့် ညနေချိန်တို့တွင် ဖတ်ကြားရမည်။ ဤဆုတောင်းပတ္ထနာတွင် အချို့သော ရုပ်ပိုင်းနှင့်ဆိုင်သည့် ဆောင်ရွက်ချက်များနှင့် အပြုအမူတို့ ပါရှိသည်။ ဝတ်မပျက်ဆုတောင်းပတ္ထနာ သုံးမျိုးအနက် အရှည်ဆုံးဖြစ်သော ဝတ်မပျက်ဆုတောင်း ပတ္ထနာကိုမူ နှစ်ဆယ့်လေးနာရီအတွင်း တစ်ကြိမ်တည်းသာ ဖတ်ရွတ်ရမည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်သောအချိန်ကို ရွေးချယ်နိုင်ပေသည်။

"သာသနာဝင်တစ်ဦးသည် ဤဆုတောင်းပတ္ထနာ သုံးမျိုးအနက်မှ တစ်မျိုးမျိုးကို ရွေးချယ်ရန် အပြည့်အဝ လွတ်လပ်သည်။ သို့ရာတွင် တစ်မျိုးမျိုးကို မပျက်မကွက် ရွတ်ဖတ်ရမည်ဖြစ်ပြီး တွဲပါလာသည့် သက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်ရမည်။"[၁၈]

ထို့ပြင် အရှင်က ဆက်၍ ပြောထားသည်မှာ–

"ဤနေ့စဉ် ဝတ်မပျက် ဆုတောင်းပတ္ထနာများကို အခြားသော အထူးဆုတောင်းပတ္ထနာ အနည်းငယ်ဖြစ်သည့် ဘုရားဂုဏ်တော်ဖွင့် ဆုတောင်းပတ္ထနာနှင့် အာမက်ဆုတောင်းတို့နှင့် အတူ အထူးစွမ်းအားများနှင့် ထူးခြားမှုတို့ဖြင့် ဘဟာအွလ္လာဘုရားရှင်က ထည့်သွင်းပေး ထားရာ သာသနာဝင်များအနေဖြင့် ထိုသို့ လက်ခံထား၍ သံသယမရှိသည့် ယုံကြည်မှုနှင့် စိတ်ချမှုတို့ဖြင့် ရွတ်ဖတ်သရွှာယ်သည့်အခါ ယင်းပတ္ထနာများအားဖြင့် ဘုရားရှင်နှင့် ပိုမိုနီးကပ်စွာ ဆက်သွယ်နိုးနှောမှုထဲ ဝင်ရောက်နိုင်ကြပြီး သူတို့ကိုယ်တိုင်သည် ဘုရားရှင်၏ ဥပဒေသများနှင့် ကျင့်ဝတ်သီလများကို ပို၍ အပြည့်အဝ နေထိုင်ပြသနိုင်လိမ့်မည်။"[၁၉]

ဘဟာအွလ္လာဘုရားရှင် ဖွင့်ပြတော်မူသည့် ဝတ်မပျက် ဆုတောင်းပတ္ထနာများကို တစ်ကိုယ်ရေသာ ဖတ်ရှုသည်။ နေ့စဉ်ဝတ်မပျက် ပတ္ထနာတစ်ခုကို သက်ဆိုင်ရာ ထုံးတမ်းစဉ်လာ နှင့်အညီ လူစုလူဝေးတစ်ခုတွင် ရွတ်ဖတ်သည့် အများလိုက်ဆိုရသည့် (တိုင်ပေးသည့်) ဆုတောင်း ပတ္ထနာမျိုး ဘဟာအီသာသနာတွင် မရှိပါ။ ကွယ်လွန်သူအတွက် ဆုတောင်းပတ္ထနာမှာ ဘဟာအီ ဥပဒေသအရ ချမှတ်ထားသည့် လူစုလူဝေးဖြင့် ဖတ်သည့် ဆုတောင်းပတ္ထနာသာ ဖြစ်သည်။ မြေမြှုပ်မသင်္ဂြိုဟ်မီ ရှိနေသူများထဲမှ တစ်ဦးက ၎င်းကို ရွတ်ဖတ်ရမည်။ ထိုအချိန်တွင် ကျန်သူများက ငြိမ်သက်စွာဖြင့် မတ်တပ်ရပ်နေကြရမည်။

၁။ ဝတ်မပျက်ဆိုသည့် စကားလုံး၏ အဓိပ္ပါယ်မှာ မည်သည်နည်း။

______________________________

______________________________

၂။ ဘဟာအွလ္လာဘုရားရှင်သည် နေ့စဉ်ဝတ်မပျက် ဆုတောင်းပတ္ထနာ မည်မျှကို ဖွင့်ပြတော်မူခဲ့ ပါသနည်း။

______________________________

______________________________

______________________________

၃ ။ ကျွန်ုပ်တို့သည် ထိုပတ္ထနာသုံးခုစလုံးကို နေ့စဉ် ဖတ်ရွတ်သင့်ပါသလား။

______________________________

၄ ။ ဝတ်မပျက် ဆုတောင်းပတ္ထနာ အရှည်ကို ဖတ်ရန် ရွေးချယ်ပါက နေ့စဉ် ဘယ်နှစ်ကြိမ် ဖတ်သင့်ပါသနည်း။

______________________________

၅ ။ အလယ်အလတ် ဝတ်မပျက် ဆုတောင်းပတ္ထနာကို ဖတ်ရန် ရွေးချယ်ပါက ဘယ်နှစ်ကြိမ် ဖတ်သင့်ပါသနည်း။

______________________________

၆ ။ ဝတ်မပျက် ဆုတောင်းပတ္ထနာ အတိုကို ဖတ်ရန် ရွေးချယ်ပါက ဘယ်နှစ်ကြိမ် ဖတ်သင့် ပါသနည်း။

______________________________

၇ ။ အထူးစွမ်းအားရှိသည့် ဆုတောင်းပတ္ထနာအချို့ကို ဖော်ပြပါ။

______________________________

______________________________

______________________________

၈ ။ အလွတ်မကျက်မှတ်ရသေးလျှင် ဝတ်မပျက်ဆုတောင်းပတ္ထနာ အတိုကို အလွတ်ကျက်မှတ်ပါ။

**“အို ဘုရားသခင်၊ ကိုယ်တော်သည် ကျွန်တော်မျိုးကို ကိုယ်တော်အား သိကျွမ်းရန်နှင့် ကိုးကွယ်ဝတ်ပြုရန် ဖန်ဆင်း၍ထားကြောင်းကို ကျွန်တော်မျိုး သက်သေဝန်ခံပါ၏။ ကျွန်တော်မျိုးသည် ယခုအချိန်၌ ကျွန်တော်မျိုး၏ တန်ခိုးမဲ့ခြင်းအခြေနှင့် ကိုယ်တော်၏ စွမ်းအားဗလ တန်ခိုးတော်ကို လည်းကောင်း ကျွန်တော်မျိုး၏ ဆင်းရဲနွမ်းပါးခြင်းနှင့် ကိုယ်တော်၏ ကြွယ်ဝချမ်းသာခြင်းကို လည်းကောင်း သက်သေဝန်ခံပါ၏။**

**ကိုယ်တော်မှတစ်ပါး ကိုးကွယ်ထိုက်သော ဘုရားမရှိ၊ ကိုယ်တော်သည် ဘေးအန္တရာယ်မှ ကင်တင်တော်မူသောအရှင်၊ မိမိအလိုအလျောက် တည်ရှိတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။”**[၂၀]

၉ ။ ဤဆုတောင်းပတ္ထနာထဲတွင် မည်သည်ကို ကျွန်ုပ်တို့ သက်သေခံထားပါသနည်း။

______________________________

______________________________

______________________________

______________________________

# အခန်း (၁၀)

ဝတ်မပျက် ဆုတောင်းပတ္ထနာ ဖတ်သည့် ဥပဒေသကို လိုက်နာခြင်းမှ ရရှိသည့် ကောင်းကျိုးမင်္ဂလာများနှင့် အခြားဆုတောင်းပတ္ထနာများကို တစ်ကိုယ်ရေ ဖတ်ရှုခြင်းမှ ရရှိသည့် အာဟာရဖြည့်တင်းမှုတို့အပြင် စုစည်းပွဲ ကြီးကြီး သေးသေးတို့တွင် ရွတ်ဖတ်သည်ကို ကျွန်ုပ်တို့ ကြားရသည့်အခါ မိမိတို့၏ ဝိညာဉ်များမှာ အားတက်လာကြသည်ကို သတိရသင့်သည်။ ဘဟာအွလ္လာဘုရားရှင်က မိန့်မှာထားသည်မှာ–

**“အသင်တို့သည် အဆုံးစွန်သော ပျော်ရွှင်မှုနှင့် အပေါင်းအဖော်စိတ်တို့ဖြင့် စုစည်းကြကုန်၍ သနားကရုဏာထားရှိသော သင်တို့အရှင်သခင် ဖွင့်ပြတော်မူသည့် ဓမ္မခန်ပါဒများကို ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်လော့။ ထိုသို့လုပ်ခြင်းဖြင့် စစ်မှန်သော အသိပညာတံခါးမများသည် သင်တို့၏ အတွင်းပိုင်း ဖြစ်တည်မှုဆီ ပွင့်သွားစေ၍ ယင်းနောက်တွင် သင်တို့၏ ဝိညာဉ်များကို ခိုင်မာစွဲမြဲခြင်းဖြင့် ချပေးထားသည်ကို ခံစားရကုန်၍ သင်တို့၏ နှလုံးသားများကို ဝင်းပသော ပျော်ရွှင်မှုဖြင့် ဖြည့်တင်းပေးသည်ကို ခံစားရကုန်အံ့။”[၂၁]**

သူငယ်ချင်းများနှင့် အိမ်နီးချင်းများနှင့်အတူတကွ ဘုရားသခင်နှင့် ဆက်သွယ်နှီးနှောရန် စုစည်းကြသည့် ကမ္ဘာတစ်လွှားရှိ စုပေါင်းဆုတောင်းပွဲများမှာ ထောင်ချီ၍ များပြားလာနေသည်ကို ကျွန်ုပ်တို့ သိရှိရခြင်းဖြင့် များစွာဝမ်းမြောက်ကြရသည်။ ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ရေးသားထားသည်မှာ–

**“စုပေါင်းဆုတောင်းပွဲများမှာ မည်သူပင်ဖြစ်စေ ဝင်ရောက်၍ ကောင်းကင်ဘုံ၏ မွှေးရနံ့များကို ရှူရှိုက်ပြီး ဆုတောင်းပတ္ထနာ၏ ချိုမြိန်မှုကို တွေ့ကြုံခံစားရပြီးလျှင် ဖြစ်တည်ပေးသော နှုတ်ကပတ်တော်အပေါ် နှလုံးသွင်းကြလျက် ဝိညာဏ၏အတောင်ပံများဖြင့် ခေါ်ဆောင်ခံရသည့်အပြင် ချစ်မြတ်နိုးရာအရှင်နှင့်လည်း နှီးနှောစကားပြောဆိုကြရသည်။ အပေါင်းအဖော်စိတ်ဓာတ်နှင့် ဘုံတူအရေးအရာ ခံစားမှုတို့ကို အထူးသဖြင့် ထိုသို့သော အချိန်များတွင် သဘာဝအလျောက်တွေ့ရသော ဝိညာဏမြင့်မားစေသည့် စကားပြောဆိုမှုများထဲကနေ ဖော်ထုတ်ပေးလိုက်ပြီး ယင်း(စကားပြောဆိုမှုများ)အားဖြင့် ‘လူ့နှလုံးသားမြို့တော်’ကို ဖွင့်လှစ်နိုင်ကြသည်။”[၂၂]**

ကျွန်ုပ်တို့ ဆုတောင်းပတ္ထနာပြုလိုစိတ် ဖြစ်သည့်အခါ မိမိတို့ စိတ်ထဲမှ ဤကမ္ဘာနှင့်ဆိုင်သည့် အရာများကို သန့်စင်သွားစေရန် ငြိမ်သက်စွာ ခေတ္တ စောင့်ကြသည်။ ဆုတောင်းပတ္ထနာပြုနေစဉ်တွင် မိမိတို့၏ အတွေးအခေါ်များကို ဘုရားသခင်အပေါ်တွင် အာရုံစူးစိုက်ထားသည်။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ပြီးနောက် အချိန်အထိုက်အလျောက် ဆက်၍ ငြိမ်သက်ပြီးနောက် ဆောင်ရွက်ချက်တစ်ခုကို ရုတ်တရက် မပြောင်းကြပေ။ စုစည်းပွဲများတွင် အခြားသူများ ဖတ်သည့် ဆုတောင်းပတ္ထနာများကို နားထောင်သည့်အခါတွင်လည်း ထိုသို့ အတူတူပင်ဖြစ်သည်။ ထိုအချိန်အခါများတွင် မိမိကိုယ်တိုင်က ရွတ်ဖတ်နေသည့်အလား ဆုတောင်းပတ္ထနာပြုသည့် စိတ်နေစိတ်ထားကို ဆက်၍ထိန်းထားပြီး (ဖတ်သည့်)စာသားများအတိုင်း လိုက်၍ နစ်မျောကြသည်။

၁ ။ ဘုရားရှင်၏ ဓမ္မခန်ပါဒများကို ရွတ်ဖတ်သည့်အခါ မည်သည့်စိတ်ထားဖြင့် ကျွန်ုပ်တို့ အတူတကွ စုစည်းကြသနည်း။

________________________________________

________________________________________

၂ ။ ဘုရားရှင်၏ ဓမ္မခန်ပါဒများကို ရွတ်ဖတ်ရန် ကျွန်ုပ်တို့ အတူတကွ စုစည်းပွဲများ၏ သက်ရောက်မှုမှာ မည်သည်တို့ ဖြစ်သနည်း။

________________________________________

________________________________________

________________________________________

၃ ။ စုပေါင်းဆုတောင်းပွဲများမှာ မည်သူပင်ဖြစ်စေ –

– ____________

– ________________________

– ________________________ လျှင်

– ________________________________________

____________

– ____________________________________

– ________________________________________

____________

၄ ။ မည်သည့် ခံစားမှုများကို စုပေါင်းဆုတောင်းပွဲများတွင် ရရှိပါသနည်း။

________________________________________

________________________________________

၅ ။ စုပေါင်းဆုတောင်းပွဲများတွင် သဘာဝအလျောက် တွေ့ရသော ဝိညာဏမြင့်မားစေသည့် စကားပြောဆိုမှုများ၏ သက်ရောက်မှုမှာ မည်သည့်အရာဖြစ်သနည်း။

________________________________________

________________________________________

၆ ။ တစ်ဦးတည်းဖြစ်စေ သို့မဟုတ် စုစည်းပွဲတွင်ဖြစ်စေ ဆုတောင်းပတ္ထနာပြုသည့်အခါ ကျွန်ုပ်တို့ ပြသသင့်သည့် လေးစားဖွယ် စိတ်နေစိတ်ထားအကြောင်းကို စကားလုံး အနည်းငယ်ဖြင့် ရေးပါ။

________________________________________

________________________________________

## အခန်း (၁၁)

ဤစာအုပ်၏ ပထမပိုင်းသည် ကျမ်းစမ္မခန်များထဲမှ စာပိုဒ်များကို နေ့စဉ် ဖတ်ရှု၍ ၎င်းတို့၏ အဓိပ္ပါယ်ကို စဉ်းစားသည့် အလေ့အကျင့်အပေါ်တွင် အားစိုက်ထားသည်။ ဤအပိုင်းတွင် သင်သည် ဆုတောင်းပတ္ထနာပြုခြင်း၏ ထူးခြားမှုအပေါ် စဉ်းစားသုံးသပ်ပြီး၍ ရလဒ်အနေဖြင့် နေ့စဉ် ဆုတောင်းပတ္ထနာပြုသည့် အလေ့အကျင့်ကို အားကောင်းစေခဲ့သည်။ ပြီးခဲ့သည့်အခန်းက ရပ်ရွာလူထု၏ စုပေါင်းဘုရားရှိခိုးမှု၏ အရေးကြီးပုံကို သင့်အား အာရုံစိုက်စေခဲ့သည်။ ယခုအထိ လေ့လာပြီးသမျှအားဖြင့် အမှုထမ်းလမ်းကြောင်းပေါ်ရှိ ပထမဆုံးအလုပ်ဖြစ်သော စုပေါင်း ဆုတောင်းပွဲကို လက်ခံ ဆောင်ရွက်ခြင်း ဆိုသည်ကို သင်တို့ ဆန္ဒရှိပါက ဆောင်ရွက်စေရန် ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်စေသည်။

ပထမအဆင့်အနေဖြင့် သင်တို့သည် ဆုတောင်းပတ္ထနာများစွာကို အလွတ်ကျက်မှတ်ချင်၍ ၎င်းတို့ကို သူငယ်ချင်း အနည်းငယ်အား မျှဝေပေးချင်သည့် အခွင့်အလမ်းကို ရှာဖွေချင်လိမ့်မည်။ တစ်ချိန်တည်းမှာပင် သင့်ဒေသရှိ စုပေါင်းဆုတောင်းပွဲတစ်ခုကို အနည်းဆုံး တစ်ကြိမ်တက်ဖြစ် စေရန် သေချာဖို့နှင့် စိတ်အားထက်သန်သည့် ပံ့ပိုးကူညီသူများထဲတွင် ပါရှိဖို့ သေချာစေနိုင်သည်။ ထို့နောက် အဆုံးတွင် သင်ကိုယ်တိုင် မိမိသူငယ်ချင်းများ၊ မိသားစုဝင်များနှင့် အိမ်နီးချင်းများကို ပုံမှန်စုစည်းပြီး ဆုတောင်းပတ္ထနာနှင့် အပေါင်းအဖော်ဖြစ်ရန်အတွက် စုပေါင်းဆုတောင်းပွဲတစ်ခုကို အိမ်ရှင်အဖြစ် ကျင်းပရန် ဆုံးဖြတ်နိုင်သည်။ ဤသင်ခန်းစာတွင် ပါဝင်လေ့လာသည့် နှစ်ယောက် သုံးယောက်ဖြင့် ထိုစုပေါင်းဆုတောင်းပွဲကို အတူတကွ စပြီး လုပ်သည်မှာ ထူးထူးဆန်းဆန်း မဟုတ်ပေ။

သင်တို့ စဉ်းစားမိသည့်အတိုင်း စုပေါင်းဆုတောင်းပွဲတစ်ခုကို မည်သို့ စီစဉ်ရမည်ဆိုသည့် ပုံသေနည်းမရှိပေ။ သို့သော် ၎င်းမှာ ဆုတောင်းပတ္ထနာများကို ဖတ်ရွတ်ကြ၍ ကျမ်းစမ္မခန်များထဲမှ

စာပိုဒ်များကို ဖတ်ရှုပြီး အားတက်စေသည့် စကားပြောဆိုမှုများကို ဖြစ်ပေါ်စေသဖြင့် အားလုံးတို့က ထူးခြားသည့် ဝိညာဏဝန်းကျင်ထဲ ရောက်နေသည့် သူငယ်ချင်းများ၏ စုစည်းမှုဖြစ်သည်မှာ ရှင်းလင်းပါသည်။ စုပေါင်းဆုတောင်းပွဲကို အိမ်ရှင်အဖြစ် ပြုလုပ်သည့် အကြောင်းအရာဖြင့် အောက်ပါ အယူအဆတစ်ခုစီ အကြောင်းကို စကားလုံးအနည်းငယ်ဖြင့် ပြောပြပါ။

နွေးထွေး၍ မေတ္တာထားသော ဖိတ်ကြားမှုများကို တိုးချဲ့နေသည်-

လက်ကမ်းကြိုဆိုသော ဝန်းကျင်ကို ပုံဖော်နေသည်-

ကြည်ညိုကိုင်းရှိုင်းသည့် ဝန်းကျင်ကို ဆက်၍ထိန်းထားသည်-

ပျော်ရွှင်ဖွယ် အပေါင်းအဖော်စိတ်ကို တိုးမြှင့်နေသည်-

ဝိညာဏအားတက်စေသော စကားပြောဆိုမှုကို အားပေးနေသည်-

# REFERENCES


1. *Gleanings from the Writings of Bahá'u'lláh* (Wilmette: Bahá'í Publishing Trust, 1983, 2017 printing), XLIII, par. 4, p. 105.
2. Bahá'u'lláh, in *Trustworthiness: A Compilation of Extracts from the Bahá'í Writings*, compiled by the Research Department of the Universal House of Justice (London: Bahá'í Publishing Trust, 1987), no. 21, p. 5.
3. *The Call of the Divine Beloved: Selected Mystical Works of Bahá'u'lláh* (Haifa: Bahá'í World Centre, 2018), no. 2.43, p. 31.
4. From a talk given on 5 May 1912, published in *The Promulgation of Universal Peace: Talks Delivered by 'Abdu'l-Bahá during His Visit to the United States and Canada in 1912* (Wilmette: Bahá'í Publishing, 2012), p. 127.
5. Bahá'u'lláh, *The Hidden Words* (Wilmette: Bahá'í Publishing Trust, 2003, 2012 printing), Arabic no. 13, pp. 6–7.
6. From a letter dated 8 December 1935 written on behalf of Shoghi Effendi, published in *Prayer and Devotional Life: A Compilation of Extracts from the Writings of Bahá'u'lláh, the Báb, and 'Abdu'l-Bahá and the Letters of Shoghi Effendi and the Universal House of Justice*, compiled by the Research Department of the Universal House of Justice (Wilmette: Bahá'í Publishing, 2019), no. 71, p. 31.
7. Words of 'Abdu'l-Bahá, cited by J. E. Esslemont, *Bahá'u'lláh and the New Era: An Introduction to the Bahá'í Faith* (Wilmette: Bahá'í Publishing, 2006, 2017 printing), p. 106.
8. Ibid.
9. Bahá'u'lláh, in *Bahá'í Prayers: A Selection of Prayers Revealed by Bahá'u'lláh, the Báb, and 'Abdu'l-Bahá* (Wilmette: Bahá'í Publishing Trust, 2002, 2017 printing), pp. 7–8.
10. Ibid., p. 9.
11. Words of 'Abdu'l-Bahá, cited in *Star of the West*, vol. 8, no. 4 (17 May 1917), p. 41.
12. *Gleanings from the Writings of Bahá'u'lláh*, CXXXVI, par. 2, p. 334; also in *Bahá'í Prayers*, p. iii.
13. Bahá'u'lláh, in *Bahá'í Prayers*, pp. 8–9.
14. Ibid., p. 12.
15. 'Abdu'l-Bahá, in *Prayer and Devotional Life*, no. 24, p. 7.
16. From a talk given by 'Abdu'l-Bahá on 5 August 1912, published in *The Promulgation of Universal Peace*, p. 345.
17. *Selections from the Writings of 'Abdu'l-Bahá* (Wilmette: Bahá'í Publishing, 2010, 2015 printing), no. 22.1, pp. 75–76.
18. From a letter dated 10 January 1936 written on behalf of Shoghi Effendi, published in *Prayer and Devotional Life*, no. 61, p. 25.
19. From a letter dated 10 January 1936 written on behalf of Shoghi Effendi, quoted in *Bahá'í Prayers*, p. 301.
20. Bahá'u'lláh, in *Bahá'í Prayers*, p. 4.
21. Bahá'u'lláh, in *Prayer and Devotional Life*, no. 68, p. 29.
22. From a message dated 29 December 2015, published in *Framework for Action: Selected Messages of the Universal House of Justice and Supplementary Material, 2006–2016* (West Palm Beach: Palabra Publications, 2017), no. 35.49, p. 232.



# အသက်ရှင်ခြင်းနှင့် သေခြင်း

# Life and Death

**ရည်ရွယ်ချက်**

အသက်ရှင်သန်မှုသည်  ဤကမ္ဘာ၏ အပြောင်းအလဲများနှင့် အခွင့်အလမ်း
များသာ ပါဝင်ရုံမဟုတ်ဘဲ နာမ်ဝိညာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုတွင်
၎င်း(အသက်ရှင်မှု)၏ စစ်မှန်သော ထူးခြားမှုကို သိရှိရန်

## အခန်း (၁)

လူ့ဝိညာဉ်သည် ဒြပ်စင်နှင့် ရုပ်ကမ္ဘာထက် မြင့်မြတ်သည်။ အရှင်၏ ပြောဟောချက်တစ်ခုတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရှင်းပြထားသည်မှာ–

**"ဤရုပ်ခန္ဓာများသည် အက်တမ်များဖြင့် ဖွဲ့စည်းထားသည်။ ဤအက်တမ်များက သီးခြားစတင်ဖြစ်၍ ပြိုကွဲသည့်အခါ ယင်းနောက် ကျွန်ုပ်တို့ ခေါ်ဝေါ်သည့် သေခြင်းဟူသည် ဖြစ်လာသည် . . . ။**

**"ဝိညာဉ်အတွက်မူ ခြားနား၏။ ဝိညာဉ်သည် အရာများဖြင့် ဖွဲ့စည်းမထားပေ။ ၎င်းကို အက်တမ်များစွာဖြင့် ဖွဲ့စည်းမထားပေ။ ၎င်းမှာ ခွဲခြမ်းမရသည့် အရာတစ်ခုတည်းပင် ဖြစ်သောကြောင့် အစဉ်တည်မြဲသည်။ ၎င်းမှာ ရုပ်ဖြစ်တည်မှု၏ အစီအစဉ် လုံးလုံး မဟုတ်ပေ။ ၎င်းမှာ အစဉ်တည်မြဲသည်!"[၁]**

၁ ။ "ဖွဲ့စည်းထားသည်" ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

________________________________________

၂ ။ လူ့ဝိညာဉ်သည် ရုပ်ပစ္စည်းများကဲ့သို့ အရာမျိုးစုံဖြင့် ဖွဲ့စည်းထားပါသလား။

________________________________________

၃ ။ လူ့ဝိညာဉ်သည် ရုပ်ပစ္စည်းတစ်ခု ဟုတ်ပါသလား။

________________________________________

## အခန်း (၂)

သာသနာထိန်းကြီးကိုယ်စား ရေးသားထားသည့် စာတစ်စောင်တွင် "လူ့ဝိညာဉ်သည် သန္ဓေတည်သည့် အချိန်တွင် ဖြစ်တည်လာသည်"[၂] ဟု ဖော်ပြထားသည်။ "သန္ဓေတည်ခြင်း"ဟူသည့် အဓိပ္ပါယ်ကို မေးမြန်းထားသည့် စာတစ်စောင်ကို ဖြေကြားရာတွင် ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ဖြေကြားထားသည်မှာ–

**"ဘဟာအီသာသနာ၏ ကျမ်းမွမ်ခန်များထဲတွင် 'သန္ဓေတည်ခြင်း'ဟု ဖော်ပြထားသည့် ဇီဝဗေဒဆိုင်ရာ အချိန်အခါနှင့် ထိုဖြစ်ရပ်၏ သဘောသဘာဝကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုသည့်အရာ ဘာကိုမျှ မတွေ့ရပေ။ ဆေးပညာတွင် ဤအခေါ်အဝေါ်ကို အသုံးပြုပုံ**

မှာလည်း မတိမကျ ဖော်ပြထားသည်။ အမှန်တွင် သန္ဓေတည်ခြင်းနှင့်ဆိုင်သည့် နားလည်မှု တစ်ခုမှာ မျိုးပွါးခြင်းနှင့် တစ်ထပ်တည်းကျသည်ဟု ဖြစ်သည်။ သို့သော် မျိုးပွါးခြင်းနှင့် သန္ဓေစတင်ချိန်နောက်တွင် (ပဋိသန္ဓေရှိသည်) ကိုယ်ဝန်ရှိသည်ဟု အစပြုသည်။ ထို့ကြောင့် မည်သည့်အချိန်တွင် ဝိညာဉ်သည် ရုပ်သဏ္ဍာန်နှင့် ဆက်သွယ်မှုဖြစ်သည်ကို သိရှိရန် မဖြစ်နိုင်ဘဲ ၎င်းတို့သည် ဝိညာဏကမ္ဘာ၏ လျှို့ဝှက်နက်နဲမှုများနှင့် ဆက်နွယ်၍ ဝိညာဉ်ကိုယ်တိုင်၏ သဘာဝတို့နှင့် ဆက်နွယ်သောကြောင့် ထိုသို့သော မေးခွန်းများကို လူ့အတွေးအခေါ် သို့မဟုတ် စူးစမ်းလေ့လာမှုဖြင့် ဖြေရှင်းရန် မဖြစ်နိုင်ပေ။”[၃]

၁။ လူ့ဝိညာဉ်သည် မည်သည့်အချိန်တွင် ဖြစ်တည်လာသနည်း။

________________________________________

________________________________________

________________________________________

၂။ သန္ဓေတည်ခြင်းဆိုသည့် အခေါ်အဝေါ်သည် တိကျသည့် ဇီဝဗေဒဆိုင်ရာ အချိန်အခါကို ဖော်ပြပါသလား။ ________________________________

## အခန်း (၃)

ဝိညာဉ်နှင့် ခန္ဓာကိုယ်အကြား ဆက်နွယ်မှုသည် ရုပ်ပိုင်းဆိုင်ရာ မဟုတ်ပေ။ ဝိညာဉ်သည် ခန္ဓာကိုယ်တွင်းသို့ ဝင်သည် သို့မဟုတ် ထွက်သည်ဟု မရှိဘဲ ရုပ်ပိုင်းတည်နေရာကိုလည်း ယူမထားပေ။ ခန္ဓာကိုယ်နှင့် ဆက်နွယ်မှုသည် အလင်းရောင်နှင့် အလင်းကို ရောင်ပြန်သည့် မှန်ကြေးမုံနှင့် တူသည်။ မှန်ထဲတွင် ပေါ်သည့် အလင်းရောင်သည် အတွင်းတွင် မရှိပေ။ အလားတူပင် ဝိညာဉ်သည် ခန္ဓာကိုယ်ထဲတွင် မရှိပေ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ညွှန်ပြထားသည်မှာ–

**“စဉ်းစားဆင်ခြင်နိုင်သည့် ဝိညာဉ် သို့မဟုတ် လူ့နာမ်ဝိညာဉ်သည် ဤခန္ဓာကိုယ်ဖြင့် မွေးရာပါ အသက်ရှင်နေသည်မဟုတ်– ဆိုလိုသည်မှာ ဝိညာဉ်သည် ခန္ဓာကိုယ်တွင်းသို့ မဝင်ရောက်ပေ။ အကြောင်းမှာမူ မွေးရာပါနှင့် ဝင်ရောက်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်၏ လက္ခဏာရပ်များ ဖြစ်၍ စဉ်းစားဆင်ခြင်နိုင်သည့် ဝိညာဉ်သည် ဤအထက်တွင် သန့်စင်စွာ တည်ရှိသည်။ ၎င်းသည် အခြားစံအိမ်တစ်ခုခုသို့ ထွက်ခွါရန် လိုအပ်သဖြင့် အစပြုရန် ဤခန္ဓာကိုယ်တွင်းသို့ ဘယ်အခါမှ မဝင်ရောက်ခဲ့။ မဝင်ရောက်ခဲ့ပေ။ ဝိညာဉ်သည် ခန္ဓာကိုယ်နှင့် ဆက်နွယ်ပုံမှာ ဤမီးအိမ်က မှန်ကြေးမုံနှင့် ဆက်နွယ်မှုအလားပင် ဖြစ်သည်။ မှန်ကြေးမုံကို သန့်စင်ထား၍ ပြီးပြည့်စုံပါလျှင် မီးအိမ်၏ အလင်းရောင်သည် ၎င်းအတွင်း ကျရောက်ပြီး မှန်ကြေးမုံက ကွဲသွားသည် သို့မဟုတ် ဖုန်မှုန့်တို့ဖြင့် ဖုံးအုပ်သည်ဆိုလျှင်ပင် အလင်းရောင်သည် ဆက်ပြီး ဖုံးကွယ်နေသည်။”[၄]**

၁ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) စဉ်းစားဆင်ခြင်နိုင်သည့် ဝိညာဉ် သို့မဟုတ် ______________________ သည် ဤခန္ဓာကိုယ်ဖြင့် မွေးရာပါ အသက်ရှင်နေသည်မဟုတ်– ဆိုလိုသည်မှာ ဝိညာဉ်သည် ခန္ဓာကိုယ်တွင်းသို့ ____________________ ။

(ခ) ______________________ သို့မဟုတ် လူ့နာမ်ဝိညာဉ်သည် ခန္ဓာကိုယ်တွင်းသို့ မဝင်ရောက်ပေ။ အကြောင်းမှာမူ မွေးရာပါနှင့် ဝင်ရောက်ခြင်းဆိုသည်မှာ ________ ______________________________________ ဖြစ်၍ စဉ်းစားဆင်ခြင်နိုင်သည့် ဝိညာဉ်သည် ___________________________________________ ။

(ဂ) ဝိညာဉ်သည် အခြားစံအိမ်တစ်ခုခုသို့ ထွက်ခွါရန် လိုအပ်သဖြင့် အစပြုရန် ________________________ ဘယ်အခါမှ မဝင်ရောက်ခဲ့ပေ။

(ဃ) ဝိညာဉ်သည် ခန္ဓာကိုယ်နှင့် ဆက်နွယ်ပုံမှာ ________________________________ _____________________ နှင့် ဆက်နွယ်မှုအလားပင် ဖြစ်သည်။

(င) မှန်ကြေးမုံကို သန့်စင်ထား၍ ပြီးပြည့်စုံပါလျှင် ____________________________ _____________________________ သည် ၎င်းအတွင်း ကျရောက်သည်။

(စ) မှန်ကြေးမုံက ကွဲသွားသည် သို့မဟုတ် ဖုန်မှုန့်တို့ဖြင့် ဖုံးအုပ်သည်ဆိုလျှင်ပင် ______ ________________________________________________ ။

၂ ။ ယခုအထိ လေ့လာပြီးသမျှအပေါ် အခြေခံ၍ အောက်ပါတို့က မှန်သလားဆိုသည်ကို ဆုံးဖြတ်ပါ။

_______ ဝိညာဉ်သည် ရုပ်ပိုင်းကမ္ဘာနှင့် မဆိုင်ပေ။

_______ ဝိညာဉ်သည် ခန္ဓာကိုယ်ထဲတွင် ရှိသည်။

_______ ခန္ဓာကိုယ်သည် ဝိညာဉ်၏ ပိုင်ရှင်ဖြစ်သည်။

_______ ဝိညာဉ်သည် ထာဝစဉ် ရှင်သန်သည်။

_______ ဝိညာဉ်ကိုယ်တိုင်က သန္ဓေသားနှင့် ဆက်သွယ်သည့်အခါ လူသည် သူ သို့မဟုတ် သူ(မ)၏ အစ ရှိသည်။

_______ လူသည် ဤကမ္ဘာတွင် မွေးဖွားသောအခါ အသက်ရှင်သန်မှု စတင်သည်။

_______ လူ၏ ရုပ်ပိုင်း ဖြစ်တည်မှုသည် သေပြီးနောက် ဆက်၍ ရှိသည်။

_______ အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အတွက် နေ့စဉ်ဖြစ်နေသည့်အရာများ ပါဝင်သည်။

၃။ ဝိညာဉ်နှင့် ခန္ဓာကိုယ်အကြားရှိ ဆက်နွယ်မှုကို ဖော်ပြရန် အလင်းရောင်နှင့် မှန်ကြေးမုံ သာဓကကို အသုံးပြုပါ။

## အခန်း (၄)

ဝိညာဉ်နှင့် ရုပ်ခန္ဓာအကြားတွင် ထူးခြားသော ဆက်သွယ်မှုရှိပြီး ၎င်းတို့နှစ်ခုပေါင်းမှ လူသားတစ်ဦး ဖြစ်ပေါ်လာသည်။ ဤဆက်သွယ်မှုသည် သေခြင်းမကင်းသော ဤလူ့သက်တမ်း အထိသာ ကြာမြင့်သည်။ ဤဆက်သွယ်မှုပြီးဆုံးလျှင် ဝိညာဉ်နှင့် ရုပ်ခန္ဓာတို့သည် ၎င်းတို့၏ မူရင်း နေရာများဆီ ပြန်သွားကြသည်– ခန္ဓာကိုယ်သည် ဖုံမှုန့်ကမ္ဘာသို့ ပြန်သွားပြီး ဝိညာဉ်သည် ဘုရားသခင်၏ ဝိညာဏကမ္ဘာများဆီ ပြန်သွားသည်။ ထိုနေရာများတွင် ဝိညာဉ်သည် ဆက်လက် တိုးတက်သွားသည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဖော်ပြထားသည်မှာ –

**"လူ့အသက်ဓာတ်(နာမ်ဝိညာဉ်)သည် အစပြုမှုရှိပြီး အဆုံးသတ်မရှိချေ– ယင်းသည် အမြဲအစဉ် တည်တံ့သည်။"[၅]**

အရှင်၏ ပြောဟောချက်တစ်ခုတွင် ရှင်းပြထားသည်မှာ–

**"အသက်ဓာတ်သည် ခန္ဓာကိုယ်ကို မလိုအပ်ပေ။ သို့သော် ခန္ဓာကိုယ်သည် အသက်ဓာတ် လိုအပ်၏ သို့မဟုတ်ပါက ၎င်းမှာ မရှင်သန်နိုင်ပေ။ ဝိညာဉ်သည် ခန္ဓာကိုယ် မရှိဘဲ ရှင်သန်နိုင်သည်။ သို့သော် ခန္ဓာကိုယ်သည် ဝိညာဉ်မရှိပါက သေဆုံးသည်။"[၆]**

ထို့ပြင် သာသနာထိန်းကြီးက ရှင်းပြထားသည်မှာ–

**"လူ့ဝိညာဉ်နှင့် ပတ်သက်လျှင် ဘဟာအီတရားဒေသနာတော်များအရ လူ့ဝိညာဉ်သည် (လူ)သန္ဓေသားနှင့် ပေါင်းစည်းရာမှစတင်ပြီး ခန္ဓာကိုယ်မှခွဲခွါသွားပြီးနောက် ဖြစ်တည်ခြင်း၏ အဆုံးမရှိသော အဆင့်များတစ်လျှောက် ဆက်လက်ဖွံ့ဖြိုး၍ ကျော်ဖြတ်သွားသည်။ ဤသို့ဖြင့် ၎င်း၏ တိုးတက်မှုမှာ အကန့်အသတ်မရှိပေ။"[၇]**

၁။ အထက်ပါ ကောက်နုတ်ချက်များကို စိတ်တွင်မှတ်ထားပြီး အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ခန္ဓာကိုယ်သည် ဝိညာဉ်ကို လိုအပ်ပါသလား။ ____________________

(ခ) ဝိညာဉ်သည် ခန္ဓာကိုယ်ကို လိုအပ်ပါသလား။ ____________________

(ဂ) ကျွန်ုပ်တို့ သေဆုံးသည့်အခါ ခန္ဓာကိုယ်နှင့် ဝိညာဉ်အကြားရှိ ဆက်နွယ်မှုမှာ မည်သို့ ဖြစ်သွားသနည်း။

____________________

____________________

(ဃ) သေဆုံးပြီးနောက် ဝိညာဉ်မှာ မည်သို့ ဖြစ်သွားသနည်း။

____________________

____________________

(င) ဝိညာဉ်၏ တိုးတက်မှုသည် မည်မျှကြာသနည်း။

____________________

____________________

(စ) အသက်ရှင်မှုသည် မည်သည့်အချိန်တွင် အဆုံးသတ်သနည်း။

____________________

____________________

၂။ အောက်ပါတို့အနက်မှ မည်သည်တို့က ဤအခန်းများတွင် ကျွန်ုပ်တို့ လေ့လာခဲ့သမျှနှင့် ကိုက်ညီပါသနည်း။

________ သေခြင်းသည် ပြစ်ဒဏ်ဖြစ်သည်။

________ ခန္ဓာကိုယ်နှင့် ဝိညာဉ်အကြားရှိ ဆက်နွယ်မှုသည် သေခြင်းမကင်းသော လူ့သက်တမ်းအထိသာ ကြာမြင့်သည်။

________ ခန္ဓာကိုယ်သည် အစဉ်အမြဲ တိုးတက်နိုင်စွမ်းရှိသည်။

________ ဝိညာဉ်သည် အမြဲအစဉ် တိုးတက်လိမ့်မည်။

________ သေခြင်းသည် အသက်ရှင်ခြင်း၏ အဆုံးသတ်ဖြစ်သည်။

________ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များ ပြန်၍ရှင်သန်မည့် စီရင်ချက်ချသည့်နေ့ ရှိလိမ့်မည်။

________ သေဆုံးသည့်အခါ ဝိညာဉ်သည် ယခင်ထက်ပိုပြီး လွတ်လပ်မှုရှိသွားသည်။

________ အသက်ရှင်ခြင်းသည် သေခြင်းဖြင့် အဆုံးသတ်သည်။

________ ကျွန်ုပ်တို့သည် သေခြင်းကို ကြောက်သင့်သည်။

________ အစားအသောက်၊ အဝတ်အစား၊ အနားယူမှုနှင့် အပန်းဖြေမှုတို့သည် ဝိညာဉ် အတွက် လိုအပ်သည်။

_______ ခန္ဓာကိုယ်သည် ဝိညာဉ်၏ စွမ်းအင်များကို အသုံးပြုသဖြင့် ဝိညာဉ်မှာ ပင်ပန်းလာသည်။

_______ ခန္ဓာကိုယ်၏ ဖျားနာခြင်း သို့မဟုတ် အားနည်းခြင်းတို့ကြောင့် ဝိညာဉ်အပေါ် မသက်ရောက်စေပါ။

_______ လူသည် သေပြီးနောက် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ဆက်ပြီးရှိနေသေးသည်။

## အခန်း (၅)

ဝိညာဉ်သည် ရုပ်ပိုင်းနေရာကို ယူမထားပုံနှင့် ရုပ်ပိုင်းအရာများအတိုင်း သဘာဝလောက၏ ဥပဒေများနှင့်အညီ အလုပ်မလုပ်ပုံတို့ကို ကျွန်ုပ်တို့ တွေ့ရှိပြီးထားပြီ။ ဝိညာဉ်သည် ခန္ဓာကိုယ်ဟူသည့် အေဂျင်စီအားဖြင့် ကမ္ဘာတွင် သက်ရောက်မှု ဖြစ်စေသည်။ သို့သော် ဤသည်မှာ ဝိညာဉ်က ၎င်း၏ စွမ်းအားကို အသုံးပြုသည့် နည်းလမ်းသာမဟုတ်ပေ။ ဘဟာအွလ္လာဘုရားရှင်က မြွက်ဟကြေညာထားသည်မှာ–

**"ကေန်အမုန် ငါဘုရားရှင်ဆိုသည်ကား လူ့ဝိညာဉ်သည် တက်ခြင်းနှင့် ဆင်းခြင်း (ဆုတ်ယုတ်ခြင်း)ဟူသမျှတို့အထက်တွင် မြင့်မားလှပေ၏။ ယင်းသည် ငြိမ်၏၊ သို့သော် မြင့်တက်၏။ ယင်းသည် ရွေ့လျား၏။ သို့သော် ငြိမ်၏။"[၈]**

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပြောပြထားသည်မှာ–

**"လူ့အသက်ဓာတ်၏ သက်ရောက်မှုနှင့် သိမြင်နားလည်မှု(perception)မှာ နှစ်မျိုးရှိသည်။ ဆိုလိုသည်ကား လူ့အသက်ဓာတ်သည် ဆောင်ရွက်ပုံနှင့် သိနားလည်ပုံ နည်းလမ်း နှစ်သွယ်ရှိသည်။ နည်းလမ်းတစ်မျိုးမှာ ခန္ဓာကိုယ်ဆိုင်ရာ ကိရိယာများနှင့် အင်္ဂါများဖြင့်ဖြစ်သည်။ ထို့ကြောင့် ၎င်းက မျက်လုံးဖြင့် မြင်သည်၊ နားဖြင့် ကြားသည်၊ လျှာဖြင့် ပြောသည် . . . ။**

**"အသက်ဓာတ်၏ သက်ရောက်မှုနှင့် ဆောင်ရွက်မှု၏ အခြားနည်းလမ်းတစ်မျိုးမှာ ဤခန္ဓာကိုယ်ဆိုင်ရာ ကိရိယာများနှင့် အင်္ဂါများ မပါဘဲနှင့် ဖြစ်သည်။"[၉]**

၁ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) လူ့ဝိညာဉ်သည် _______________ နှင့် _______________ ဟူသမျှတို့အထက်တွင် မြင့်မားလှပေ၏။

(ခ) ယင်းသည် _____________ ၊ သို့သော် _____________ ။

(ဂ) ယင်းသည် _____________ ၊ သို့သော် ________ ။

၂။ လူ့ဝိညာဉ်က ဤကမ္ဘာတွင် သိမြင်နားလည်၍ သက်ရောက်စေသည့် နည်းလမ်းနှစ်မျိုးကို ဖော်ပြပါ။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

၃။ ခန္ဓာကိုယ်ဆိုင်ရာ ကိရိယာများမပါဘဲနှင့် ဝိညာဉ်၏ သက်ရောက်မှုနှင့် ဆောင်ရွက်ချက်တို့နှင့်ဆိုင်ရာ နမူနာများကို ဖော်ပြပါ။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

## အခန်း (၆)

ယခုတွင် ရှေ့ဘက်အခန်းများရှိ ဆွေးနွေးချက်အရ ဘဟာအွလ္လာဘုရားရှင်၏ ကျမ်းစေ့ခန်များထဲမှ အောက်ပါ စာပိုဒ်ကို ဖတ်ပါ။

**"လူ့ဝိညာဉ်သည် ခန္ဓာကိုယ် သို့မဟုတ် စိတ်၏ မလုံလောက်မှုများ (အားနည်းချက်များ) အထက်တွင်ရှိ၍ ယင်းအားလုံးတို့မှနေ၍ လွတ်ကင်းသည်။ မကျန်းမာသူ တစ်ဦးက ပြသသည့် အားနည်းခြင်း၏ အမှတ်လက္ခဏာများသည် သူ့ဝိညာဉ်နှင့် ခန္ဓာကိုယ်အကြားကြားဖြတ်ဝင်သည့် အဟန့်အတားများကြောင့် ဖြစ်ရသည်။ အကြောင်းမှာမူ ဝိညာဉ်သည် ခန္ဓာကိုယ်၏ မည်သည့် ဖျားနာမှုကြောင့်မျှ ဆက်ပြီးမသက်ရောက်ဘဲ ဆက်ရှိသည်။ မီးအိမ်၏ အလင်းရောင်ကို စဉ်းစားကြည့်ပါကုန်။ အပြင်ဘက်အရာက ၎င်း၏ ထွန်းလင်းမှုကို အနှောင့်အယှက်ရှိနိုင်သော်လည်း အလင်းရောင်ကိုယ်တိုင်ကမူ ငြိမ်းမသွားသည့်စွမ်းအားဖြင့် ဆက်၍ ထွန်းလင်းသည်။ ထို့အတူ လူ့ခန္ဓာကိုယ်ကို ကျရောက်သည့် ရောဂါတိုင်းသည် ဝိညာဉ်အား ၎င်း၏ ပင်ကိုယ်အင်အားနှင့် စွမ်းအားတို့ကို ထင်ရှားပြသခြင်းမှ အတားအဆီး**

**ဖြစ်သည့် အဟာန့်အတားပင်ဖြစ်သည်။ သို့သော် ၎င်းသည် ခန္ဓာကိုယ်ကို စွန့်ခွါသည့်အခါ ကမ္ဘာမြေပေါ်ရှိ မည်သည့် အင်အားနှင့်မျှ မညီမျှနိုင်သည့် ထိုသို့သော သာလွန်မှု (ascendancy)ကို ရှင်းလင်းစွာပြသ၍ ဖွင့်ပြပေမည်။ ဖြူစင်သူတိုင်း၊ စင်ကြယ်၍ သန့်ရှင်း မြင့်မြတ်သူတိုင်းကို ကြီးမားလှစွာသော စွမ်းအား(ပါဝါ)ကို ချပေးမည်ဖြစ်၍ အလွန့် အလွန်သော ပျော်ရွှင်မှုဖြင့် ဝမ်းမြောက်ကြရလိမ့်မည်။”[၁၀]**

၁။ ဝိညာဉ်သည် ခန္ဓာကိုယ် သို့မဟုတ် စိတ်၏ မလုံလောက်မှုများ(အားနည်းချက်များ)ကြောင့် မည်သို့ သက်ရောက်မှုမရှိပုံနှင့် ခန္ဓာကိုယ်မှ ခွဲခွါသွားပြီးနောက် မည်သည်တို့ မြင်သာလာမည်ကို သင်၏ ကိုယ်ပိုင်စကားလုံးနှင့် ရှင်းပြပါ။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၂။ ကျွန်ုပ်တို့၏ ရုပ်ခန္ဓာများ သေဆုံးပြီးနောက် မိမိတို့၏ ကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းထားပါမည်လား။ ____________________________________________________

## အခန်း (၇)

ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အား မိန့်တော်မူထားသည်မှာ –

**“ယခု သင်တို့ မေးမြန်းချက်ဖြစ်သော လူ့ဝိညာဉ်နှင့် သေပြီးနောက် ၎င်း၏ရှင်သန်ပုံနှင့် ပတ်သက်သည်။ ဤအချက်ကို အမှန်တရားတစ်ရပ်အနေဖြင့် သိလော့။ ဝိညာဉ်သည် ရုပ်ခန္ဓာမှ ခွဲခွာသွားပြီးနောက် ဘုရားရှင်ရှေ့တော်မှောက် ရောက်သည့်တိုင်အောင် ဆက်လက်တိုးတက်ပေလိမ့်မည်။ ဤအဆင့်အခြေနှင့် အခြေအနေသည် ခေတ်ကာလများနှင့် ရာစုနှစ်များ လည်ပတ်မှုကဖြစ်စေ ဤကမ္ဘာမြေ၏ အပြောင်းအလဲများနှင့်**

**အခွင့်အလမ်းများကဖြစ်စေ ပြောင်းလဲ၍လည်း မရနိုင်ပေ။ ဝိညာဉ်သည် ဘုရားသခင်၏ အချုပ်အခြာစိုးပိုင်ခြင်း၊ အုပ်စိုးခြင်းနှင့် စွမ်းအား၊ ဘုရားသခင်၏ နိုင်ငံတော်တည်နေသမျှ ကာလပတ်လုံး တည်မြဲနေမည်။ ၎င်းသည် ဘုရားသခင်၏ အမှတ်သင်္ကေတများနှင့် ဂုဏ်အင်လက္ခဏာများကိုပြသ၍ အရှင်၏ချစ်ကြင်နာခြင်းနှင့် ကောင်းချီးမင်္ဂလာကို ဖော်ကျူးပေလိမ့်မည်။”[၁၁]**

၁ ။ ဝိညာဉ်သည် ရုပ်ခန္ဓာ သေဆုံးပြီးနောက် မည်မျှကြာအောင် ဆက်လက်တိုးတက်မည်နည်း။

________________________________________

________________________________________

၂ ။ ဝိညာဉ်သည် ဘုရားရှင့်ရှေ့တော်မှောက်ဆီ ၎င်း၏ ထာဝရခရီးစဉ်တွင် မည်သည့် အဆင့်အခြေဖြင့် ဆက်လက်မည်နည်း။

________________________________________

________________________________________

________________________________________

၃ ။ ထိုအဆင့်အခြေတွင် ဝိညာဉ်က ပြသမည့် ဘုရားသခင်၏ ဂုဏ်အင်လက္ခဏာများနှင့် အမှတ်သင်္ကေတအချို့ကို ဖော်ပြပါ။

________________________________________

________________________________________

၄ ။ ယခုအထိ ကျွန်ုပ်တို့ လေ့လာခဲ့သမျှအပေါ် အခြေခံ၍ အောက်ပါအနက်မှ မည်သည်တို့က မှန်သနည်း။

______ ဘုရားသခင်၏ နိုင်ငံတော်သည် အစဉ်တည်မြဲလိမ့်မည်။

______ ဝိညာဉ်သည် ဘုရားသခင်၏ ဂုဏ်အင်လက္ခဏာများကို ပြသနိုင်သည့် စွမ်းရည်ရှိသည်။

______ ကွယ်လွန်သူများအတွက် ကျွန်ုပ်တို့ ဖတ်သည့် ဆုတောင်းပတ္ထနာများသည် သူတို့ ဝိညာဉ်များ၏ တိုးတက်မှုအပေါ် မသက်ရောက်ပေ။

______ ဝိညာဉ်သည် ဘယ်အခါမှ တည်ရှိမှု မရပ်တန့်ပေ။

## အခန်း (၈)

ဘဟာအွလ္လာဘုရားရှင်မိန့်တော်မူသည်မှာ–

"ကြားနိုင်ရန် နားရှိသူတိုင်းသည် မညစ်ညမ်းဘဲ ဖြူစင်သန့်ရှင်းပါလျှင် ဤမြင့်မြတ်သော စကားလုံးများဖြစ်သည့် 'ကေန်အမုန် ကျွန်ုပ်တို့သည် ဘုရားရှင်၏ ပိုင်ဆိုင်မှုဖြစ်ပြီး ထိုဘုရားရှင်ထံသို့ပင် ပြန်သွားရမည်"ဟူသည့် ရွတ်ဆိုသံကို အချိန်တိုင်းနှင့် နေရာတိုင်းမှ ကြားရမည်ကို အသင် သိရှိထားလော့။ လူ့ရုပ်ခန္ဓာသေဆုံးခြင်းနှင့် သူ ပြန်သွားပုံ၏ လျှို့ဝှက်ဆန်းကြယ်မှုများကို ထုတ်ဖော်ပြသမထားဘဲ ဆက်၍လည်း မသိရှိနိုင်ပေ . . . ။

"သေခြင်းတရားသည် ယုံကြည်စိတ်ချသော သာသနာဝင်တိုင်းအတွက် ရှင်သန်ခြင်း၏ ခွက်ဖလားကို အမှန်တကယ် ပေးသည်။ ၎င်းသည် ပျော်ရွှင်ခြင်းကို ပေးအပ်၍ ဝမ်းမြောက်ခြင်းကို ယူဆောင်လာသူပင် ဖြစ်သည်။ ၎င်းသည် ထာဝရအသက်တာ လက်ဆောင်ပဏ္ဏာကို ပေးလေသည်။"

"ထိုဘုရားရှင်၏ ဘုန်းတန်ခိုးတော်သည် မြင့်မြတ်တော်မူလှပါ၏။ တစ်ဆူတည်းဖြစ်၍ စစ်မှန်သော ဘုရားရှင်ကို အသိအမှတ်ပြုခြင်းဟူသည့် ဤကမ္ဘာမြေဆိုင်ရာ လူဖြစ်ရခြင်း၏ အသီးကို စားသုံးခဲ့ရသော သူများအတွက် ဤနေရာပြီးနောက် သူတို့၏ နောင်အသက်တာကို ငါဘုရားရှင်တို့ မည်သို့မျှ မဖော်ပြနိုင်ပေ။ ယင်းမှာ ကမ္ဘာအားလုံးတို့၏ အရှင်သခင် တစ်ဆူတစ်ပါးတည်း ဖြစ်တော်မူသော ထာဝရဘုရားရှင်နှင့်အတူ ရှိနေသည့် အသိပညာပင် ဖြစ်ပေ၏။"[၁၂]

"အို မြင့်မြတ်၍ အထွတ်အထိပ်ဖြစ်ခြင်း၏သား၊ ငါအရှင်သည် (မရဏ)သေခြင်းတရားအား အသင့်ထံလာသော ဝမ်းမြောက်ရွှင်လန်းခြင်း၏ စေတမန်အဖြစ် ပြုလုပ်ထားတော်မူ၏။ အသင်သည် သေခြင်းတရားကို တွေးပြီး အဘယ့်ကြောင့် စိတ်ပျက်ဝမ်းနည်းနေသနည်း။ ငါအရှင်သည် အသင်၏အပေါ်တွင် အလင်းရောင်ခြည် တောက်ပထွန်းလင်းစေ၏။ အသင်သည် အဘယ့်ကြောင့် ထိုအလင်းမှ အသင့်ကိုယ်ကို ဖုံးကွယ်ထားသနည်း။"[၁၃]

၁ ။ အောက်ပါတို့အနက်မှ မည်သည်တို့က မှန်ပါသနည်း။

_______ လူ့ဝိညာဉ်သည် ဘုရားရှင်ထံမှ လာ၍ ထိုဘုရားရှင်ထံသို့ ပြန်သွားမည်။

_______ သေပြီးနောက် အသက်ရှင်သန်မှု၏ အသိပညာအားလုံးသည် ထာဝရဘုရားရှင်ထံတွင် ရှိသည်။

_______ ယုံကြည်စိတ်ချသော သာသနာဝင်တိုင်းအတွက် သေခြင်းသည် ရှင်ခြင်းဖြစ်သည်။

_______ သေခြင်းသည် ဝမ်းမြောက်မှုကို ယူဆောင်လာသူဖြစ်သည်။

_______ သေခြင်း၏ လျှို့ဝှက်နက်နဲမှုများကို လူအားလုံးက သိရှိထားသည်။

______ ကျွန်ုပ်တို့သည် အသက်ရှင်ခြင်း၏ ပေးကမ်းမစမှုများကို တန်ဖိုးထားသင့်ပြီး သေခြင်းကို မကြောက်ရွံ့သင့်ပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ဝမ်းမြောက်ခြင်း၏ စေတမန်ဖြစ်သည်။

______ သေပြီးနောက် အသက်ရှင်သန်ခြင်းအကြောင်းကို သိရှိရန် ကျွန်ုပ်တို့အတွက် အရေးမကြီးပေ။

၂။ ဤအခန်းများတွင် ကျွန်ုပ်တို့ လေ့လာပြီးသမျှကို စိတ်ထဲထား၍ အသက်ရှင်ခြင်း၊ သေခြင်း၊ ခန္ဓာကိုယ်၊ ဝိညာဉ်တို့အကြောင်းနှင့်ဆိုင်သည့် စာပိုဒ်တိုတစ်ပိုဒ်ကို ယခု ရေးပါ။

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

## အခန်း (၉)

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရှင်းပြထားသည်မှာ–

"သူ့အသက်တာ အစတွင် လူသည် အမိဝမ်းတွင်းကမ္ဘာ၌ ရှိခဲ့သည်။ သူသည် ဤကမ္ဘာလောကတွင် တိုးတက်မြင့်မားရမည့် စွမ်းရည်နှင့် ထိုက်တန်မှုတို့ကို ထိုနေရာတွင် ဖွံ့ဖြိုးခဲ့သည်။ ဤကမ္ဘာလောကအတွက် လိုအပ်သောစွမ်းအားများကို ထိုကမ္ဘာတွင် ရရှိခဲ့သည်။ သူသည် ဤကမ္ဘာလောကတွင် မျက်လုံးများ လိုအပ်သည်။ ၎င်းတို့ကို

အမိဝမ်းတွင်း ကမ္ဘာတွင် ရရှိခဲ့သည်။ ဤကမ္ဘာတွင် နားများလိုအပ်သည်။ ၎င်းတို့ကိုလည်း ထိုနေရာမှာပင် ရရှိခဲ့သည်။ ဤကမ္ဘာအတွက် လိုအပ်သော စွမ်းအားများအားလုံးကို အမိဝမ်းတွင်း ကမ္ဘာတွင် ရရှိခဲ့သည်။ ထိုကမ္ဘာထဲတွင် ဤကမ္ဘာအတွက် သူ ပြင်ဆင်ခဲ့ရာ ဤကမ္ဘာလောကအတွင်းသို့ ဝင်ရောက်လာသည့်အခါ လိုအပ်သော စွမ်းအားများအားလုံး ပိုင်ဆိုင်ထားသည်ကို တွေ့ရ၍ ဤကမ္ဘာလောကအတွက် လိုအပ်သော ခြေလက်အင်္ဂါများနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးကို ထိုကမ္ဘာမှ ရရှိခဲ့သည်ကိုလည်း တွေ့ခဲ့သည်။ ထို့ကြောင့် ဤကမ္ဘာလောကတွင်လည်း သူသည် နောက်ရောက်ရှိမည့် ကမ္ဘာအတွက် ပြင်ဆင်ထား ရမည်။ ဘုရားရှင့်နိုင်ငံတော်၏ ကမ္ဘာထဲတွင် လိုအပ်သမျှတို့ကို ဤကမ္ဘာတွင် ရရှိ၍ ကြိုတင်ပြင်ဆင်ရမည်။ ဆိုလိုသည်မှာ ဤကမ္ဘာအတွက် လိုအပ်သောစွမ်းအားများကို အမိဝမ်းတွင်း၌ ရရှိခဲ့သကဲ့သို့ပင် ဘုရားရှင့်နိုင်ငံတော် ကမ္ဘာအတွက် လိုအပ်မည့်အရာများ ဖြစ်သည့် ကောင်းကင်ဘုံဆိုင်ရာ စွမ်းအားများအားလုံးကို ဤကမ္ဘာလောကတွင် ရယူရ ပေမည်။”[၁၄]

၁။ အောက်ပါတို့အနက် မည်သည်တို့က မှန်သည်ကို ဆုံးဖြတ်ပါ။

_______ ဤကမ္ဘာအတွက် လိုအပ်သော စွမ်းအားများအားလုံးကို အမိဝမ်းတွင်းကမ္ဘာ၌ ရရှိခဲ့သည်။

_______ နောက်ကမ္ဘာတွင် အသက်ရှင်သန်မှုအတွက် ကိုယ့်ကိုယ်ကို ကြိုတင်ပြင်ဆင် ထားရန်မလိုပေ။

_______ ဘုရားရှင့် နိုင်ငံတော်ကမ္ဘာအတွက် လိုအပ်သမျှကို ထိုနေရာတွင် ရရှိရမည်။

_______ ဤဘဝ၏ ရည်ရွယ်ချက်မှာ နောက်ကမ္ဘာတွင် အသက်ရှင်သန်မှုအတွက် လိုအပ်သော စွမ်းအားများကို ရရှိရန်ဖြစ်သည်။

_______ စစ်မှန်သော အသက်ရှင်ခြင်းသည် လူတစ်ဦး သေသည့်အခါ စတင်၍ ထွတ်မြတ်သော ဘုရားရှင့် နိုင်ငံသို့ သွားသည်။

_______ စစ်မှန်သော အသက်ရှင်ခြင်းသည် ဤကမ္ဘာတွင် စတင်ပြီး ရုပ်ခန္ဓာ သေဆုံး ပြီးနောက် ဆက်လက်ရှင်သန်သည်။

၂။ အမိဝမ်းတွင်း ကမ္ဘာထဲတွင် လူအနေဖြင့် ရရှိထားသည့် စွမ်းရည်ထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

_______________________________________________

_______________________________________________

၃။ သေပြီးနောက် အသက်ရှင်သန်မှုအတွက် ဤနေရာတွင် ရရှိသင့်သည့် ချပေးသနားမှု များထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

_______________________________________________

_______________________________________________

## အခန်း (၁၀)

ဘဟာအွလ္လာဘုရားရှင်မိန့်တော်မူသည်မှာ –

**"ဤနေ့ရက်တော်တွင် လူတစ်ဦး၏ အလုံးစုံသောတာဝန်သည် သူ့အတွက် ဘုရားရှင် သွန်းလောင်းချပေးတော်မူသည့် ကျေးဇူးကရုဏာတော် တစ်ပုံတစ်ပင်ထဲမှ ဝေစုကိုရရှိရန်ပင် ဖြစ်သည်။ ထို့ကြောင့် မည်သူမျှ မိမိတို့ခွက်ဖလား၏ ကြီးမားခြင်း သို့မဟုတ် သေးငယ်ခြင်း တို့ကို မစဉ်းစားကြလေနှင့်။ အချို့သူတို့အတွက် ဝေစုသည် လက်တစ်ဆုပ်စာပင် ဖြစ်ကောင်းဖြစ်၍ အခြားသူတို့၏ ဝေစုသည် ခွက်ဖလား အပြည့်ရကောင်းရပေမည်။ အခြားသူများမှာကား ဂါလန်အပြည့် အတိုင်းအတာအထိပင် ရရှိကောင်းရရှိပေမည်။"**[၁၅]

၁ ။ အထက်ပါ ကောက်နုတ်ချက်အရ အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ဤနေ့ရက်တော်တွင် လူတိုင်း၏ တာဝန်မှာ မည်သည်နည်း။

________________________________________

________________________________________

(ခ) ဘုရားရှင်ထံမှ သင် ရရှိထားသည့် ကောင်းချီးမင်္ဂလာများထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

________________________________________

________________________________________

(ဂ) အထက်ပါ ကောက်နုတ်ချက်တွင် "ခွက်ဖလား"ဆိုသည့် စကားလုံးက မည်သည်ကို ရည်ရွယ်သနည်း။

________________________________________

________________________________________

(ဃ) ကျွန်ုပ်တို့သည် အဘယ့်ကြောင့် မိမိတို့အတွက် ချပေးထားသည့် စွမ်းရည်၏ "ကြီးမားခြင်း သို့မဟုတ် သေးငယ်ခြင်း"ကို မစဉ်းစားသင့်သနည်း။

________________________________________

________________________________________

________________________________________

________________________________________

(င) ဘုရားရှင့် ဆုကျေးဇူးတော်ထဲရှိ မိမိတို့၏ ဝေပုံကို ရယူခြင်းမှ တားဆီးပိတ်ပင်သည့် အရာအချို့မှာ မည်သည်တို့ ဖြစ်သနည်း။

________________________________________

________________________________________

______________________________________________

______________________________________________

၂။ အောက်ပါတို့အနက်မှ မည်သည်တို့က မှန်သနည်း။

______ ကျွန်ုပ်တို့ စွမ်းရည်၏ "ကြီးမားခြင်း သို့မဟုတ် သေးငယ်ခြင်း"မှာ ကျွန်ုပ်တို့ မည်မျှ စမတ်ကျသည်ကို ရည်ညွှန်းသည်။

______ ဘုရားရှင်ကို အမှုထမ်းရွက်ရန် မိမိတို့၏ အားနည်းချက်များကို မေ့ဖျောက်ထားရန်လိုအပ်ပြီး အရှင့်ထံတွင် ယုံကြည်စိတ်ချမှု တစ်ခုလုံးကို ပုံအပ်ထားသင့်သည်။

______ ကျွန်ုပ်တို့အား ဘုရားရှင် ချပေးထားသည့် စွမ်းရည်များ ဤကမ္ဘာတွင် မဖွံ့ဖြိုးပါက နောက်ကမ္ဘာရောက်သည့်အခါ မိမိတို့၏ ဝိညာဉ်များမှာ အားနည်းနေလိမ့်မည်။

## အခန်း (၁၁)

ဘဟာအွလ္လာဘုရားရှင် မိန့်တော်မူသည်မှာ–

**"အသင်သည် ဝိညာဉ်၏ သဘောသဘာဝနှင့် ပတ်သက်ပြီး ငါဘုရားရှင်အား မေးလျှောက်၏။ ကေန်အမှန် သိလော့။ ဝိညာဉ်သည် ထာဝရဘုရားရှင်၏ အမှတ်လက္ခဏာတစ်ခု၊ ကောင်းကင်ဘုံ၏ ရတနာတစ်ပါးဖြစ်ပြီး ၎င်း၏ အမှန်တရားကို ပညာအရှိဆုံးသူများပင် နားလည်သဘောပေါက်နိုင်စွမ်း မရှိကြကုန်။ ၎င်း၏ လျှို့ဝှက်ချက်ကိုလည်း မည်သည့်စိတ်ကမျှ မည်မျှပင် တိကျသော်ငြားလည်း ဖြေရှင်းပြရန် မမျှော်လင့်နိုင်ကြကုန်။ ၎င်းသည် ဖြစ်တည်ထားသမျှ အရာအားလုံးထဲတွင် ဖြစ်တည်ပေးသူ ဘုရားသခင်၏ ကောင်းမြတ်မှုကို ဖော်ပြရမည့် ပထမဆုံးအရာ၊ ဘုရားရှင်၏ ဘုန်းကျက်သရေတော်ကို အသိအမှတ်ပြုရမည့် ပထမဆုံးအရာ၊ ဘုရားရှင်၏ အမှန်တရားကို ဖက်တွယ်ထားရမည့် ပထမဆုံးအရာနှင့် ဘုရားရှင်ရှေ့တော်မှောက်တွင် ကြည်ညိုခြင်းဖြင့် ဦးညွှတ်ကိုင်းရှိုင်းရမည့် ပထမဆုံးအရာပင် ဖြစ်ပေ၏။"[၁၆]**

၁။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ဝိညာဉ်သည် ထာဝရဘုရားရှင်၏ ____________________ ဖြစ်သည်။

(ခ) ဝိညာဉ်သည် ကောင်းကင်ဘုံ၏ ____________________ ဖြစ်ပြီး ၎င်း၏ ____________ ကို ပညာအရှိဆုံးသူများပင် နားလည်သဘောပေါက်နိုင်စွမ်း မရှိကြကုန်။ ၎င်း၏ ____________________ ကိုလည်း မည်သည့်စိတ်ကမျှ မည်မျှပင် တိကျသော်ငြားလည်း ______________________________ မမျှော်လင့်နိုင်ကြကုန်။

(ဂ) ဝိညာဉ်သည် ____________________ ထဲတွင် ________________ ____________________ကို ဖော်ပြရမည့် ပထမဆုံးအရာ ဖြစ်သည်။

(ဃ) ဝိညာဉ်သည် ဘုရားရှင်၏ ဘုန်းကျက်သရေတော်ကို __________________ ပထမဆုံးအရာ ဖြစ်သည်။

(င) ဝိညာဉ်သည် ဘုရားရှင်၏ အမှန်တရားကို ____________________ ပထမဆုံးအရာ ဖြစ်သည်။

(စ) ဝိညာဉ်သည် ဘုရားရှင်ရှေ့တော်မှောက်တွင် ကြည်ညိုခြင်းဖြင့် ____________ ________ ပထမဆုံးအရာပင်ဖြစ်ပေ၏။

၂။ အောက်ပါတို့အနက်မှ မည်သည်တို့သည် မှန်သနည်း။

______ "ဖြေရှင်းပြရန်"ဆိုသည်မှာ ဖော်ထုတ်ကြည့်ရန်ဟု ဆိုလိုသည်။

______ ဖြစ်တည်ထားသမျှ အရာအားလုံးထဲတွင် ဘုရားရှင်ကို အသိအမှတ်ပြုသည့် ပထမဆုံးအရာမှာ လူ့ဦးနှောက်ဖြစ်သည်။

______ "တိကျသည်" ဆိုသည်မှာ ထင်ရှားပြတ်သားသည်ဟု ဆိုလိုသည်။

______ ပညာတတ်တစ်ဦးသည် ဝိညာဉ်၏ လျှို့ဝှက်နက်နဲမှုကို နားလည်သည်။

______ ထင်ပေါ်ကျော်ကြားသော အတွေးအခေါ် ပညာရှင်များသာ ဘုရားရှင်၏ ကောင်းမြတ်ခြင်းကို ပြောဆိုနိုင်သည်။

______ ကျွန်ုပ်တို့သည် ဝိညာဉ်အကြောင်းကို ဘယ်အခါမှ နားမလည်နိုင်သည့်အတွက် ၎င်းကို စဉ်းစားဖို့ မလိုအပ်ပေ။

## အခန်း (၁၂)

ဘဟာအွလ္လာဘုရားရှင် မြွက်ဟကြေညာထားသည်မှာ–

**“အသင်တို့သည် ကျယ်ဝန်းလှသော ကောင်းကင်ပြင်များကို ဖြတ်သန်း၍ အလွန်ခွန်အားရှိသော အတောင်ပံများ၏ အင်အားကိုအပြည့်သုံး၍ ရွှင်လန်းဝမ်းမြောက်သည့် ယုံကြည်ခြင်းအပြည့်ဖြင့် အမြင့်ပျံတက်ရသောငှက်နှင့် တူလေသည်။ ထို့နောက် လောကီ လိုအင်ဆန္ဒများ၏ ဆာလောင်မွတ်သိပ်နေမှုကို ဖြည့်ဆည်းရန် လှုံ့ဆော်မှုကြောင့် အောက်ဘက်ရှိ ရေနှင့်ရွှံ့စေးရှိရာဆီသို့ အာသာဆန္ဒများဖြင့် ပြန်လှည့်လာပြီး အလိုဆန္ဒပိုက်ကွန်ဝယ် ဖမ်းဆီးတုပ်နှောင်ခြင်း ခံရသကဲ့သို့ဖြစ်ကာ သူ၏လာရာလမ်းဖြစ်သော အထက်နိုင်ငံတော်များဆီသို့ ပျံသန်းသွားရန် ကိုယ်ပိုင်စွမ်းအင် မရှိတော့သည့်အလား ဖြစ်နေလေသည်။ သူ၏ ပေကျံပျက်စီးနေသော တောင်ပံများပေါ်တွင် တင်ရှိနေသည့်ဝန်များကို ခါချရန် စွမ်းအားမရှိဖြစ်ရကာ ကောင်းကင်ဝယ် မှီတင်းနေထိုင်သော ဤငှက်သည် ယခုဖုံမှုန့်မြေပေါ်တွင် နေထိုင်စရာရှာဖွေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေလေသည်။ ထို့ကြောင့် အို– ငါအရှင်၏ အမှုတော်ထမ်းရွက်သူတို့၊ သင်တို့၏ အတောင်ပံများကို စိတ်အလိုလိုက်ခြင်း၏ ရွှံ့စေး၊ အချည်းနှီး အာသာဆန္ဒများ၏ ရွှံ့စေးတို့ဖြင့် မညစ်ညမ်းပါစေနှင့်။ မုန်းတီးခြင်း၊ ငြူစူစောင်းမြောင်းခြင်း ဖုန်မှုန့်တို့ဖြင့် အစွန်းထင်းမခံရပါစေနှင့်။ သို့မှသာ သင်တို့အား ငါအရှင်၏ လောကုတ္တရာ အသိပညာကောင်းကင်ဘုံသို့ မြင့်တက်ပျံသန်းခြင်းမှ တားဆီးခြင်း မခံရပေလိမ့်မည်။’”**[၁၇]

၁။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ဤကောက်နုတ်ချက်တွင် ဘဟာအွလ္လာဘုရားရှင် ရည်ညွှန်းထားသည့် ငှက်သည် ____________________ ဖြစ်သည်။

(ခ) ဤငှက်သည် ________________________ တွင် နေထိုင်သူ ဖြစ်သည်။

(ဂ) သူ၏ အတောင်ပံများက ပေကျံပျက်စီးသွားလျှင် ငှက်သည် သူ၏ နေအိမ်ကို _____ ______________________ ရှာဖွေရန် တွန်းအားပေးခံရသည်။

၂။ ယခု အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ဝိညာဉ်၏ “အတောင်ပံများ”သည် မည်သို့ ပေကျံပျက်စီးပါသနည်း။

______________________________________________

______________________________________________

______________________________________________

(ခ) ဝိညာဉ်၏ အတောင်ပံများကို ဝန်ပိစေသည့် “ကမ္ဘာမြေ၏ ရေနှင့် ရွှံ့စေး”နှင့်တူသော ဝန်ထုပ်ဝန်ပိုးအချို့မှာ မည်သည်တို့နည်း။

(ဂ) ထွတ်မြတ်သော အသိပညာကောင်းကင်များဆီ ပျံသန်းခြင်းမှ ကျွန်ုပ်တို့အား တားဆီးနိုင်သည့် အရာအချို့မှာ မည်သည်တို့ ဖြစ်သနည်း။

(ဃ) ဝိညာဉ်သည် သူ၏ ကောင်းကင်စံအိမ်ကို ဤကမ္ဘာ့ဖုန်မှုန့်ပုံအတွက် အဘယ့်ကြောင့် လဲလှယ်ခဲ့ပါသနည်း။

၃။ အောက်ပါ ဖော်ပြချက်များသည် မှန်သလားဆိုသည်ကို ဆုံးဖြတ်ပါ။

______ ကမ္ဘာလောကဆိုင်ရာ တွယ်တာမှုများက ကျွန်ုပ်တို့ ဝိညာဏ၏ တိုးတက်မှုကို ဟန့်တားသည်။

______ ကျွန်ုပ်တို့၏ စိတ်အလိုလိုက်ခြင်းနှင့် အချည်းနှီး အာသာဆန္ဒများက ထွတ်မြတ်သော အသိပညာ ကောင်းကင်များထက်ဆီ ပျံသန်းခြင်းမှ ကျွန်ုပ်တို့အား တားဆီးထားသည်။

______ မုန်းတီးခြင်းနှင့် ငြူစူစောင်းမြောင်းခြင်းတို့သည် လူ၏ သဘာဝလက္ခဏာ(ဉာဉ်)များ ဖြစ်၍ ဝိညာဉ်ကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေပေ။

______ ဤကမ္ဘာလောကအရာများမှ ကျွန်ုပ်တို့ကိုယ်တိုင်ကို သံယောဇဉ်ပြတ်ကင်းခြင်းဖြင့် ကျယ်ပြောလှသော ကောင်းကင်များကို ဖြတ်သန်း၍ ပျံသန်းခြင်းမှ ကျွန်ုပ်တို့ကို ဟန့်တားမည့် ဝန်ထုပ်ဝန်ပိုးများကို ခွါချနိုင်သည်။

______ ဝိညာဉ်၏ နေအိမ်သည် ဤကမ္ဘာဖြစ်သည်။

## အခန်း (၁၃)

ဘဟာအွလ္လာဘုရားရှင်က မိန့်ဆိုထားသည်မှာ–

**“ကမ္ဘာကြီးနှင့် ၎င်းအတွင်းတွင် ရှင်သန်၍ လှုပ်ရှားလျက်ရှိသော အရာခပ်သိမ်းကုန်တို့ကို ဖန်ဆင်းတော်မူရာ၌ ထိုဘုရားရှင်၏ အကန့်အသတ်ကင်းပြီး အချုပ်အခြာစိုးပိုင်တော်မူသော အလိုဆန္ဒတော်၏ တိုက်ရိုက်ဆောင်ရွက်မှုဖြင့် ဘုရားရှင်အားသိရှိရန်နှင့် ချစ်မြတ်နိုးရန် ဟူသည့် တစ်မူထူးသော ထူးခြားမှုနှင့် စွမ်းရည်တို့ဖြင့် လူသားအပေါ်သို့ ချပေးသနားရန် ရွေးချယ်တော်မူထား၏– ထိုစွမ်းရည်သည် ဖြစ်တည်မှုတစ်ခုလုံးကို ပေါ်ပေါက်စေသည့် တွန်းအားနှင့် ၎င်းအတွက် ပဓာနကျသည့် ရည်ရွယ်ချက်ဖြစ်သည် . . . ။ ဖြစ်တည်ထားသော အရာတစ်ခုစီနှင့် အရာရာတိုင်း၏ အတွင်းကျဆုံးသော အစစ်အမှန် အပေါ်တွင် ဘုရားရှင်သည် အရှင်၏ နာမတော်များထဲမှ တစ်ခုသော နာမတော်၏အလင်းကို ချပေးတော်မူထားပြီး ၎င်းအား ဘုရားရှင်၏ ဂုဏ်အင်လက္ခဏာများထဲမှ တစ်ခု၏ ကျက်သရေတော်ကို လက်ခံယူသူအဖြစ် ပြုလုပ်ပေးထား၏။ သို့သော်လည်း လူ၏ အစစ်အမှန်ပေါ်တွင် ဘုရားရှင်၏ နာမတော်များနှင့် ဂုဏ်အင်လက္ခဏာများ အားလုံး၏ လင်းဝင်းထွန်းတောက်ခြင်းကို အလေးထားတော်မူ၍ သူ့အား အရှင်ကိုယ်တော်တိုင်၏ မှန်ကြေးမုံတစ်ချပ်အဖြစ် ပြုလုပ်ပေးထားတော်မူ၏။ အလွန်ကြီးမားလှသော အခွင့်အရေး နှင့် လွန်စွာကြာရှည်မြဲသော ပေးကမ်းမစမှုအတွက် ဖြစ်တည်ထားသမျှ အရာအားလုံးထဲမှ လူသားကိုသာလျှင် ရွေးချယ်ထားတော်မူ၏။”**[၁၈]

၁ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ______________________ ဟူသည့် တစ်မူထူးသော ထူးခြားမှုနှင့် စွမ်းရည်တို့ဖြင့် လူသားအပေါ်သို့ ချပေးသနားရန် ရွေးချယ်တော်မူထား၏။

(ခ) ဖြစ်တည်ထားသော ________________နှင့် ____________ ၏ အတွင်းကျဆုံးသော အစစ်အမှန်အပေါ်တွင် ဘုရားရှင်သည် အရှင်၏ ________ ______________________ ၏ အလင်းကို ချပေးတော်မူထားပြီး ၎င်းအား ______________________________________ ၏ ကျက်သရေတော်ကို လက်ခံယူသူအဖြစ် ပြုလုပ်ပေးထား၏။

(ဂ) လူ၏ အစစ်အမှန်ပေါ်တွင် ____________________________ ______________ ၏ လင်းဝင်းထွန်းတောက်ခြင်းကို အလေးထားတော်မူ၍ သူ့အား ______________________________________ ____________အဖြစ် ပြုလုပ်ပေးထားတော်မူ၏။

၂။ ယခု အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ဘုရားရှင်၏ ဂုဏ်အင်လက္ခဏာများထဲမှ အချို့ကို ဖော်ပြပါ။

(ခ) လူ့ဝိညာဉ်က ထင်ဟပ်နိုင်သည့် ဘုရားရှင်၏ ဂုဏ်အင်လက္ခဏာများထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

(ဂ) ဤဂုဏ်အင်လက္ခဏာများကို မည်သို့ ပြသနိုင်ပါသနည်း။

(ဃ) မည်သည့် အထူးပေးကမ်းမစမှုအတွက် လူသားကို ရွေးထုတ်ထားပါသနည်း။

၃ ။ အောက်ပါတို့အနက်မှ မည်သည်တို့က မှန်သနည်း။

_______ လူသည် ကျန်သည့် ဖြစ်တည်ထားသည့် အရာများမှနေ၍ ထူးမခြားနားပေ။

_______ ဘုရားရှင်အား သိရှိရန်နှင့် ချစ်မြတ်နိုးရမည့် စွမ်းရည်သည် ဖြစ်တည်မှု တစ်ခုလုံးကို ပေါ်ပေါက်စေသည့် တွန်းအားနှင့် ၎င်းအတွက် ပဓာနကျသည့် ရည်ရွယ်ချက်ဖြစ်သည်။

_______ ဖြစ်တည်ထားသမျှ အရာတိုင်း၏ အစစ်အမှန်သည် ဘုရားရှင်၏ ဂုဏ်အင် လက္ခဏာများထဲမှ တစ်ခုကို လက်ခံယူသူ ဖြစ်သည်။

_______ လူ့ဝိညာဉ်သည် ဘုရားရှင်၏ ဂုဏ်အင်လက္ခဏာအားလုံးကို ထင်ဟပ်နိုင်သည်။

## အခန်း (၁၄)

ဘဟာအွလ္လာဘုရားရှင်က မိန့်မြွက်ထားသည်မှာ–

"သို့သော်လည်း ဘုရားသခင့် ပေးကမ်းမစခြင်း၏ မိုးသောက်ကြယ် (ဘဟာအွလ္လာဘုရားရှင်) နှင့် ကောင်းကင်ဘုံဆိုင်ရာ လမ်းညွှန်မှု၏ အရင်းမြစ်တော်အရှင်က လူသား၏ အစစ်အမှန် အပေါ်သို့ ချပေးထားတော်မူသော ဤစွမ်းအင်များကား လူ၏အတွင်းတွင် ငုပ်လျှိုးလျက် ရှိပေရာ မီးတောက်သည် ဖယောင်းတိုင်အတွင်းတွင် ငုပ်လျှိုးနေသကဲ့သို့၊ အလင်း၏ ရောင်ခြည်တန်းများသည် မီးအိမ်အတွင်းတွင် အလားအလာကောင်းစွာ ငုပ်လျှိုးနေသကဲ့သို့ ဖြစ်ပေ၏။ မှန်ကြေးမုံကို ဖုံးအုပ်ထားသည့် ဖုန့်မှုန့်နှင့် အညစ်အကြေးများအောက်တွင် နေ၏ အလင်းရောင်ကို ပိတ်ဆီးထားသကဲ့သို့ပင် ဤစွမ်းအင်များ၏ ထွန်းလင်းတောက်ပမှုကို ကမ္ဘာလောကနှင့်ဆိုင်သည့် လိုအင်ဆန္ဒများက မှေးမှိန်စေနိုင်သည်။ ဖယောင်းတိုင်သည် လည်းကောင်း၊ မီးအိမ်သည်လည်းကောင်း သူတို့ကိုယ်တိုင်၏ ကြိုးပမ်းမှုများဖြင့် မထွန်းလင်း နိုင်သည့်နည်းတူ မှန်ကြေးမုံသည် ၎င်း၏ အညစ်အကြေးများကို ကင်းစင်အောင် ကိုယ်တိုင် ဖယ်ရှားရန် ဘယ်အခါမှ မဖြစ်နိုင်ပေ။ မီးအိမ်ကို မီးထွန်းညှိမပေးလျှင် မည်သည့်အခါမှ မထွန်းလင်းနိုင်၍ မှန်ကြေးမုံ၏ မျက်နှာပြင်မှ အညစ်အကြေးများကို သုတ်မပစ်ပါက နေ၏ ပုံရိပ်သည် ၎င်းအတွင်း မထင်ရှားနိုင်ပေ သို့မဟုတ် ၎င်း၏ အလင်းရောင်နှင့် ကျက်သရေ တို့ကိုလည်း ထင်ဟပ်မည်မဟုတ်သည်မှာ ရှင်းလှပေ၏။"[၁၉]

၁။ "ငုပ်လျှိုးသည်"ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုသနည်း။

၂။ လူ့ဝိညာဉ်တွင် ငုပ်လျှိုးနေသည့် စွမ်းအားများထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

၃။ မီးအိမ်တွင် မည်သည့် အလားအလာ ရှိသနည်း။

၄။ မှန်ကြေးမုံတွင် မည်သည့် အလားအလာ ရှိသနည်း။

၅။ မီးအိမ်သည် ထွန်းလင်းနိုင်စေရန် ၎င်းကို မည်သို့ လုပ်ပေးဖို့ လိုသနည်း။

၆။ မှန်ကြေးမုံသည် အလင်းပြန်နိုင်စေရန် ၎င်းကို မည်သို့ လုပ်ပေးဖို့ လိုသနည်း။

___

___

၇။ မီးအိမ်နှင့် မှန်ကြေးမုံတို့သည် သူတို့၏ အလားအလာများကို သူတို့ကိုယ်တိုင် ပြသနိုင်ပါသလား။

___

၈။ ဤဥပမာနှစ်ခုနှင့် လူ့ဝိညာဉ်၏ အခြေအနေကို ကျွန်ုပ်တို့ မည်သို့ ဆက်စပ်နိုင်ပါသနည်း။

___

___

___

၉။ မည်သူက လူ့ဝိညာဉ်ကို ၎င်းကိုယ်တိုင်၏ အလားအလာကို ပေါ်လွင်လာစေရန် လုပ်ပေးနိုင်ပါသနည်း။

___

___

___

## အခန်း (၁၅)

ဘဟာအွလ္လာဘုရားရှင်က ဖော်ပြထားသည်မှာ–

**"လူသား၏ ရှေ့မှောက်တွင် ပိတ်ထားခြင်းခံခဲ့ရသော ရှေးကာလကတည်းက တည်ရှိတော်မူသည့် ဘုရားရှင်အား သိရှိခြင်းဟူသည့် အသိဉာဏ်တံခါးသည် အစဉ်အမြဲ ပိတ်ထားပြီး ဆက်လက်၍လည်း ပိတ်ထားပေလိမ့်မည်။ လူသား၏ သိနားလည်မှုသည် ထိုဘုရားရှင်၏ သန့်ရှင်းမြင့်မြတ်တော်မူသော ရုံးတော်အတွင်းသို့ ဘယ်အခါမှ ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော် ထိုဘုရားရှင့် သနားကရုဏာတော်၏ အမှတ်လက္ခဏာတစ်ခု အနေဖြင့်လည်းကောင်း ထိုဘုရားရှင့် ချစ်ကြင်နာခြင်း၏ သက်သေပြချက်တစ်ရပ် အနေဖြင့်လည်းကောင်း လူသားတို့ထံသို့ ထိုဘုရားရှင့် ထွတ်မြတ်သောလမ်းညွှန်မှု၏ မိုးသောက်ကြယ်များကိုလည်းကောင်း ထိုဘုရားရှင့် ထွတ်မြတ်သော စည်းလုံးညီညွတ်မှု၏ အမှတ်သင်္ကေတများကိုလည်းကောင်း ပွင့်ပေါ်စေခဲ့သည့်နည်းတူ ဤသန့်စင်မြင့်မြတ်သော အရှင်မြတ်များ၏ အသိပညာကို ထိုဘုရားရှင်ကိုယ်တော်တိုင်၏ အသိပညာနှင့်အတူ ထပ်တူထပ်မျှဖြစ်ရန် ချပေးထားပြီးဖြစ်လေသည်။ ထိုဘုရားရှင်များအား အသိအမှတ်ပြု လက်ခံသောသူသည်**

**ထာဝရဘုရားသခင်အား အသိအမှတ်ပြု လက်ခံခြင်းဖြစ်၏။ ၎င်းတို့၏ ခေါ်သံကို ကြားသိသောသူသည် ထာဝရဘုရားသခင်၏ အသံတော်ကို ကြားသိသောသူပင် ဖြစ်၏။ ၎င်းတို့ ဖွင့်ပြတော်မူချက်၏ အမှန်တရားကို သက်သေခံသော သူသည် ထာဝရဘုရားသခင်ကိုယ်တော်တိုင်၏ အမှန်တရားကို သက်သေခံပြီးဖြစ်လေသည်။ ၎င်းတို့အား ကျောခိုင်းသောသူသည် ထာဝရဘုရားသခင်အား ကျောခိုင်းပြီးဖြစ်လေသည်။ ထိုဘုရားရှင်များအား မယုံကြည်သောသူသည် ထာဝရဘုရားသခင်အား မယုံကြည်သူဖြစ်သည်။ ထိုဘုရားရှင် အဆူဆူတိုင်းသည် အထက်နိုင်ငံတော်များနှင့် ဤလောကကို ဆက်သွယ်ပေးသော ထာဝရဘုရားသခင်၏ လမ်းတော်ဖြစ်၍ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ်ရှိ နိုင်ငံတိုင်းတွင် ထိုဘုရားရှင့် အမှန်တရား၏ စံနှုန်းတော်လည်း ဖြစ်ပေသည်။ ထိုဘုရားရှင်များကား လူသားတို့ကြားဝယ် ထာဝရဘုရားသခင်၏ အလင်းတော်ရ ဘုရားရှင်များ ဖြစ်ကြပေသည်။ ထာဝရဘုရားသခင့် သစ္စာတရားတော်မြတ်(အမှန်တရား)၏ သက်သေအထောက်အထားများ၊ ထာဝရဘုရားသခင့် ဘုန်းတန်ခိုးတော်၏ နိမိတ်လက္ခဏာ များဖြစ်ကြသည်။”**[၂၀]

၁ ။ အထက်ပါ ကောက်နုတ်ချက်ကို စိတ်တွင် မှတ်၍ အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ထာဝရဘုရားရှင်ကို တိုက်ရိုက်သိနိုင်ရန် ကျွန်ုပ်တို့အတွက် ဖြစ်နိုင်ပါသလား။

________________________________________

(ခ) ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ ထာဝရဘုရားရှင်ကို မည်သို့ သိနိုင်ပါသနည်း။

________________________________________

________________________________________

(ဂ) ထွတ်မြတ်သော လမ်းညွှန်မှု၏ မိုးသောက်ကြယ် (ဘုရားရှင်)များ၏ နာမတော် အချို့ကို ဖော်ပြပါ။

________________________________________

________________________________________

(ဃ) ထာဝရဘုရားရှင့် အလင်းတော်ရဘုရားရှင်များကို နားထောင်သောသူသည် မည်သူ့ အသံကို ကြားသူ ဖြစ်သနည်း။

________________________________________

________________________________________

(င) ထာဝရဘုရားရှင့် အလင်းတော်ရဘုရားရှင်များ၏ ခေါ်သံကို ကျွန်ုပ်တို့ လျစ်လျူရှုသောအခါ မည်သူ့ထံမှ အဝေးသို့ လှည့်သွားသနည်း။

________________________________________

________________________________________

၂။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ______________________________

__________ ရှေးကာလကတည်းက တည်ရှိတော်မူသည့် ဘုရားရှင်အား သိရှိခြင်းဟူသည့် အသိဉာဏ်တံခါးသည် အစဉ်အမြဲပိတ်ထားပြီး ဆက်လက်၍လည်း ပိတ်ထားပေလိမ့်မည်။

(ခ) လူသား၏ သိနားလည်မှုသည် __________________ __________________ တွင်းသို့ ဘယ်အခါမှ ရောက်ရှိနိုင်လိမ့်မည်မဟုတ်ပေ။

(ဂ) ထာဝရဘုရားရှင့် __________________ ၏ အမှတ်လက္ခဏာတစ်ခု အနေဖြင့်လည်းကောင်း ထိုဘုရားရှင့် __________________ ၏ သက်သေပြချက် တစ်ရပ်အနေဖြင့် အရှင်၏ အလင်းတော်ရာဘုရားရှင်များကို စေလွှတ်ခဲ့သည်။

(ဃ) __________________ ကို ထာဝရဘုရားရှင်၏ အသိပညာနှင့်အတူ ထပ်တူထပ်မျှဖြစ်သည်။

(င) ထိုဘုရားရှင်များအား အသိအမှတ်ပြု လက်ခံသောသူသည် __________ __________________ ။

(စ) ထိုဘုရားရှင်များ၏ ခေါ်သံကို ကြားသိသောသူသည် __________ __________________ ။

(ဆ) ထိုဘုရားရှင်အဆူဆူတိုင်းသည် __________________ __________________ ဖြစ်၍ __________ __________________ __________ ။

၃။ အောက်ပါတို့အနက် မည်သည်တို့က မှန်သနည်း။

______ ကျွန်ုပ်တို့၏ ကြိုးစားမှုဖြင့်သာ ဝိညာဏပိုင်း ဖွံ့ဖြိုးတိုးတက်နိုင်သည်။

______ ဘုရားရှင်က စိတ်ကို ပေးထားသဖြင့် ၎င်းမှာ ကျွန်ုပ်တို့၏ တိုးတက်မှုအတွက် လုံလောက်သည်။

______ ကျွန်ုပ်တို့သည် ထာဝရဘုရားရှင်၏ အလင်းတော်ရာဘုရားရှင်ကို အသိအမှတ်ပြုခြင်းဖြင့် ဝိညာဏပိုင်း တိုးတက်နိုင်ပြီး ပိုပြီး ကြိုးစားအားထုတ်ဖို့ မလိုပေ။

______ ကျွန်ုပ်တို့သည် ထာဝရဘုရားရှင်၏ အလင်းတော်ရာဘုရားရှင်ကို အသိအမှတ် ပြု၍ ထိုဘုရားရှင်၏ တရားဒေသနာများနှင့်အညီ နေထိုင်ရန် ကြိုးစားခြင်းဖြင့် ဝိညာဏပိုင်း တိုးတက်နိုင်သည်။

_______ ကျွန်ုပ်တို့သည် ထာဝရဘုရားရှင်ကို တိုက်ရိုက်သိနိုင်သည်။

_______ လူသည် ထာဝရဘုရားရှင်ကဲ့သို့ပင် ဖြစ်လာနိုင်သည်။

_______ ထာဝရဘုရားရှင်သည် လူ၏ သိနားလည်မှုထက် မြင့်မားသည်။

_______ ထာဝရဘုရားရှင့် အလင်းတော်ရဘုရားရှင်၏ စကားများကို ကျွန်ုပ်တို့ နားထောင်သည့်အခါ ထာဝရဘုရားရှင့် အသံတော်ကို ကျွန်ုပ်တို့ နားထောင်နေကြသည်။

## အခန်း (၁၆)

ဘဟာအွလ္လာဘုရားရှင်က မြွက်ဟကြေညာထားသည်မှာ–

**"လူသားတို့အား ဖြောင့်တန်းသော အမှန်တရား(သစ္စာတရား)၏ လမ်းတော်ကို လမ်းညွှန်ပြသပေးသည့် ရည်ရွယ်ချက်အတွက်သာလျှင် ဘုရားရှင်၏ တမန်တော်များနှင့် စေတမန်(ဘုရားရှင်)များကို ချပေးထားတော်မူ၏။ ထိုဘုရားရှင်များ၏ ဖွင့်ပြတော်မူချက်တွင် ပင်ကိုယ်ရှိနေသည့် ရည်ရွယ်ချက်မှာ လူခပ်သိမ်းကုန်တို့အား ပညာပေးရန်ဖြစ်ပေသည်။ သို့မှသာ လူတို့သည် သေဆုံးသည့်အချိန်နာရီတွင် အဆုံးစွန်သော ဖြူစင်သန့်ရှင်းမှုနှင့် မြင့်မြတ်မှု၊ လုံးလုံးလျားလျားသော သံယောဇဉ်ပြတ်ကင်းမှုတို့ဖြင့် အမြင့်မားဆုံးဖြစ်တော်မူသော ဘုရားရှင်၏ ပလ္လင်ဆီသို့ သက်ဆင်းနိုင်ကြကုန်အံ့။"**[၂၂]

ထို့အပြင် အခြားသောမိန့်မှာချက်တွင် အရှင် မြွက်ဟတော်မူသည်မှာ –

**"လူသည် အစွမ်းအရှိဆုံးသော မန္တန်လက်ဖွဲ့(Talisman) ဖြစ်ပေ၏။ သို့သော်လည်း မှန်ကန်သော ပညာရေး ကင်းမဲ့ခြင်းသည် မွေးရာပါပိုင်ဆိုင်ခွင့်များကို လက်လွတ်ဆုံးပါးစေသည်။ ထာဝရဘုရားသခင်၏ နှုတ်တော်ထွက် စကားလုံးတစ်လုံးတည်းဖြင့် လူသားကို ဖြစ်တည်စေထားသည်။ စကားလုံးတစ်လုံးတည်းနှင့်ပင် ပညာ၏အရင်းမြစ်တော်အရှင်ထံ အသိမှတ်ပြုရန် ထပ်မံလမ်းညွှန်ခံရသည်။ အခြားစကားလုံးတစ်လုံးဖြင့် လူ၏အဆင့်အခြေနှင့် နောက်ဆုံးပန်းတိုင်တို့ကို ကာကွယ်စောင့်ရှောက်ပေး၏။ ကြီးမြတ်တော်မူလှသော ဘုရားရှင်က လူသားသည် တန်ဖိုးမခန့်မှန်းနိုင်သော ကျောက်မျက်ရတနာများရှိသည့် ရတနာတွင်းအဖြစ် မှတ်ယူလော့ဟု မိန့်တော်မူ၏။ ပညာဖြင့်သာ ၎င်း၏ ဘဏ္ဍာရတနာများကို ဖော်ထုတ်နိုင်ရာ၏။ ၎င်းမှ လူ့လောကအတွက် အကျိုးဖြစ်ထွန်းစေနိုင်၏။ ဘုရားသခင်၏ သန့်ရှင်းမြင့်မြတ်တော်မူသော အလိုဆန္ဒတော်၏ ကောင်းကင်မှ ချပေးထားသည့် ဖွင့်ပြထားသော ကျမ်းဒေသနာတော်များကို အကြင်သူသည် နှလုံးသွင်းစဉ်းစားမည်ဆိုပါက ၎င်း(ကျမ်းဒေသနာ)တို့၏ ရည်ရွယ်ချက်မှာ လူသားအားလုံးတို့ကို**

**အသက်ဝိညာဉ်တစ်ခုတည်းအဖြစ် မှတ်ယူရန် ဖြစ်သည်ကို ချက်ချင်း အသိမှတ်ပြုလိမ့်မည်။ ထိုအခါ 'နိုင်ငံတော်သည်ကား ထာဝရဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည်' ဆိုသည့် စကားလုံးများ ပါရှိသော စီးလ်တံဆိပ်သည် နှလုံးသားတိုင်းအပေါ်တွင် ခပ်နှိပ်၍ ဘုရားသခင်၏ ပေးကမ်းစွန့်ကြဲတော်မူခြင်း၊ ကျေးဇူးပြုတော်မူခြင်းနှင့် သနားညှာတာတော်မူခြင်း၏ အလင်းရောင်သည် လူသားအားလုံးအပေါ်သို့ လွှမ်းခြုံထားပေလိမ့်မည်။"**[၂၂]

၁ ။ မည်သည့် ရည်ရွယ်ချက်အတွက် ထာဝရဘုရားရှင်၏ တမန်တော်များနှင့် စေတမန်ဘုရားရှင်များကို ချပေးခဲ့ပါသနည်း။

________________________________________

________________________________________

၂ ။ ထိုအရှင်မြတ်များ၏ ဖွင့်ပြချက်ထဲတွင် ရှိနေသည့် ရည်ရွယ်ချက်မှာ မည်သည့်အရာဖြစ်သနည်း။

________________________________________

________________________________________

________________________________________

________________________________________

၃ ။ "မန္တန်လက်ဖွဲ့"ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုသနည်း။

________________________________________

________________________________________

၄ ။ မှန်ကန်သော ပညာရေး ကင်းမဲ့ခြင်း၏ အကျိုးဆက်မှာ မည်သည်နည်း။

________________________________________

________________________________________

၅ ။ မှန်ကန်သော ပညာရေးသည် မည်သည်ကို ဖြစ်စေနိုင်သနည်း။

________________________________________

________________________________________

၆ ။ ကျွန်ုပ်တို့ ပညာရေး၏ ပင်မရင်းမြစ်တော်မှာ မည်သည်နည်း။

________________________________________

၇ ။ ကျွန်ုပ်တို့၏ ခရီးဆုံးမှာ မည်သည်နည်း။

________________________________________

________________________________________

၈ ။ ပညာရေးက ဖွင့်ပြသည့် ကျောက်မျက်ရတနာအချို့မှာ မည်သည်တို့ ဖြစ်သနည်း။

______________________________

______________________________

၉ ။ မြင့်မြတ်သော ကျမ်းစမ္မခန်းများအပေါ်တွင် ကျွန်ုပ်တို့ နှလုံးသွင်း စဉ်းစားပါက ကျွန်ုပ်တို့ မည်သည်ကို ချက်ချင်း အသိအမှတ်ပြုမည်နည်း။

______________________________

______________________________

______________________________

______________________________

______________________________

## အခန်း (၁၇)

ဘဟာအွလ္လာဘုရားရှင်က ဖော်ပြထားသည်မှာ–

**"ရုပ်ခန္ဓာမှ ခွဲခွါသွားသော ဝိညာဉ်၏ အခြေအနေကို အသင်သည် ငါဘုရားရှင်အား မေးလျှောက်၏။ အမှန်တရားတစ်ရပ်ကို သိလော့။ လူ့ဝိညာဉ်သည် ထာဝရဘုရားသခင်၏ လမ်းကြောင်းများတွင် လျှောက်လှမ်းပါလျှင် ချစ်မြတ်နိုးရာ ဘုရားရှင်၏ ဘုန်းကျက်သရေတော်ထံ ပြန်သွားပြီး ယင်းနှင့် အတူတကွ အမှန်ပင် နေရပေအံ့။ ထာဝရဘုရားသခင်၏ ဖြောင့်မတ်မှန်ကန်ခြင်းဖြင့် ဆိုအံ့။ ၎င်းသည် မည်သည့်ကလောင်မျှ သရုပ်မဖော်ပြနိုင်၍ မည်သည့်လျှာမျှ ဖော်ပြခြင်းငှာ မစွမ်းဆောင်နိုင်သည့် အဆင့်အခြေတွင် ရောက်ရှိပေအံ့။ ဝိညာဉ်သည် ထာဝရဘုရားသခင်၏ (အကြောင်းရင်းတော်) သာသနာတော်တွင် ဆက်လက်၍ သစ္စာမြဲမြံပြီး ထိုဘုရားရှင်၏ လမ်းကြောင်းတော်တွင် မယိမ်းမယိုင် ရပ်တည်ခဲ့ပါက သူ ကွယ်လွန်ပြီးနောက် အနန္တတန်ခိုးတော်ရှင် ဖြစ်တည်ထားသော ကမ္ဘာအားလုံးသည် သူ့အားဖြင့် အကျိုးဖြစ်ထွန်းနိုင်သော စွမ်းအားမျိုးအထိ ပိုင်ဆိုင်ထားပေအံ့။"**[၂၃]

၁ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) လူ့ဝိညာဉ်သည် ထာဝရဘုရားသခင်၏ လမ်းကြောင်းများတွင် လျှောက်လှမ်းပါလျှင်

______________________________

______________________________ အမှန်ပင် နေရပေအံ့။

(ခ)　ၚင်းသည် ______________________________________________

______________________ အဆင့်အခြေတွင်  ရောက်ရှိပေအံ့။

(ဂ)　________________ သည် ______________________________ တွင်

ဆက်လက်၍ ______________________________ တွင် __________

______________ ရပ်တည်ခဲ့ပါက သူ ကွယ်လွန်ပြီးနောက် ______________

______________________________________________ သည်

သူ့အားဖြင့် ____________________________ မျိုးအထိ __________

____________________ ။

## အခန်း (၁၈)

ဘဟာအွလ္လာဘုရားရှင်က မိန့်မြွက်ထားသည်မှာ –

“ကမ္ဘာလူသားတို့၏ အချည်းနှီးအတွေးအခေါ်များမှ ကင်းစင်သန့်ရှင်းသော ဝိညာဉ်သည် ရုပ်ခန္ဓာမှစွန့်ခွာသွားချိန်၌ မင်္ဂလာရှိ၏။ ထိုကဲ့သို့သောဝိညာဉ်သည် သူ့ကိုဖြစ်တည်ပေးသော ဘုရားရှင်၏ အလိုတော်နှင့်အညီနေထိုင်၍ လှုပ်ရှားပြီးလျှင် အမြင့်မားဆုံးသော ဘုရားသခင်နိုင်ငံတော်သို့ ဝင်ပေ၏။ ထို့အပြင် ကောင်းကင်ဘုံ၏ သမီးပျိုများ၊ အကြီးမြင့်မြတ်ဆုံးသော စံအိမ်တော်များတွင် နေထိုင်သူတို့သည် ထိုဝိညာဉ်၏ ပတ်ဝန်းကျင်တွင် ဝန်းရံနေကြကုန်၍ ထာဝရဘုရားသခင်၏ ဘုရားတမန်တော်များနှင့် ထိုဘုရားရှင်၏ ရွေးချယ်ခံရသူတို့သည် ထိုဝိညာဉ်ကို ၎င်းတို့၏ အပေါင်းအဖော်အဖြစ် ရှာဖွေကြပေအံ့။ ထိုဝိညာဉ်သည် ၎င်းတို့နှင့် လွတ်လပ်စွာ နှီးနှောပြောဆို၍ ကမ္ဘာအားလုံးတို့၏ အရှင်သခင်၊ ထာဝရဘုရားသခင်၏ လမ်းကြောင်းတွင် ကြံ့ကြံ့ခံရန် သူ့အား လုပ်ပေးခဲ့သမျှကို (သူတို့အား)ပြန်လည်ပြောပြတုံအံ့။”[၂၄]

“လူသည် အပြစ်ရှိသူများကို ခွင့်လွှတ်သင့်ပြီး သူ၏ နိမ့်ကျသော အဆင့်အခြေကိုလည်း ဘယ်အခါမှ မစက်ဆုပ်သင့်ပေ။ အကြောင်းမှာမူ မည်သူမှ မိမိ၏ နိဂုံးမှာ မည်သို့ ဖြစ်မည်ကို မသိသောကြောင့်ဖြစ်၏။ အပြစ်သားတစ်ဦးသည် သေဆုံးချိန်တွင် ယုံကြည်မှုသဒ္ဓါ၏ အနှစ်သာရဆီ ရောက်ရှိပြီး သေခြင်းကင်းသော အရသာကို သောက်သုံးလျက် အမြင့်ဘုံနန်းရှိ ဗိုလ်ခြေပရိသတ်ထံ မည်သို့ မကြာခဏ တက်လှမ်းသွားရပေတကား! ထို့ပြင် ဘုရားတရားကြည်ညိုသော ယုံကြည်သူတစ်ဦးသည် သူ့ဝိညာဉ်မှာ ကွယ်လွန်ပြီးချိန်တွင် အနိမ့်ကျဆုံးသော မီးတောက်ထဲ ကျရောက်ရသည်အထိ မကြာခဏ မည်သို့ ပြောင်းလဲသွားပေစွတကား!”[၂၅]

၁။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ခန္ဓာကိုယ်မှ ခွဲခွါသွားသည့်အခါ မည်သည့် အဆင့်အခြေတွင် ရှိပါသနည်း။

၂။ အချည်းနှီးအတွေးအခေါ် အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

၃။ အချည်းနှီးအတွေးအခေါ်များမှ ကင်းစင်သန့်ရှင်းသော ဝိညာဉ်သည် သေပြီးနောက် မည်သည့် အခြေအနေတွင် နေထိုင်၍ လှုပ်ရှားသနည်း။

၄။ ထိုသို့သော ဝိညာဉ်၏ အပေါင်းအဖော်များသည် မည်သူတို့ ဖြစ်မည်နည်း။

၅။ ထိုသို့သော ဝိညာဉ်သည် ထာဝရဘုရားရှင်၏ အလင်းတော်ရဘုရားရှင်များ၊ ထိုဘုရားရှင်၏ ရွေးချယ်ခံရသူများနှင့် နှီးနှောစကားပြောဆိုနိုင်ပါမည်လား။

၆။ ကျွန်ုပ်တို့၏ ကမ္ဘာမြေဆိုင်ရာ အသက်ရှင်သန်မှုသည် မည်သို့ ပြီးဆုံး၍ မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို သိပါသလား။

၇။ ကျွန်ုပ်တို့အတွက် ရည်ရွယ်ထားသော ထာဝရအသက်တာကို ရရှိရန် မည်သည်ကို ယခု လုပ်နိုင်ပါသနည်း။

## အခန်း (၁၉)

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရှင်းပြထားသည်မှာ–

**"ဤသဘာဝခန္ဓာကိုယ်ကို စွန့်ခွါပြီးနောက် အမြဲအစဉ် ဆက်လက် ရှင်သန်သည့် လူ့အသက်ဓာတ်သည် တည်ရှိနေသည့် အရာအားလုံးကဲ့သို့ပင် ၎င်းသည် သေချာပေါက် တိုးတက်နိုင်စွမ်းရှိသည်ဖြစ်ရာ အကြင်သူတစ်ဦးသည် ကွယ်လွန်သွားသူတစ်ဦးအတွက် ဆက်လက်တိုးတက်စေရန်၊ ခွင့်လွှတ်မှုရရှိရန် သို့မဟုတ် ထွတ်မြတ်သော ပေးသနားမှုများ၊ ပေးကမ်းမစမှုများနှင့် ဆုကျေးဇူးတို့ကို လက်ခံရရှိသူအဖြစ် လုပ်ပေးပါရန် ဆုတောင်းပတ္ထနာ ပြုပေးနိုင်သည်။ သို့ဖြစ်သောကြောင့် ဘဟာအွလ္လာဘုရားရှင်၏ ဆုတောင်းပတ္ထနာများ ထဲတွင် နောက်ကမ္ဘာသို့ တက်လှမ်းသွားသူများအတွက် ခွင့်လွှတ်ခြင်းနှင့် အပြစ်လွှတ်ခြင်း တို့ကို ထာဝရဘုရားရှင်ထံ တိုးလျှိုးတောင်းခံထားသည်။ ထို့ပြင် လူတို့သည် ဤကမ္ဘာတွင် ဘုရားသခင်ကို လိုအပ်သည့်အတိုင်း နောက်ကမ္ဘာတွင် သူတို့သည် ထိုဘုရားရှင်ကို လိုအပ်ကြသည်။ သတ္တဝါအပေါင်းသည် အမြဲလိုအပ်လျက်ရှိပြီး ထာဝရဘုရားရှင်သည် ဤကမ္ဘာတွင်ဖြစ်စေ သို့မဟုတ် နောက်ကမ္ဘာတွင်ဖြစ်စေ ၎င်းတို့မှ အမြဲအစဉ် လုံးလုံး အမှီအခို ကင်းတော်မူပေ၏။"**[၂၆]

ကျွန်ုပ်တို့သည် ကွယ်လွန်သွားသည် ဝိညာဉ်များအတွက် အဘယ့်ကြောင့် ဆုတောင်းပတ္ထနာ ပြုပေးသင့်ပါသနည်း။

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

# အခန်း (၂၀)

အဖွဲ့ဒွလ်ဘဟာအရှင်မြတ်က ရေးသားထားသည်မှာ–

"လူ့ဝိညာဉ်သည် ဤခဏပန်းဖြစ်သော ဖုန်မှုန့်ပုံမှ ထွက်ခွါပျံတက်၍ ဘုရားရှင်၏ ကမ္ဘာထဲ မြင့်တက်သွားသည့်အခါ ထို့နောက်တွင် အကာအကွယ်တို့သည်ကွယ်ပျောက်၍ အမှန်တရား တို့သည် ပေါ်လွင်လာပြီးလျှင် ယခင်က မသိရှိသေးသော အချင်းအရာအားလုံးသည် ရှင်းရှင်း လင်းလင်းရှိလာပြီး ဖုံးကွယ်နေသော အမှန်တရားတို့ကို နားလည်လိမ့်မည်။

"အမိဝမ်းတွင်း ကမ္ဘာထဲတွင် လူတစ်ဦးသည် မည်သို့ နားလည်းမကြားခဲ့၊ မျက်လုံးလည်း မမြင်ခဲ့ဘဲ လျှာမှာ ဆွံ့အသည်ကို စဉ်းစားကြည့်ကြကုန်။ သူသည် သိမြင်ခံစားမှု မှန်သမျှမှ မည်သို့ လုံးလုံး ကင်းမဲ့ခဲ့သည်ကို စဉ်းစားကြည့်ကြကုန်။ သို့ရာတွင် အမှောင်ကမ္ဘာထဲမှ ထွက်လာပြီး ဤအလင်းကမ္ဘာထဲသို့ ရောက်လာသည့်အခါ ထို့နောက်တွင် သူ၏ မျက်လုံးသည် မြင်လာ၍ သူ့နားသည် ကြားရပြီး သူ့ လျှာက စကားပြောခဲ့သည်။ ထိုနည်း အတိုင်းပင် သူသည် ဤသေမျိုးဖြစ်သော နေရာမှ ဘုရားရှင်၏ နိုင်ငံတော်ထဲသို့ အလျင်ထွက်ခွါသည့်အခါ ထို့နောက်တွင် သူသည် အသက်ဓာတ်အားဖြင့် (တဖန်)မွေးဖွား ပေလိမ့်မည်။ ထိုအခါ သူ၏ သိမြင်ခံစားသည့် မျက်လုံးသည် ပွင့်လာ၍ သူ့ဝိညာဉ်၏ နားသည် ကြားရပြီး ယခင်က မသိရှိခဲ့သော အမှန်တရားအားလုံးသည် ထင်သာမြင်သာရှိ၍ ရှင်းလင်းလာပေလိမ့်မည်။"[၂၇]

၁ ။ အောက်ပါ ကွက်လပ်များကို ဖြည့်ပါ။

(က) လူ့ဝိညာဉ်သည် ဤကမ္ဘာလောကကို ခွဲခွါသောအခါ ထို့နောက်တွင်–

- အကာအကွယ်တို့သည် ____________________
- အမှန်တရားတို့သည် ____________________
- ယခင်က မသိရှိသေးသော အချင်းအရာအားလုံးသည် ____________________ ____________________
- ဖုံးကွယ်နေသော အမှန်တရားတို့ကို ____________________ ။

(ခ) ____________________ ကမ္ဘာထဲတွင် ကျွန်ုပ်တို့သည် နားလည်း ________________ ၊ မျက်လုံးလည်း ____________________ လျှာမှာ ____________________ သည်။

(ဂ) ထို့နောက် ဤကမ္ဘာတွင် မွေးဖွားလာသည့်အခါ ကျွန်ုပ်တို့၏ မျက်လုံးသည် ———— ——————– ကျွန်ုပ်တို့၏ နားသည် —————————– ကျွန်ုပ်တို့၏ လျှာသည် —— ——————————။

(ဃ) ထိုနည်းအတိုင်းပင် ကျွန်ုပ်တို့သည် ဘုရားရှင်၏ နိုင်ငံတော်သို့ သွားသည့်အခါ ကျွန်ုပ်တို့သည် ______________________ အားဖြင့် (တဖန်) ________________ _________ ။

(င) ထိုအခါ ကျွန်ုပ်တို့၏ __________________ မျက်လုံးသည် __________________ ကျွန်ုပ်တို့ ______________ ၏ _________ သည် _________________ ယခင်က မသိရှိခဲ့သော ________________________ သည် ______________________ _________________________ ။

၂။ အောက်ပါ ဖော်ပြချက်များက မှန်သလားဆိုသည်ကို ဆုံးဖြတ်ပါ။

______ ကျွန်ုပ်တို့သည် အမိဝမ်းတွင်း ကမ္ဘာထဲ၌ ဤကမ္ဘာအကြောင်းကို သိသည်။

______ သေပြီးနောက် ကျွန်ုပ်တို့၏ အခြေအနေသည် ဤဘဝတွင် မိမိတို့အတွက် ဖုံးကွယ်နေသည့် အမှန်တရားဖြစ်သည်။

______ လုံးလုံး အသစ်ဖြစ်သော မိုးကုပ်စက်ဝိုင်းများ (နယ်ပယ်များ)မှာ သေပြီးနောက် ကျွန်ုပ်တို့ရှေ့တွင် ဖွင့်ပြလိမ့်မည်။

______ ကျွန်ုပ်တို့ သေဆုံးသည့်အခါ တဖန် ပြန်၍ မွေးဖွားရန် ဤကမ္ဘာသို့ ပြန်လာမည်။

# အခန်း (၂၁)

ဘဟာအွလ္လာဘုရားရှင်က ဖော်ပြထားသည်မှာ–

**“ယခု သင်၏ မေးမြန်းချက်ဖြစ်သော လူ့ဝိညာဉ်များသည် ခန္ဓာကိုယ်မှ ခွဲခွါသွားပြီးနောက် တစ်ဦးနှင့်တစ်ဦး ဆက်လက် မှတ်မိသိရှိပါသလားဆိုသည့် မေးခွန်းနှင့်ဆိုင်ပေ၏။ အသင် သိရှိထားလော့– ကြက်သွေးရောင် လှေဖောင်ထဲတွင် ဝင်ရောက်ကြ၍ နေထိုင်သူများ ဖြစ်သည့် ဘဟာအရှင့် လူများ၏ ဝိညာဉ်တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်၍ တရင်းတနှီး နှီးနှောပြောဆိုကြကုန်ပြီး သူတို့၏ ရှင်သန်မှုများတွင်လည်းကောင်း သူတို့၏ ပြင်းပြသည့်ဆန္ဒများတွင်လည်းကောင်း သူတို့၏ ရည်မှန်းချက်များနှင့် အားထုတ်ကြိုးပမ်းမှု များတွင်လည်းကောင်း ဝိညာဉ်တစ်ခုတည်း အလားပင် နီးနီးကပ်ကပ် ဆက်ဆံကြလိမ့်မည်။ သူတို့သည်ကား ကောင်းစွာ သိရှိထားသူများ၊ ထက်ထက်သန်သန် ရှုမြင်တတ်သူများ နားလည်မှုဖြင့် ချပေးထားသူများ ဖြစ်ကြကုန်၏။ အလုံးစုံတို့ကို သိကျွမ်းတော်မူသောအရှင်၊**

အသိဉာဏ်ပညာအပေါင်းဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်က ဤသို့ပင် အမိန့်ချမှတ်ခဲ့ပေသည်။

“ထာဝရဘုရားရှင်၏ ကယ်တင်ခြင်း လှေဖောင်တွင် အတူစီးကြသူများ ဖြစ်သည့် ဘဟာအရှင်၏ လူအပေါင်းတို့သည် တစ်ဦးမကျန် ခပ်သိမ်းကုန်က အချင်းချင်း၏ အဆင့်အခြေနှင့် အခြေအနေတို့ကို ကောင်းစွာ သတိထားမိပြီး ရင်းနှီးကျွမ်းဝင်မှုနှင့် အပေါင်းအဖော်စိတ်ဟူသည့် နှောင်ကြိုးတို့ဖြင့် စည်းလုံးကြကုန်၏။ သို့သော် ထိုသို့သော အဆင့်အခြေသည် သူတို့၏ ယုံကြည်မှုနှင့် အနေအထိုင်အပေါ်တွင် မူတည်ရမည်။ အဆင့်နှင့် အဆင့်အခြေ တူသူတို့သည် အချင်းချင်း၏ စွမ်းရည်၊ ကိုယ်ကျင့်တရား၊ အောင်မြင်မှုနှင့် ကောင်းကျိုးများကို အပြည့်အဝ သတိထားမိကြသည်။ သို့သော်လည်း ပို၍ နိမ့်သော အဆင့်တွင် ရှိသူတို့သည် သူတို့ထက် မြင့်သူတို့၏ အဆင့်အခြေကို အလုံအလောက် နားလည်နိုင်စွမ်း မရှိပေ သို့မဟုတ် ၎င်းတို့၏ ကောင်းကျိုးများကို ခန့်မှန်းနိုင်စွမ်း မရှိပေ။ တစ်ဦးစီတို့က သင်၏ အရှင်သခင်ထံမှ သူ၏ ဝေစုကို ရရှိပေလိမ့်မည်။ သူ့ဝိညာဉ်က ခပ်သိမ်းကုန်တို့ကို အချုပ်အခြာ စိုးပိုင်တော်မူသော အရှင်သခင်၊ တန်ခိုးစွမ်းအား အကြီးမားဆုံး ဖြစ်တော်မူသော အရှင်၊ အမြဲအစဉ် ခွင့်လွှတ်တော်မူသော အရှင်၊ သနားကရုဏာတော်အပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင်၊ ထာဝရဘုရားရှင်ထံ ပျံသန်းရောက်ရှိသည်အထိ ထာဝရဘုရားရှင်ဘက်သို့ သူ၏ မျက်နှာကို လှည့်ထား၍ ထိုဘုရားရှင်၏ ချစ်ခြင်းမေတ္တာတွင် မြဲမြဲမြံမြံ လျှောက်လှမ်းခဲ့သူကား မင်္ဂလာရှိလှပေစွ။”[၂၈]

၁ ။ ဤကမ္ဘာတွင် ကျွန်ုပ်တို့ သိရှိခဲ့သူများကို နောက်ကမ္ဘာတွင် မှတ်မိပါမည်လား။

______________________________________________

၂ ။ နောက်ကမ္ဘာတွင် ဝိညာဉ်များအကြား ဆက်သွယ်မှုမှာ မည်မျှ ရင်းနှီးမည်နည်း။

______________________________________________

______________________________________________

၃ ။ နောက်ကမ္ဘာတွင် ဝိညာဉ်များအကြား ခြားနားမှုများနှင့် ထူးခြားမှုများမှာ မည်သည့်အရာပေါ်တွင် မူတည်မည်နည်း။

______________________________________________

______________________________________________

______________________________________________

၄ ။ မည်သူမဆို ထာဝရဘုရားရှင်၏ ဆုကျေးဇူးကို လက်လွှတ်ပါမည်လား။

______________________________________________

# အခန်း (၂၂)

ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့ကို တိုက်တွန်းဩဝါဒ ပေးထားသည်မှာ-

**"အို - ငါဘုရားရှင်၏ အမှုတော်ထမ်းများ၊ ဤနေ့ရက်များနှင့် ကမ္ဘာလောကတွင် ထာဝရဘုရားရှင်က အကြောင်းအရာများကို သင်တို့၏ အလိုဆန္ဒများနှင့် ဆန့်ကျင်လျက် ချပေး၍ ပေါ်ပေါက်စေပါမူ ပူဆွေးဝမ်းမနည်းလေနှင့်။ အကြောင်းမှာမူ သန္တိသုခပြည့်စုံသည့် ပျော်ရွှင်ဘွယ်နေ့ရက်များ၊ ကောင်းကင်ဘုံဆိုင်ရာ ရွှင်လန်းဝမ်းမြောက်သည့် နေ့ရက်များမှာ ကေန်အမှန် သင်တို့အတွက် အသင့်ရှိနေသောကြောင့်ပင်တည်း။ သန့်ရှင်းမြင့်မြတ်၍ ဝိညာဏဆိုင်ရာ ဘုန်းအသရေတင့်သည် ကမ္ဘာများကိုလည်း အသင်တို့၏ စက္ခုအာရုံများကို ဖွင့်ပြပေလိမ့်မည်။ ဤကမ္ဘာနှင့် နောက်ကမ္ဘာတိုင် ယင်းတို့၏ အကျိုးကျေးဇူးများကို ဝေစုဝေပုံရရှိရန်၊ ယင်းတို့၏ သုခချမ်းသာကို ခွဲဝေယူရန်နှင့် ယင်းတို့၏ အဆက်မပြတ်သော ဆုကျေးဇူး၏ ဝေစုကို ရရှိရန် ထိုဘုရားရှင်က အသင်တို့အတွက် ရည်ရွယ်ထားပေ၏။ အသင်တို့သည် ထိုအချင်းအရာတစ်ခုစီနှင့် အသီးသီးကို ရရှိမည်မှာ သံသယမရှိလေနှင့်။"[၂၆]**

၁။ အောက်ပါတို့အနက်မှ မည်သည်တို့က မှန်သည်ကို ဆုံးဖြတ်ပါ။

_______ အကြောင်းအရာများက ကျွန်ုပ်တို့ ဖြစ်ချင်သည့်အတိုင်း ဖြစ်မလာသည့်အခါ ပူဆွေးဝမ်းနည်းသင့်သည်။

_______ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ထာဝရဘုရားရှင်က ချပေးထားသည်။

_______ သန္တိသုခဖြင့် ပြည့်စုံသည့် နေ့ရက်များမှာ ကျွန်ုပ်တို့အားလုံးကို စောင့်ကြို နေသည်။

_______ မြင့်မြတ်၍ ဝိညာဏဖြင့် အသရေတင့်သော ကမ္ဘာများကို ကျွန်ုပ်တို့ မြင်တွေ့ရမှာ သေချာသည်။

_______ ဤအသက်တာနှင့် နောက်အသက်တာ ထိုနှစ်ခုစလုံးတွင် မြင့်မြတ်၍ ဝိညာဏဖြင့် အသရေတင့်သော ကမ္ဘာများ၏ ဆုကျေးဇူးများကို ဝေစုယူရန်မှာ ကျွန်ုပ်တို့၏ ခရီးဆုံးပန်းတိုင် ဖြစ်သည်။

၂။ အကြောင်းအရာများက မိမိတို့ ဆန္ဒများနှင့် ဆန့်ကျင်၍ ဖြစ်လာပါက အဘယ့်ကြောင့် ပူဆွေးဝမ်းမနည်းသင့်သနည်း။

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

၃ ။ ဤစာပိုဒ်တွင် ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အား မည်သည်ကို အာမခံထားပါသနည်း။

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

## အခန်း (၂၃)

ဤအပိုင်းတွင် သင်တို့သည် လူ့အသက်တာ၏ အဓိပ္ပါယ်ကို စဉ်းစားသုံးသပ်ခဲ့သည်။ ဝိညာဉ်၏ သဘောသဘာဝ၊ ဤကမ္ဘာတွင် အသက်ရှင်ခြင်း၏ ရည်ရွယ်ချက်၊ ဝိညာဏ အရည်အသွေးများဖွံ့ဖြိုးရန် အရေးပါပုံနှင့် ကျွန်ုပ်တို့ကိုပေးထားသည့် အစဉ်တည်မြဲသော အသက်ရှင်သန်မှုနှင့်ဆိုင်သည့် ကတိကဝတ်တို့ကို သင်ယူခဲ့ရသည်။ ဤစာအုပ်၏ ဒုတိယပိုင်းတွင် ကျွန်ုပ်တို့ကိုယ်တိုင်၏ ဝိညာဏဆိုင်ရာနှင့် အသိဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်နှင့် လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲရေးကို ဆောင်ရွက်ပေးရန်ဆိုသည့် စာရိတ္တရည်ရွယ်ချက်နှစ်မျိုး အကြောင်းကို ပြောခဲ့သည်။ ဤနေရာတွင် ထိုအနှစ်သာရဆီသို့ ပြန်သွား၍ ဝိညာဉ်၏ တိုးတက်မှုနှင့်ပတ်သက်၍ သင်တို့ ရရှိခဲ့သည့် ထိုးထွင်းအမြင်များအားဖြင့် ဤရည်ရွယ်ချက်၏ အစိတ်အပိုင်းနှစ်ခုစလုံးကို ဖြည့်ဆည်းရသည့် ထူးခြားမှုကို စဉ်းစားရန်မှာ အခွင့်အလမ်းကောင်းဖြစ်သည်။ အောက်ပါ အကြောင်းအရာများကို သင့်အဖွဲ့အတွင်း ဆွေးနွေးခြင်းမှ နေ၍ သင်တို့၏ စဉ်းစားသုံးသပ်ချက် များမှာ အကျိုးဖြစ်ထွန်းနိုင်သည်။

*၁ ။ ဝိညာဏဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေး*

*၂ ။ ဘုရားရှင်၏ ဥပဒေသများကို လိုက်နာရေး*

*၃ ။ လူ့မျိုးနွယ် ကောင်းစားရေးအတွက် ဆောင်ရွက်ရေး*

*၄ ။ အမှုထမ်းလမ်းကြောင်းပေါ် တိုးတက်လျှောက်လှမ်းရေး*

## REFERENCE


1. From a talk given on 10 November 1911, published in *Paris Talks: Addresses Given by ‘Abdu’l-Bahá in 1911* (Wilmette: Bahá’í Publishing, 2006, 2016 printing), no. 29.12–13, p. 109.
2. From a letter dated 1 April 1946 written on behalf of Shoghi Effendi, published in *Lights of Guidance: A Bahá’í Reference File* (New Delhi: Bahá’í Publishing Trust, 1988, 2010 printing), no. 1820, p. 537.
3. From a letter dated 28 July 2016 written on behalf of the Universal House of Justice.
4. ‘Abdu’l-Bahá, in *Some Answered Questions* (Wilmette: Bahá’í Publishing, 2014, 2016 printing), no. 66.3, pp. 352–53.
5. Ibid., no. 38.5, p. 220.
6. From a talk given by ‘Abdu’l-Bahá on 9 November 1911, published in *Paris Talks*, no. 28.16, p. 104.
7. From a letter dated 31 December 1937 written on behalf of Shoghi Effendi, published in *Lights of Guidance*, no. 680, p. 204.
8. *Gleanings from the Writings of Bahá’u’lláh* (Wilmette: Bahá’í Publishing Trust, 1983, 2017 printing), LXXXII, par. 8, p. 183.
9. ‘Abdu’l-Bahá, in *Some Answered Questions*, no. 61.1–2, p. 334.
10. *Gleanings from the Writings of Bahá’u’lláh*, LXXX, par. 2, p. 174.
11. Ibid., LXXXI, par. 1, p. 176.
12. Ibid., CLXV, par. 1–3, pp. 391–92.
13. Bahá’u’lláh, *The Hidden Words* (Wilmette: Bahá’í Publishing Trust, 2003, 2012 printing), Arabic no. 32, p. 11.
14. From a talk given on 6 July 1912, published in *The Promulgation of Universal Peace: Talks Delivered by ‘Abdu’l-Bahá during His Visit to the United States and Canada in 1912* (Wilmette: Bahá’í Publishing, 2012), pp. 315–16. (authorized translation)
15. *Gleanings from the Writings of Bahá’u’lláh*, V, par. 4, p. 8.
16. Ibid., LXXXII, par. 1, pp. 179–80.
17. Ibid., CLIII, par. 6, pp. 370–71.
18. Ibid., XXVII, par. 2, pp. 72–73.
19. Ibid., XXVII, par. 3, p. 73.
Life and Death – 53
20. Ibid., XXI, par. 1, pp. 54–55.
21. Ibid., LXXXI, par. 1, p. 177.
22. Ibid., CXXII, par. 1, pp. 293–94.
23. Ibid., LXXXII, par. 7, p. 182.
24. Ibid., LXXXI, par. 1, pp. 176–77.
25. Ibid., CXXV, par. 3, pp. 300–1.
26. ‘Abdu’l-Bahá, in *Some Answered Questions*, no. 62.3, pp. 340–41.
27. *Selections from the Writings of ‘Abdu’l-Bahá* (Wilmette: Bahá’í Publishing, 2010, 2015 printing), no. 149.3–4, pp. 246–47.
28. *Gleanings from the Writings of Bahá’u’lláh*, LXXXVI, par. 1–2, pp. 192–93.
29. Ibid., CLIII, par. 9, p. 373.